# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914


Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် ၂၀၁၅ ခုနှစ်၊ မေ ၃၀ ရက်၊ ကြာသပတေးနေ့ အတွဲ [၅၄]၊ အမှတ် [၂၀၇]


ဒါနဉ္စ ဧတံမင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း
လှူဒါန်းခြင်းသည်
မြတ်သောမင်္ဂလာ မည်၏။

# မြန်မာနိုင်ငံ၏ ငါးသယံဇာတထိန်းသိမ်းမှုကို အထောက်အကူဖြစ်စေမည့် နော်ဝေငါးသုတေသနသင်္ဘော



မြန်မာနိုင်ငံသို့ ၂၀၁၃ခုနှစ်က Dr.Fridtjof Nansen ငါးဖမ်းသင်္ဘောရောက်ရှိ သုတေသနပြုလုပ်ခဲ့စဉ်။


သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်


**ရန်ကုန် မေ ၂၉**

မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတများ တည်ရှိမှုကို သုတေသနပြုလုပ်ရန် မေ ၂၇ ရက်က ရောက်ရှိနေသော နော်ဝေနိုင်ငံမှ ငါးသုတေသနသင်္ဘော Dr.Fridtjof Nansen ၏ သုတေသနရလဒ်များသည် မြန်မာနိုင်ငံ၏ ငါးသယံဇာတထိန်းသိမ်းမှုကို အထောက်အကူ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်ချုပ် ဦးဟန်ထွန်းက ပြောကြားသည်။

အဆိုပါ နော်ဝေငါးသုတေသနသင်္ဘောသည် ၁၉၇၉ ခုနှစ် နိုဝင်ဘာလနှင့်ဒီဇင်ဘာလ (မိုးလွန်ကာလ) တွင် မြန်မာနိုင်ငံသို့ ပထမဦးဆုံးရောက်ရှိ သုတေသနပြုလုပ်ခဲ့ပြီးနောက် ၁၉၈၀ပြည့်နှစ် မတ်လနှင့် မေ (မိုးကြိုကာလ)တို့တွင် ပြန်လည်ရောက်ရှိကာ မြန်မာနိုင်ငံ၏ ငါးသယံဇာတ သုတေသနလုပ်ငန်းများကို မိုးကြိုမိုးနှောင်းကာလနှစ်ခုပေါင်းစပ်ကာ တစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယင်းပြုလုပ်ခဲ့စဉ်က ရေပေါ်ငါးသယံဇာတ တန်ချိန်တစ်သန်းရှိခဲ့ပြီး ရေအောက်ငါးသယံဇာတ တန်ချိန် ၇၅၀၀၀ စုစုပေါင်း

စာမျက်နှာ ၇ ကော်လံ ၅ ✳

## စင်ကာပူကုမ္ပဏီက မြင်းခြံခရိုင်၌ အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မည်

**နေပြည်တော် မေ ၂၉**

စင်ကာပူအခြေစိုက် Sembcorp Industries ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော Sembcorp ဓာတ်အားဝန်ဆောင်မှုလုပ်ငန်းသည် မြန်မာနိုင်ငံ၌ ၂၂၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းထံမှ ကန်ထရိုက်ရရှိခဲ့ကြောင်း Power Technology.com တွင် ရေးသားဖော်ပြထားသည်။

Sembcorp က အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံမည့် ယင်းစီမံကိန်းကို မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် အကောင်အထည်ဖော်မည်ဖြစ်သည်။ Sembcorp သည် စီမံကိန်း ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးအတွက် သဘောတူညီမှုစာချွန်လွှာ (MoA) တစ်ခုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လက်မှတ်ရေးထိုးသွားမည်ဖြစ်ပြီး ၈၀ ရာခိုင်နှုန်းထက်မနည်းသော စီမံကိန်းရှယ်ယာများကိုလည်း ပိုင်ဆိုင်မည်ဖြစ်သည်။ Sembcorp Industries အုပ်စုဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် တန်ကင်ဖေက စီမံကိန်းသစ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လျှပ်စစ်ဓာတ်အားရရှိရေးကြိုးပမ်းမှုများအတွက် ပြီးပြည့်စုံသည့် ယုံကြည်စိတ်ချရသော ဓာတ်အားရင်းမြစ်တစ်ရပ် ထောက်ပံ့ပေးမည်ဟု ပြောကြားသည်။

စီမံကိန်းနှင့်ပတ်သက်သော ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ်တွင် ပြီးစီးရန်

စာမျက်နှာ ၁၁ ကော်လံ ၅ ❐

## ပထမအကြိမ် မြန်မာ့လက်မှုအနုပညာလက်ရာများ ပြသမည်

စာမျက်နှာ » ၃

## အမေရိကန်ဥပဒေပြုသူများက သတင်းအချက်အလက်များ ရယူနေသော သူလျှိုအေဂျင်စီများကို အဆုံးသတ်ရန် ဥပဒေပြဋ္ဌာန်းတော့မည်

စာမျက်နှာ » ၄




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တစ်ခုတည်းသောအာဆီယံအသိုက်အဝန်း

အာဆီယံဒေသသည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့် မတူညီသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ရှိစေကာမူ ဒေသတွင်း လုံခြုံရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်း ပိုမိုစည်းလုံးညီညွတ်သော အသိုက်အဝန်းဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိပါသည်။ တစ်နည်းအားဖြင့် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်း တည်ထောင်ရေးရည်မှန်းချက်မှာ ယခုနှစ်ကုန်တွင် အထမြောက်တော့မည်ဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်သည် အာဆီယံ၏ သမိုင်းတွင် မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်တော့မည်ဖြစ်ပါသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဧပြီ ၂၇ ရက်က (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပခဲ့ပါသည်။ ဤအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယခုနှစ် အာဆီယံ ဥက္ကဋ္ဌ၏ ဆောင်ပုဒ်ဖြစ်သည့် **Our People, Our Vision, Our Community** သည် အာဆီယံ အသိုက်အဝန်းထူထောင်မှုနှင့် ပြည်သူများကို အခြေပြုသည့် အာဆီယံအသိုက်အဝန်းပေါ်ပေါက်မှုအတွက် နှီးဆော်မှုတစ်ရပ်ဖြစ်ပြီး အာဆီယံဥက္ကဋ္ဌ၏မူရှစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် မိမိတို့အနေဖြင့် အပြည့်အဝ ထောက်ခံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းသည် အာဆီယံအတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်လာတော့မည်ဖြစ်ပါကြောင်း၊ မိမိတို့ အာဆီယံအသိုက်အဝန်းကို ပိုမိုခိုင်မာ ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့ပါသည်။

အထူးသဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ပေါ်ပေါက်လာမှုနှင့်အတူ ကုန်သွယ်မှုအပေါ် အဟန့်အတားများကို ဖယ်ရှားနိုင်မည်ဖြစ်သည့်အတွက် သွင်းကုန်အပေါ် စည်းကြပ်ကောက်ခံသည့် အခွန်လျှော့ချခြင်းထက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အာဆီယံဒေသတွင်း နိုင်ငံများအားလုံး လွတ်လပ်စွာ အပြိုင်အဆိုင် ရောင်းဝယ်ဖောက်ကားလာနိုင်တော့မည်ဖြစ်၍ အာဆီယံပြည်သူအားလုံး ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲလာနိုင်မည်ဖြစ်ပါသည်။ ဤသို့ အာဆီယံဒေသတွင်းနိုင်ငံများအားလုံး တန်းတူအကျိုးခံစားခွင့်များ ရှိလာသည်နှင့်အမျှ တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းထူထောင်ရေး ရည်မှန်းချက်သည်လည်း ပိုမိုလျင်မြန်စွာ အောင်မြင်မှုများ ရရှိလာမည်ဖြစ်ပါသည်။

အာဆီယံဒေသသည် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး အလုပ်သမားအင်အားကို ပိုင်ဆိုင်ထားပြီး ယင်းတို့ထဲတွင် ငယ်ရွယ်ထက်မြက်၍ အရည်အချင်းမြင့်မားသည့် လူဦးရေသည် သန်း ၆၀၀ ကျော်ရှိလာပြီဖြစ်ပါသည်။ အလယ်အလတ်လူတန်းစားများပြားလာခြင်းကြောင့် အာဆီယံဒေသသည် အကောင်းဆုံးရင်းနှီးမြှုပ်နှံရာ နေရာတစ်ခုလည်းဖြစ်လာတော့မည်ဖြစ်ပါသည်။

သို့ပါ၍ မိမိတို့မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းထူထောင်မှုအတွင်း လိုက်ပါကာ အခွင့်အရေးနှင့် အခွင့်အလမ်းများရရှိအောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

# ဥတ္တရခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ IDEA အဖွဲ့ဝင်များ လာရောက်လေ့လာ



**နေပြည်တော် ဧပြီ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီက အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ (International IDEA) အဖွဲ့ဝင်များ လာရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းနှင့် တာဝန်ရှိသူများဦးဆောင်၍ ပြင်သစ်နိုင်ငံမှ အကြီးတန်းအကြံပေးအရာရှိ Ms. Carine Jaquet၊ စီမံကိန်းမန်နေဂျာ Mr.Gregory၊ ဩစတြီးယားနိုင်ငံမှ နည်းပညာပိုင်းဆိုင်ရာ မန်နေဂျာ Mr.Petrer Wolf အား နေပြည်တော် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ထက်ကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဇော်၊ ဒက္ခိဏခရိုင်နှင့် ဥတ္တရရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် IDEA အဖွဲ့ဝင်များက ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည့် အကြောင်းအရာများအား မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး IDEA အဖွဲ့ဝင်များမှ လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၀၆)

# ပေါက်ကုန်းရပ်ကွက် အမှိုက်ပုံ၊ အမှိုက်သိမ်းကား မျှော်နေရ

**ရန်ကုန် ဧပြီ ၂၉**


ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် အပိုင် (၄)၊ (၅)၊ (၆)၊ (၇)ရှိ အမှိုက်ပုံများသည် ပေါက်ကုန်းရပ်ကွက်၏ အဓိကလမ်းမကြီးဖြစ်သည့် ဂျိုးဖြူပိုက်လုံးဘေး ဂျိုးဖြူလမ်းမပေါ်တွင် ထားရှိရာ တစ်ရပ်ကွက်လုံး အမှိုက်များလာရောက် စွန့်ပစ်ကြသည်။ အမှိုက်ကားမလာသည်မှာ ကြာပြီဖြစ်၍ ခြောက်ပေအကျယ် လမ်းမသည် အမှိုက်များ မြင်မကောင်းအောင် ပြည့်နှက်နေပြီး လူသွားလမ်း သုံးပေခန့်သာ ကျန်ရှိပြီး အမှိုက်ပုံများ အနံ့ဆိုးများက နှစ် ၁၀၀ ခန့် သက်တမ်းရှိသော ဂျိုးဖြူပိုက်လုံးကြီးကို ပျက်စီးသွားအောင် ခြိမ်းခြောက်လျက်ရှိသည်။

ထို့အတူ လမ်းသွားသူများနှင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်များအတွက် မီးဘေးအန္တရာယ်နှင့် ကျန်းမာရေး ထိခိုက်နေမည်ကို စိုးရိမ်နေရသည်။

"၂၀၁၃-၂၀၁၄ ခုနှစ်တုန်းကတော့ အမှိုက်ကား မှန်မှန်လာပြီး အဲဒီနောက်ပိုင်းနှင့် ယခုအချိန်ထိတော့ အမှိုက်ကားမလာလို့ ကျွန်တော်တို့လည်း မီးရှို့လို့လည်း မဖြစ်တော့ ဒီအတိုင်း ကြည့်နေရတယ်" ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောပြသည်။

**မျိုးသန့် (အင်းစိန်)**

## ထင်သာမြင်သာပြုပြင်စရာ






# ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းကျန်းမာရေး မြှင့်တင်ခြင်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

**ကနီ ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မြို့နယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးမြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၈ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ သံဃာဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ Save The Children မှ တာဝန်ရှိသူတစ်ဦးက ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာခြင်းဆိုင်ရာ သန့်ရှင်းမှုလုပ်ငန်းများကို ကနီမြို့နယ်နှင့် ထိစပ်လျက်ရှိသောကျေးရွာများတွင် စီမံချက်ဆောင်ရွက်ရေးအတွက် ကျေးရွာများ ရွေးချယ်သတ်မှတ်ရာတွင် ကနီမြို့နယ်တွင် ကျေးရွာအုပ်စု ၁၀ အုပ်စုရှိကျေးရွာပေါင်း ၄၀ ကိုကျန်းမာရေးနှင့် ညီညွတ်သော အိမ်သာများနှင့် ရေရရှိရေးအတွက် ၉၀ ရာခိုင်နှုန်းထက်ပိုသော တိုးတက်မှုရှိလာစေရန် ရည်ရွယ်၍ ကျေးရွာတစ်ဝန်းလုံးနှင့် သက်ဆိုင်ရာ ချဉ်းကပ်မှုကိုလက်ခံကျင့်သုံးမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောမြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဌာနမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက မြို့နယ်အတွင်းရှိ ကျေးရွာများထိတိုင်အောင် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**သန်းဌေးအောင် (ကနီ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း၂၉-၄-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၉၃၀၀ |

### စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၉၁၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၉၃-၁၀၉၅ |
| ဥရောပ | တစ်ယူရို | ၁၁၆၂-၁၁၇၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၉၆-၈၀၀ |
| ထိုင်း | တစ်ဘတ် | ၃၀.၂၅-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၅-၁၇ |
| တရုတ် | တစ်ယွမ် | ၁၇၁-၁၇၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀-၂၉၆ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၇၅၀၀-၁၈၀၀၀ |
| ပေါက်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၃၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၁၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၀၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၅၀-၁၅၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၀၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၂၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၅၀-၃၁၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၈၀၀-၆၈၀၀ |
| သကြား | တစ်ပိဿာ | ၁၀၀၀-၁၀၁၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဧပြီ ၂၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာလာရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယန်ဟို့လန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။ **(ယာပုံ)**

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစိုးသာ၊ သူရဦးအေးမြင့်၊ ဦးသိန်းဇော်၊ ဦးတီခွန်မြတ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဧပြီ ၂၉**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဧပြီ ၂၄ ရက်မှ ၂၈ ရက် အထိ ကျင်းပသည့် ASEAN People's Forum အစည်းအဝေးနှင့် ASEAN-AIPA အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့ည ၆ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

# မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၂၉**

မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၉ ရက်တွင် နေပြည်တော်ရှိ The Lake Garden ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးအား မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော် ဦးဆောင်ပြီး ဩစတြေးလျနိုင်ငံဘက်မှ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာဌာန၊ ပထမလက်ထောက်အတွင်းဝန် မစ္စတာ ခရက်ချစ်တစ် ဦးဆောင်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ နှစ်ဖက်အပြန်အလှန်အကျိုးရှိမည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်က မစ္စတာ ခရက်ချစ်တစ်နှင့် ကိုယ်စားလှယ်အဖွဲ့အား The Lake Garden ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**




# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

၂၀၁၅ ခုနှစ် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား (၇-၅-၂၀၁၅)ရက်နေ့မှ (၁၃-၅-၂၀၁၅) ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| စဉ် | အမည် | ရာထူး | ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
| --- | --- | --- | --- | --- |
| ၁။ | ဦးထွန်းထွန်းနိုင် | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော် | ၀၆၇-၄၀၇၃၄၂ ၀၉-၈၆၀၁၅၇၂ |
| ၂။ | ဒေါ်ချယ်ရီမာမန်း | ညွှန်ကြားရေးမှူး | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော် | ၀၆၇-၄၀၇၁၅၃ ၀၉-၄၂၈၁၃၇၇၆၈ |
| ၃။ | ဒေါ်နွယ်နီဦး | ညွှန်ကြားရေးမှူး | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (မန္တလေး) | ၀၂-၈၆၆၆၂ ၀၉-၇၉၅၉၆၅၇၀၅ |

# ပထမအကြိမ် မြန်မာ့လက်မှုအနုပညာလက်ရာများပြသမည်

**ရန်ကုန် ဧပြီ ၂၉**

မြန်မာ့လက်မှု အနုပညာအသင်းက ကြီးမှူးကျင်းပသည့် ပထမအကြိမ်မြောက် မြန်မာ့လက်မှုအနုပညာလက်ရာများပြပွဲကို ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ မေ ၃၀ ရက်နှင့် ၃၁ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းက ထုတ်ပြန်ခဲ့သည်။ အဆိုပါ ခင်းကျင်းပြသမှုတွင် တစ်နိုင်ငံလုံးမှ လက်မှုပစ္စည်းများကို ပြသသွားမည့်အပြင် လက်မှုလုပ်ငန်းတချို့၏ အဆင့်ဆင့်လုပ်ဆောင်မှုများကိုပါ ပညာရှင်များက ပြသမည့်အစီအစဉ်များ၊ အသေးစားနှင့် အလတ်စား လက်မှုလုပ်ငန်းဆောင်ရွက်နေသူ လုပ်ငန်းရှင်များ၏ လက်မှုနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

"အခုပြပွဲကို စီစဉ်ဖြစ်တာက လက်မှုသမားတွေကို စုစည်းချင်တယ်။ ပြီးတော့ အဆင့်မြင့်လက်ရာတွေ ဖန်တီးပြီး အာဆီယံကတစ်ဆင့် ဥရောပဈေးကွက်အထိ ပျံ့နှံ့သွားဖို့ ရည်မှန်းချက်ကြောင့်ပါ။ ပြပွဲမှာ နိုင်ငံခြားသံရုံးတွေကိုပါ ဖိတ်ထားတယ်။ ပြပွဲမှာ လက်မှုလုပ်ငန်းအသင်းဝင်ပုံစံတွေထားရှိပြီး အသင်းဝင်နိုင်ပါတယ်။ အသင်းကြေးအနေနဲ့ သီးခြားကောက်ခံခြင်းမရှိပါဘူး" ဟု မြန်မာ့လက်မှုအနုပညာ အသင်းဥက္ကဋ္ဌ ဦးသာစုက ပြောကြားသည်။

ပြပွဲတွင် မြေ၊ သစ်သား၊ ကြေး၊ ငွေ၊ ကျောက်၊ ကနုကမာ၊ ကြိမ်၊ ဝါး၊ ရုပ်သေး၊ ပန်းပု၊ ကျောက်စီပန်းချီစသည့် လက်လုပ်ပစ္စည်းအနုပညာလက်ရာများအပြင် အထည်များပါ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မှန်းဦးနဒီ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဝေးလံခေါင်သီသော ဒေသများသို့ ကယ်ဆယ်ရေးများ စတင်ရောက်ရှိ



**ခတ္တမန္ဒူ ဧပြီ ၂၉**

စနေနေ့က ငလျင်ဒဏ်ခံရသော နီပေါနိုင်ငံ၏ ဝေးလံခေါင်သီသော ဒေသများသို့ အကူအညီပေးရေး အဖွဲ့များ ရောက်ရှိခဲ့သော်လည်း ဒေသအများစုတွင် အစားအစာနှင့်ရေကို အထူးတလည် လိုအပ်နေသေးကြောင်း သိရသည်။

ခတ္တမန္ဒူဒေသအတွင်း အကူအညီပေးရေး ကြိုးစားလုပ်ဆောင်ခဲ့သော်လည်း Dhading နှင့် Gorkha ဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့်အကူအညီပေးနိုင်ရန် လိုသေးကြောင်း ကုလသမဂ္ဂက ဆိုသည်။

မြေငလျင်ကြောင့် စိတ်ထိခိုက်ခံစားကြရကြောင်းနှင့် ကယ်ဆယ်ရေးများလုပ်ဆောင်ခဲ့ရာတွင် အခက်အခဲ စိန်ခေါ်မှုများရှိကြောင်း တာဝန်ရှိသူများက ပြောသည်။ အတတ်နိုင်ဆုံးကြိုးစားလုပ် ဆောင်ကြသော်လည်း ဝေးလံခေါင်သီသော မြေနေရာ ဒေသများတွင် သွားလာရေး ခက်ခဲမှုကြောင့် ကယ်ဆယ်ကူညီရန် မတတ်နိုင်သေးကြောင်း နီပေါစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဆိုသည်။

Gorkha ခရိုင်မှ ရွာသူရွာသားများသည် ကယ်ဆယ်ရေးလေယာဉ်များ လာရောက်ကူညီရန် အပူတပြင်း တောင်းဆိုနေကြသည်။

ငလျင်လှုပ်ပြီးကတည်းက ၄င်းတို့တွင် စားစရာပြတ်တောက်နေပြီး မည်သည့်အရာမျှ မကျန်ရစ်ခဲ့ကြောင်း ဒေသခံတစ်ဦးက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောသည်။ ခိုကိုးရာမဲ့နေကြသော နီပေါလူမျိုးများသည် ယာယီရွက်ဖျင်တဲများဖြင့် နေကြရသည်မှာ လေးညရှိခဲ့ပြီဖြစ်သည်။

မကြုံစဖူးသော ဒုက္ခဆိုးကြီးဖြစ်သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အားနည်းချက်များ ရှိနေခြင်းဖြစ်ကြောင်းကိုလည်း ဆက်သွယ်ရေးဝန်ကြီးက ပြောသည်။

နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအသင်းအဖွဲ့က အုတ်ကျိုးအုတ်ပဲ့များကြားမှ ၁၄ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ကုလသမဂ္ဂ ဖော်ပြချက်တွင် ပါရှိသည်။

**(ဘီဘီစီ)**

# စွမ်းအင်ပြဿနာကို အလုပ်ချိန် လျှော့ချခြင်းဖြင့် ဗင်နီဇွဲလား ဖြေရှင်းမည်

**ကာရာကတ်စ် ဧပြီ ၂၉**

ဗင်နီဇွဲလား၌ စွမ်းအင်ထိန်းသိမ်းရန်အတွက် လုပ်သားပြည်သူများ၏ အလုပ်ချိန်ကို ရှစ်နာရီမှ ကိုးနာရီအောက်လျှော့၍ ငါးနာရီခွဲထိ လျှော့ချသွားမည်ဟုဆိုသည်။

ရာသီဥတုဆိုးဆိုးရွားရွားပူလောင်မှုကြောင့် စွမ်းအင်မလုံလောက်မှုများဖြစ်ပေါ်လာရကြောင်း ဒုတိယသမ္မတ ဂျော့အရီယာဇာက ပြောသည်။ လေအေးပေးစက်တပ်ဆင်၍ စွမ်းအင်အသုံးပြုခြင်းကို ချွေတာသည့်အနေဖြင့် အလုပ်သမားများသည် ၇ နာရီခွဲမှ ၁နာရီအထိသာ အလုပ်လုပ်ရမည်ဟု ၄င်းက ပြောသည်။ နိုင်ငံတစ်ဝန်းတွင် တနင်္လာနေ့က လျှပ်စစ်မီးမရခဲ့ကြောင်း ဒေသမီဒီယာများက တနင်္လာနေ့က ပြောခဲ့သည်။

ပင်မလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဆက်ထားသော ဓာတ်အားလိုင်းကွန်ရက် အသုံးပြုမှုကိုလျှော့ချရန် ကိုယ်ပိုင် မီးအားပေးစက်ကို အသုံးပြုရန် ပုဂ္ဂလိကကုမ္ပဏီများကို တိုက်တွန်းသွားမည်ဟု မစ္စတာ ဂျော့အရီယာဇာက ဆိုသည်။

ရေနံအကြီးအကျယ်ထုတ်လုပ်သည့် ဗင်နီဇွဲလားတွင် မီးမကြာခဏ ပျက်လေ့ရှိပြီး ရေအားလျှပ်စစ်ကိုသာ အထူးတလည် အားထားနေရသည်။

ဗင်နီဇွဲလားသည် ရေနံဈေးကျဆင်းမှုကြောင့် စီးပွားရေးအကျပ်အတည်းနှင့်ရင်ဆိုင်နေရပြီး ပြည်ပတင်ပို့မှုမှရရှိသော ဘဏ္ဍာငွေ၏ ၉၆ ရာခိုင်နှုန်းသည် ရေနံမှ ရရှိခြင်းဖြစ်သည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း မြင့်တက်နေပြီး ၂၀၁၄ ခုနှစ်က ၆၀ ရာခိုင်နှုန်းရှိခဲ့သည်။

**(ဘီဘီစီ)**

# ဘိုကိုဟာရမ်တို့ ပြန်ပေးဆွဲရာ တောအုပ်ကြီးအတွင်းမှ နိုင်ဂျီးရီးယား အမျိုးသမီး ၃၀၀ နီးပါးအား ကယ်တင်နိုင်

**လေဂို့စ် ဧပြီ ၂၉**

ဘိုကိုဟာရမ် စစ်သွေးကြွအုပ်စုနေထိုင်ရာဒေသ ဆမ်ဘီဆာတောအုပ်ကြီးအတွင်းမှ မိန်းကလေး ၂၀၀ နှင့် အမျိုးသမီး ၉၃ ဦးတို့အား ကယ်တင်နိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များက ပြောသည်။

အဆိုပါ မိန်းကလေးများသည် ၂၀၁၄ ခုနှစ် ဧပြီလက ချီဘော့ကျောင်းတစ်ကျောင်းမှ ပြန်ပေးဆွဲသွားသော မိန်းကလေးများမဟုတ် ဟု ဆိုသည်။

အဆိုပါ မိန်းကလေးများနှင့် အမျိုးသမီးများသည် ဆမ်ဘီဆာတောအုပ်အတွင်းရှိ ဘိုကိုဟာရမ်စခန်းလေးခုကို သိမ်းပိုက်စဉ် ထွက်ပြေးလွတ်မြောက် လာခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားစစ်ဘက်က ပြောသည်။ ယခုအခါ အဆိုပါ အမျိုးသမီးများအား တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကပြောသည်။ နောက်ဆုံးပြုလုပ်ခဲ့သည့် စခန်းသိမ်းတိုက်ပွဲများအတွင်း လက်နက်များပါ သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဘက်က ပြောသည်။

မကြာသေးသည့်လများက နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များသည် ဘိုကိုဟာရမ်တို့ ထိန်းချုပ်ထားသော နယ်မြေများကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း လေဂို့စ်မြို့မှ သတင်းထောက်များက ပြောသည်။ စစ်ဆင်ရေးပြုလုပ်နိုင်မှုကြောင့် ဖမ်းဆီးထားရသော ဓားစာခံအများစု ပြန်လည် လွတ်မြောက်ခဲ့ကြောင်း ဗိုလ်ချုပ်ကြီး ခရစ်အိုလူကိုမာဒီက ပြောသည်။

**(ဘီဘီစီ)**



# ညမထွက်ရအမိန့်ထုတ်ပြန်ပြီးနောက် ဘာလ်တီးမိုးတွင် ငြိမ်သက်လာ

**ဘာလ်တီးမိုး ဧပြီ ၂၉**

ဒေသရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီးနောက် လူမည်းအမျိုးသားတစ်ဦး သေဆုံးခဲ့ရမှုအပေါ် အမျက်ဒေါသထွက်ကာ ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွားခဲ့ရာ နေရာများတစ်ဝိုက်တွင် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ကိရိယာများ တပ်ဆင်ထားသော ရဲတပ်ဖွဲ့များကို ချထားလိုက်ပြီးနောက် ဘာလ်တီးမိုးမြို့၏ အခြေအနေမှာ ငြိမ်သက်စပြုသွားခဲ့ပြီဖြစ်သည်။

ဧပြီ ၂၇ ရက်တွင် လုယက်သူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားကာ အိမ်များနှင့်ကားများ မီးရှို့ခံရပြီးနောက် ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့ရာ ဧပြီ ၂၈ ရက်ညပိုင်းသည် အကြမ်းဖက်ဆူပူမှုများ ငြိမ်သက်သောည ဖြစ်သွားခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က အသက် ၂၅နှစ်အရွယ် လူမည်းအမျိုးသား ဖရက်ဒီဂရေးကို ဖမ်းဆီးမှုနှင့် ပတ်သက်နေသည့် ရဲတပ်ဖွဲ့ဝင် ခြောက်ဦးအပေါ် ဥပဒေနှင့်အညီ အရေးယူစေလိုကြောင်း ဒေသခံများက ပြောကြားလျက်ရှိပြီး လွန်ခဲ့သည့် နှစ်ရက်က မီးတင်ရှို့ခံခဲ့ရသော စီဗွီအက်စ်ဆေးဆိုင်တည်ရှိရာ အနောက်ဘာလ်တီးမိုး ရပ်ကွက်အနီးတွင် မီးခိုးအနံ့များ လေထုထဲ ပျံ့နှံ့လျက်ရှိသည်။

**(ရိုက်တာ)**

# မူးယစ်မှောင်ခိုနှစ်ဦးအား ကွပ်မျက်မှု ဩစတြေးလျသံအမတ်ကြီးအား ပြန်၍ခေါ်ယူ

**ဆစ်ဒနီ ဧပြီ ၂၉**

ဩစတြေးလျနိုင်ငံသား နှစ်ဦးအား မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် ကွပ်မျက်လိုက်ပြီးနောက် ဩစတြေးလျနိုင်ငံက ၄င်း၏သံအမတ်ကြီးကို အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ခေါ်ယူလိုက်သည်။

အင်ဒရူးချန်းနှင့် မိုင်ရူဇုန်ဆူကုမာရန်တို့အပါအဝင် အခြားနိုင်ငံများမှ ရှစ်ဦးကို ဗုဒ္ဓဟူးနေ့ည သန်းခေါင်ယံအချိန်က နူဆာကမ်ဘန်ဂမ်ကျွန်းစု အကျဉ်းစခန်း၌ ကွပ်မျက်လိုက်ခြင်းဖြစ်သည်။

ဘရာဇီးအစိုးရကလည်း အဆိုပါ ကွပ်မျက်မှုတွင် ၄င်း၏နိုင်ငံသား တစ်ဦးပါဝင်၍ အလွန်အမင်း စိတ်မကောင်းဖြစ်ရကြောင်း ထုတ်ဖော်ပြောကြားသည်။ သို့သော်လည်း ဖိလစ်ပိုင် အမျိုးသမီးတစ်ဦးအား ကွပ်မျက်ခြင်းကို နောက်ဆုံးအချိန်အထိ ဆိုင်းငံ့ထားနိုင်ခဲ့သည်။

မာရီဂျိမ်း ဖိစတာဗယ်လိုဆိုအား ကွပ်မျက်ခြင်းကို ဆိုင်းငံ့ထားရန် မနီလာအစိုးရက အင်ဒိုနီးရှားသို့ မေတ္တာရပ်ခံခဲ့သဖြင့် ကွပ်မျက်ခြင်းကို ဆိုင်းငံ့ထားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဥပဒေအရ မူးယစ်ဆေးဝါးမှောင်ခိုမှု တရားခံများအား ကွပ်မျက်ခြင်း ဖြစ်သည်ဟု ဆိုသည်။ သို့သော်လည်း ဩစတြေးလျနိုင်ငံက ၄င်းနိုင်ငံသားများအားကွပ်မျက်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံအပေါ် ဒေါသထွက်လျက်ရှိ သည်။

**(ရိုက်တာ)**

# အမေရိကန်ဥပဒေပြုလွှတ်တော်အမတ်က သတင်းအချက်အလက်များ ရယူနေသော သူလျှိုအေဂျင်စီများကို အဆုံးသတ်ရန် ဥပဒေပြဌာန်းတော့မည်

**နယူးယောက် ဧပြီ ၂၉**

သူလျှိုထောက်လှမ်းရေးအေဂျင်စီများကအမေရိကန် ပြည်သူများထံမှ တယ်လီဖုန်းအချက်အလက် ရယူထားမှုကို အဆုံးသတ်ရန် အမေရိကန် ဥပဒေပြုလွှတ်တော် အမတ်များက ဥပဒေပြဌာန်းမှု အစီအစဉ်တစ်ခုကို အင်္ဂါနေ့က စတင်ခဲ့သည်။ ဇွန် ၁ ရက်က သက်တမ်းကုန်ဆုံးခဲ့သည့် ယခင်ဥပဒေပြုမှု အစီအစဉ်အပေါ် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုများကို ရင်ဆိုင်ကျော်လွှားရန် အဆိုပါ လွှတ်တော်အမတ်များက ပြင်ဆင်ခဲ့သည်။

ရီပက်ပလီကန် အမတ်ဘော့ဘ်ဂွတ်ဒ်လက်တ်တီနှင့် ဂျင်ဆန်ဆန်ဘရန်နာနှင့် ဒီမိုကရက်မှ ဂျွန်ကွန်ယာနှင့် ဂျယ်ရီနက်ဒ်လာတို့သည် ယခင်အမျိုးသားလုံခြုံရေးအေဂျင်စီကန်ထရိုက်တာ အက်ဝက်ဒ်စနိုးဒန်က လွန်ခဲ့သောနှစ်နှစ်က လူသိရှင်ကြားဖော်ပြခဲ့သော ဥပဒေပြုမှုအစီအစဉ်ကို တင်းကျပ်စွာ ထိန်းချုပ်ရန် လွှတ်တော်တွင် အမေရိကန်လွှတ်လပ်ခွင့်အက်ဥပဒေကို စတင်ပြဌာန်းခဲ့သည်။ ဒီမိုကရက်မှ ပက်ထရစ်လီဟေနှင့် ရီပက်ပလီကန်မှ ပိုက်လီတို့ကလည်း အမေရိကန်လွှတ်တော်တွင် အလားတူဥပဒေပြုမှု အစီအစဉ်ကို စတင် ပြဌာန်းခဲ့သည်။

အဆိုပါဥပဒေကြမ်းသည် အမေရိကန်ပြည်သူများ၏ တယ်လီဖုန်း သတင်းအချက်အလက် သိမ်းဆည်းခြင်းကို အမေရိကန် မျိုးချစ် အက်ဥပဒေပုဒ်မ ၂၁၅ အရ တားမြစ်ကာကွယ်မည်ဖြစ်သည်။ ၄င်းအပြင် ထောက်လှမ်းရေး ကိစ္စများ၌လည်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ပါတိုးမြင့်မည် ဖြစ်သည်။

ယင်းမူကြမ်းများကို ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ဆိုင်ရာ အုပ်စုများက ထောက်ပံ့ပေးထားပြီး ၄င်းစုံစမ်းထောက်လှမ်းခြင်းများသည် လွှတ်တော်နှင့် အိမ်ဖြူတော်တို့၏ အတိုက်အခံများအဖြစ် ဆက်လက်ရပ်တည်နေလိမ့်မည်ဖြစ်သည်။

ဒီမိုကရက်တစ်ပါတီမှ အနိုင်ရလာသူ အမေရိကန်သမ္မတ အိုဘားမားနှင့် အခြားရီပက်ပလီကန် အမတ်များနှင့် ဒီမိုကရက်တစ်အမတ်များသည် အဆိုပါသတင်းအချက်အလက်များကို အမျိုးသားလုံခြုံရေးတစ်ခုအဖြစ် ပြန်လည်သိမ်းဆည်းလိုသည်။

**(ရိုက်တာ)**

# အာဆီယံဆေးတပ်ဖွဲ့ များအနေဖြင့် ဆေးပညာအမြင်ချင်းဖလှယ်၍ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အကျိုးရှိမည်

**နေပြည်တော် ဧပြီ ၂၉**

တပ်မတော်ဆိုသည်မှာ ပြည်သူကြားမှ ပေါက်ဖွားလာပြီး တိုင်းပြည်ကို ကာကွယ်ရန်၊ ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ တပ်မတော်ဆေးတပ်ဖွဲ့များသည် ပြည်သူလူထုနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံမှု အရှိဆုံးအဖွဲ့အစည်းဖြစ်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ (၅)ကြိမ်မြောက် အာဆီယံဆေးတပ်ဖွဲ့အကြီးအကဲများ စုံညီအစည်းအဝေး (5th ASEAN Chiefs of Military Medicine Conference-5th ACMMC)သို့ တက်ရောက်ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဆေးတပ်ဖွဲ့ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဆေးတပ်ဖွဲ့အကြီးအကဲများဖြစ်ကြသော ဘရူနိုင်းနိုင်ငံမှ Col. Awang Mohd Hafizul Bin Awg Mohd Hassan၊ ကမ္ဘောဒီးယားနိုင်ငံမှ Brig. Gen. SAO. SIDONA၊ အင်ဒိုနီးရှားနိုင်ငံမှ Maj. Gen. Daniel Tjen၊ လာအိုနိုင်ငံမှ Lt. Col Khamphai Phansily၊ မလေးရှားနိုင်ငံမှ Lt. Gen. Datuk (Dr) Hj Abd Razak bin Md Yusoff၊ ဖိလစ်ပိုင်နိုင်ငံမှ Col. Joseph M Acosta၊ ထိုင်းနိုင်ငံမှ Air Vice Marshal Lerpong Tanakijaronpat နှင့် ဗီယက်နမ်နိုင်ငံမှ Maj. Gen. Vu Quoc Binh တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အာဆီယံသည် ဒေသတွင်းစည်းလုံးညီညွတ်ပြီး တောင့်တင်းခိုင်မာသည့် အသင်းကြီးဖြစ်ပါကြောင်း၊ လူဦးရေသန်း ၆၀၀ ကျော်ရှိပြီး စီးပွားရေးလည်း တောင့်တင်းခိုင်မာကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတကာမှ အာဆီယံ၏ စည်းလုံးမှုစွမ်းအားကို အလေးထားပါကြောင်း၊



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဆေးတပ်ဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (မြဝတီ)

သို့ဖြစ်၍ အာဆီယံနိုင်ငံများရှိ ပြည်သူများ ကျန်းမာရန်နှင့် ဉာဏ်ရည်ထက်မြက်ရန် လိုအပ်ပါကြောင်း။

ဆေးပညာရပ်များသည် အမြဲတိုးတက်ပြောင်းလဲနေ၍ အာဆီယံ ဆေးတပ်ဖွဲ့များအနေဖြင့် အတွေ့အကြုံချင်း ဆေးပညာအမြင်ချင်းဖလှယ်၍ ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် အာဆီယံနိုင်ငံများအတွက် ပိုမိုအကျိုးရှိပြီး အထောက်အကူပြု မည်ဖြစ်ကြောင်း၊ အာဆီယံဆေးတပ်ဖွဲ့ဝင်များအနေဖြင့် သဘာဝဘေး အန္တရာယ်နှင့်ကြုံတွေ့ရချိန်များတွင်လည်း ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ကြပါကြောင်း၊ ဆေးတပ်ဖွဲ့များအနေဖြင့် တပ်မတော်သားများ စွမ်းရည်မြင့်မားရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသကဲ့သို့ ပြည်သူလူထုကို ကျန်းမာရေးကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်း၊ အာဆီယံဆေးတပ်ဖွဲ့များသည် တပ်မတော်အတွက်သာမက ပြည်သူလူထုကလည်း အားကိုးအားထားပြုနိုင်သည့် ဆေးတပ်ဖွဲ့များဖြစ်ရေး ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံဆေးတပ်ဖွဲ့များမှ ကိုယ်စားလှယ်များ၏ ခေါင်းဆောင်ဖြစ်သူ မလေးရှားနိုင်ငံမှ Lt. Gen. Datuk (Dr)Hj Abd Razak bin Md Yusoff ၊ ဗီယက်နမ်နိုင်ငံမှ Maj. Gen. Vuquoc Binh နှင့် ဖိလစ်ပိုင်နိုင်ငံမှ Col. Joseph M Acosta တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး အာဆီယံဆေးတပ်ဖွဲ့အကြီးအကဲများ စုံညီအစည်းအဝေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကို တင်ပြကြသည်။

၂၀၁၀ ပြည့်နှစ် မတ်လတွင် ဗီယက်နမ်နိုင်ငံ ဟန္စိုင်းမြို့၌ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (7th ACDFIM) မှ သဘောတူညီချက်ဖြင့် အာဆီယံဆေးတပ်ဖွဲ့ အကြီးအကဲများ စုံညီအစည်းအဝေး (ASEAN Chiefs of Military Medicine Conference – ACMMC)ကို ဗီယက်နမ်နိုင်ငံ ဟန္စိုင်းမြို့၌ ၂၀၁၁ ခုနှစ်မှစတင်၍ ပထမအကြိမ် စတင်ကျင်းပခဲ့သည်။ (၅) ကြိမ်မြောက် အာဆီယံဆေးတပ်ဖွဲ့အကြီးအကဲများ စုံညီအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသကဲ့သို့ (၆) ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

# မြန်မာ-မလေးရှား တပ်မတော်နှစ်ရပ်အကြား နယ်ပယ်အသီးသီးတွင် ထိတွေ့ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၂၉**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော မလေးရှားတပ်မတော်ကြည်းတပ် ဦးစီးချုပ် General Tan Sri Raja Mohamed Affandi bin Raja Mohamed Noor အား ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ မလေးရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပရာ ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာပြီး ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။



**ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့ နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (မြဝတီ)

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် နှစ်နိုင်ငံတပ်မတော်များမှ အရာရှိကြီးများအား အပြန်အလှန်မိတ်ဆက်ပေးကြသည်။

၎င်းနောက် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်သည် ဇေယျာသီရိဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်လက်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မလေးရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ တက်ရောက်ကြပြီး မလေးရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့်အတူ မလေးရှားတပ်မတော်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူး Colonel Mohd Yasin Bin Usop တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ယခုကဲ့သို့ တပ်မတော်အရာရှိကြီးများ အပြန်အလှန်ချစ်ကြည်ရေး လည်ပတ်ခြင်းကြောင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ တပ်မတော်ဆေးတက္ကသိုလ်နှင့် မလေးရှားနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တို့ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရေး၊ အခြားသော တပ်မတော်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ အပြန်အလှန်ဆောင်ရွက်ရေးကိစ္စရပ်များ၊ အကြမ်းဖက်မှု ကာကွယ်တားဆီးနှိမ်နင်းနိုင်ရန် သတင်းအချက်အလက်များ၊ ပူးပေါင်းဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တပ်မတော်နှစ်ရပ်အကြား ရင်းနှီးမှုပိုမိုတိုးတက်ရန်အတွက် နယ်ပယ်အသီးသီးတွင် ထိတွေ့ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(မြဝတီ)**

❍ *ကျောဖုံးမှ*

ဒုတိယပိုင်းအစတွင် ဧရာဝတီအသင်း ကစားသမားအပြောင်းအလဲပြုလုပ်ခဲ့ပြီး ၆၃ မိနစ်တွင် ချစ်စမ်းမောင်အထုတ်ခံခဲ့ရ၍ တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ၆၉ မိနစ်တွင် ရစ္စတီက ပယ်နယ်တီမှတစ်ဆင့် ဧရာဝတီအတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း တစ်ယောက်အသာရနေသည့် လာအို FC မှ ခါဇူက ၇၃ မိနစ်တွင် တတိယဂိုးသွင်းယူပေးခဲ့သည်။

တစ်ယောက်လျော့တစ်ဂိုးရှုံးနေသည့် ဧရာဝတီအသင်းမှာ စိတ်ဓာတ်မကျဘဲ ပြန်ဖိကစားလာခဲ့ပြီး ၇၉ မိနစ်တွင် ရစ္စတီက ချေပဂိုးပြန်သွင်းခဲ့သည်။ သရေဖြစ်ပြီး နောက်ပိုင်းတွင် ဧရာဝတီအသင်း ကစားပုံပိုကောင်းလာပြီး ၈၅ မိနစ်တွင် ဖွန်ဆီကာက အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ အုပ်စု (H) တွင် တစ်ပွဲကစားရန် ကျန်သေးသော်လည်း ဘန်ဒေါင်း (အင်ဒိုနီးရှား) က ၁၁ မှတ်၊ ဧရာဝတီအသင်းက ကိုးမှတ်တို့ရရှိကာ ရှုံးထွက်အဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

# ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ထားရာ ဗုဒ္ဓဂယာ



သက်မွန်ဦး(မြန်မာ့အလင်း)

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက သတ္တသတ္တာဟခုနစ်ဌာနအပါအဝင် သံဝေဇနိယ လေးဌာနတို့မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အတွက် တန်ဖိုးမဖြတ်နိုင်သည့် အထင်ကရအထောက်အထားများတည်ရှိရာ နေရာများဖြစ်သည်။

ယခုအခါ အိန္ဒိယနိုင်ငံနှင့်နီပေါနိုင်ငံရှိ မြတ်စွာဘုရားရှင်၏ သံဝေဇနိယလေးဌာနပုံစံတူ စေတီတော်အဆောက်အအုံများကို မြန်မာနိုင်ငံ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥဒယံသီကုန်းတော်မြတ်တွင် တည်ဆောက်ပြီးစီး၍ နေ့ထူးနေ့မြတ် ကဆုန်လပြည့်နေ့တွင် ခမ်းခမ်းနားနား ဖွင့်လှစ်ကြည်ညိုနိုင်ကြတော့မည်ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတွင် ညီတော်အာနန္ဒာအား“ ချစ်သား၊ ရတနာသုံးပါး၌ ကြည်ညိုသဒ္ဓါတရားရှိသော အမျိုးကောင်းသားတို့အတွက် သွားရောက်ဖူးမြော်သံဝေဂယူသင့်သော ဌာနလေးဌာနရှိကုန်၏။ နောင်အခါ သဒ္ဓါတရားရှိသော ရဟန်းယောက်ျားများ၊ ရဟန်းမိန်းမများ၊ ဥပါသကာ ဒါယကာ၊ ဥပါသိကာဒါယိကာမများသည် ဤလေးဌာနသို့ သွားလာရောက်ကုန်လတ္တံ့။ ချစ်သားအာနန္ဒာ အကြင်လူတို့သည် ဘုရားဖူးခရီးလှည့်လည်မှုကိုပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ကုန်၏။ ထိုလူအားလုံးတို့သည် ဤခန္ဓာကိုယ်ပျက်စီးသေလွန်ပြီးနောက် နတ်ရွာသုဂတိသို့ရောက်ကြကုန်လတ္တံ့” ဟု ဟောကြားတော်မူခဲ့သည်။

**သံဝေဇနိယ လေးဌာန**

ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာဖြစ်သော မြတ်စွာဘုရားရှင်၏ဘဝဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ရာ သံဝေဇနိယ လေးဌာနဆိုသည်မှာ ( ဖွား၊ ပွင့်၊ ဟော၊ စံ) ဆိုသည့်အတိုင်း မြတ်စွာဘုရားရှင်ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသော မဟာဗောဓိပလ္လင်တော်၊ ပဥ္စဝဂ္ဂီငါးဦးကို တရားဦးဓမ္မစကြာဟောတော်မူရာ ဣသိပတနမိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းဥယျာဉ်တော်တို့ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓ၏အထင်ကရနယ်မြေဖြစ်သော မဇ္ဈိမဒေသရှိ သံဝေဇနိယလေးဌာနကို သမိုင်းမှတ်တမ်းအဖြစ် နှစ်စဉ်နှစ်တိုင်းသွားရောက်ဖူးမြော်ကြည်ညိုလေ့ရှိကြသည်။ မြတ်စွာဘုရားရှင်၏ ဇာတိမြေဖြစ်သော နီပေါသို့ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်အဖြစ် တစ်ခေါက်တစ်ခါ သွားရောက်ဖူးမြော်လိုကြသည်မှာ ဗုဒ္ဓဘာသာဝင်တိုင်း၏ ပြင်းပြသော စိတ်ဆန္ဒတစ်ခုပင်ဖြစ်သည်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က သာသနာရေးဆိုင်ရာ အဓိကနေရာများဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့အတွက် တန်ဖိုးမဖြတ်နိုင်သည့် သက်သေအထောက်အထားအဖြစ် လေ့လာကြည်ညိုစရာနေရာဌာနမြတ်ကြီးလည်းဖြစ်သည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ အထွန်းကားဆုံးတိုင်းပြည်ဖြစ်သည့်အားလျော်စွာ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကိုယ်စားရည်မှန်းကာ ကိုးကွယ်ပူဇော်နိုင်ရန်အတွက် ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီတော်မြတ်တို့ကို တည်ထားကိုးကွယ်လေ့ရှိကြသည်။ ရှေးမင်းအဆက်ဆက်နှင့်ပြည်သူအပေါင်းက သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း၊ စေတီပုထိုးတော်များ တည်ထားပြီး ခေတ်အဆက်ဆက် ဗုဒ္ဓသာသနာကို ထွန်းကားပြန့်ပွားအောင် ပံ့ပိုးကူညီအားပေးဆောင်ရွက်ခဲ့ကြသည်။ သာသနာ့နွယ်ဝင် ရဟန်းသံဃာသားတော်များအနေဖြင့်လည်း ပရိယတ္တိ၊ ပရိပတ္တိ၊ တရားများပွားများအားထုတ်ကာ မြတ်စွာဘုရားရှင်၏ တရားဓမ္မများကို ပြန့်ပွားထင်ရှားအောင် ဆောင်ရွက်တော်မူခဲ့ကြသည်။

ယခုအခါ တစ်နိုင်ငံလုံးရှိ ဗုဒ္ဓဘာသာနိုင်ငံသားအားလုံးအတွက် ဖူးမြော်ကြည်ညိုခွင့်ရနိုင်စေရန် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟခုနစ်ဌာနတို့၏ပုံစံတော်တူကို မြန်မာနိုင်ငံ၏ မြို့တော်နေပြည်တော်ကောင်စီ ဥတ္တရသီရိမြို့နယ်တွင် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့က စတင်တည်ထားတော်မူခဲ့ပြီး ၂၀၁၃ခုနှစ် မေလ ၂၄ ရက်နေ့တွင် အောင်မြင်ပြီးမြောက်ခဲ့သည်။

**သတ္တသတ္တာဟခုနစ်ဌာနနှင့် ဘုရားဖြစ်စဉ်အကျဉ်း**

သတ္တ သတ္တာဟ ခုနစ်ဌာနဆိုသည်မှာ အပရာဇိတပလ္လင်တော်၊ အနိမိသစေတီတော်၊ ရတနာစင်္ကြံတော်၊ ရတနာ ရွှေအိမ်တော်၊ အဇပါလညောင်ပင်၊ မုစလိန္ဒာကျည်းပင်အိုင်နှင့်လင်းလွန်းပင်တို့ ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ဘီစီ ၆၂၃၊ မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်တော်မူပြီး သက်တော် ၂၉ နှစ်အရွယ်တွင် နိမိတ်ကြီးလေးပါးမြင်ကာ သံဝေဂရရှိပြီးနောက် တောထွက်တော်မူခဲ့သည်။ ဒုက္ကရစရိယာကို ခြောက်နှစ်ကြာကျင့်ခဲ့ပြီးနောက် မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါးလမ်းစဉ်ဖြင့် သစ္စာလေးပါးကို သိမြင်တော်မူပြီး အတုမရှိ ဗုဒ္ဓမြတ်စွာအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ မိဂဒါဝုန်တောတွင် ပဥ္စဝဂ္ဂီငါးဦးကို တရားဦးဓမ္မစကြာဟောတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်သည် ၄၅ဝါကာလပတ်လုံး လူ၊ နတ်၊ သတ္တဝါအပေါင်းတို့အား မနားမနေတရားဒေသနာများ ဟောဖော်ညွှန်ပြပြီး သက္ကရာဇ် ၁၄၈ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ သက်တော် (၈၀) အရွယ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကတ် သုံးပုံတရားတော်များ၏အနှစ်ချုပ်အနေဖြင့် “အပ္ပမာဒေနသမ္ပာဒေထ” ဟူ၍ နောက်ဆုံးဩဝါဒမြွက်ကြားတော်မူခဲ့သည်။

**ဖွား**

မြတ်စွာဘုရားရှင်ဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်သည် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်ကြား သက္ကတိုင်း (ယခုနီပေါ) နိုင်ငံအတွင်းတွင်တည်ရှိသည်။ နေပြည်တော်ရှိ သံဝေဇနိယဖွားတော်မူရာပုံစံတူကို ဥတ္တရသီရိမြို့နယ်၌ တည်ထားပူဇော်ခဲ့သည်။

**ပွင့်**

မြတ်စွာဘုရားရှင်ဘုရားအဖြစ်သို့ ရောက်တော်မူသည့် မဟာဗောဓိပလ္လင်တော်သည် မာဂဓတိုင်းသေနာနိဂုံး၊ နေရဉ္စရာမြစ်ရှိရာ ဥရုဝေလတော၊ အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်၊ ဂယာဒေသအတွင်းတည်ရှိသည်။

မြတ်စွာဘုရားရှင်သည် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူပြီး ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှ ၇ ရက်နေ့အထိ ခုနစ်ရက်ပတ်လုံး အပရာဇိတပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူလျက် အရဟတ္တဖိုလ်ချမ်းသာကိုခံစားတော်မူသည့် အထိမ်းအမှတ်မှာ ပထမသတ္တာဟဖြစ်သည်။ အပရာဇိတပလ္လင်တော်၏ အရှေ့မြောက်ထောင့်အရပ် ၈၄ လံအကွာတွင် ရပ်တော်မူ၍ သဗ္ဗညုတဉာဏ်ရတော်မူရာ ပလ္လင်တော်နှင့် မဟာဗောဓိပင်ကို မျက်လုံးတော်မမှိတ်ဘဲ မတ်တပ်ရပ်သီတင်းသုံး၍ကြည့်ရှုတော်မူသည့်နေရာသည် ဒုတိယသတ္တာဟဖြစ်သည်။ တတိယသတ္တာဟသည် လူ၊ နတ်၊ ဗြဟ္မာတို့၏ ဘုရားဖြစ်ခြင်းအပေါ် ယုံမှားသံသယဖြစ်ခြင်းကို ဘုရားရှင်သိတော်မူ၍ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီး အပရာဇိတပလ္လင်တော်နှင့် အနိမိသ သတ္တာဟအကြား နတ်ဗြဟ္မာတို့ဖန်ဆင်းထားသည့် အရှေ့အနောက်တောင်မြောက်အလျား ၆၀ ရှိသော ရတနာစင်္ကြံတော်တွင် လူးလာခေါက်တုံ့စင်္ကြံလျှောက်သည့် နေရာဖြစ်သည်။

မဟာဗောဓိပင်၏ အနောက်မြောက်အရပ်တွင် နတ်ဗြဟ္မာတို့ဖန်ဆင်းထားသည့် ရတနာရွှေအိမ်တော်တွင် ထက်ဝယ်ဖွဲ့ခွေစံနေတော်မူစဉ် ပဋ္ဌာန်းကျမ်းတော်ကြီး သုံးသပ်ဆင်ခြင်သည့်အခါ အသွေးအသားတော်များ ပိုမိုကြည်လင်လာပြီး ရောင်ခြည်တော်ခြောက်သွယ် ပေါ်ထွက် ကွန့်မြူးလာသည့်နေရာမှာ စတုတ္ထသတ္တာဟဖြစ်သည်။

မဟာဗောဓိပင်၏ အရှေ့ဘက်အရပ် ၃၂ လံ အလျားရှိသော အဇပါလညောင်ပင်ရင်းတွင် သီတင်းသုံးတော်မူသည့်အခါ ဟုံဟုက်ပုဏ္ဏားနှင့်မာရ်နတ်မင်း၏ သမီးတော်သုံးပါးကို တရားဟောခဲ့သည့်အထိမ်းအမှတ်မှာ ပဉ္စမသတ္တာဟဖြစ်သည်။ ဆဋ္ဌမသတ္တာဟမှာ ဗောဓိပင်၏ အရှေ့တောင်အရပ် ၅၁ လံခန့် အကွာတွင်ရှိသည့် မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်းတွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူစဉ် အချိန်အခါမဲ့မိုးကြီးရွာသဖြင့် မုစလိန္ဒာနဂါးမင်းက ဘုရားရှင်အား အခွေခုနစ်ထပ် ရစ်ပတ်ကာရံပြီး ဦးခေါင်းတော်ထက်၌ ပါးပြင်းဖြင့် ဖြန့်ကြက်အုပ်မိုးပေးသည့် မုစလိန္ဒသတ္တာဟဖြစ်သည်။

သတ္တမသတ္တာဟသည် ရာဇာယတန သတ္တာဟဖြစ်ပြီး မဟာဗောဓိပင်၏ တောင်ဘက်အရပ် အလံ ၄၀ အကွာတွင်ရှိသည့် လင်းလွန်းပင်ရင်းတွင် အရဟတ္တဖိုလ်ချမ်းသာကိုခံစားပြီး သီတင်းသုံးတော်မူသည့် အထိမ်းအမှတ်ဖြစ်သည်။

သတ္တသတ္တာဟခုနစ်နေရာ တည်ဆောက်ရာတွင် မဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟခုနစ်ဌာနတို့ကို ဗုဒ္ဓဂယာ၌တည်ရှိသည့် ပုံစံအတိုင်းထောင့်အရပ်တူ၊ အကွာအဝေးတူ၊ ပုံစံတူတည်ဆောက်ခြင်းဖြစ်ပြီး အလားတူစေတီတော်ကိုတည်ထားရာတွင် ပိဋကတ်တော် ကျမ်းဂန်လာအစဉ်အလာများဖြင့် တည်ထားခဲ့ခြင်းဖြစ်သည်။

အဆိုပါ သတ္တသတ္တာဟခုနစ်ဌာနကို တည်ထားကိုးကွယ်နိုင်ရန်အတွက် မြန်မာပညာရှင်များကို ဗုဒ္ဓဂယာသို့ သီးခြားစေလွှတ်၍ အသေးစိတ်အချက်အလက်များကို မှတ်သားစေခဲ့ပြီး မြန်မာမှုနှင့်လျော်ညီသည့် အနုစိတ်လက်ရာများအဖြစ် ပြောင်းလဲပူဇော်တည်ဆောက်ထားခြင်းဖြစ်သည်။

**ဟော**

ပဥ္စဝဂ္ဂီငါးဦးကို တရားဦးဓမ္မစကြာဟောတော်မူရာ ဣသိပတနမိဂဒါဝုန်တောသည် ကာသိတိုင်းဗာရာဏသီပြည် ဆာရာနတ်ပြည်နယ်တွင်တည်ရှိသည်။ တရားရတနာနှင့်သံဃာရတနာ စတင်ပေါ်ထွန်းရာ မိဂဒါဝုန်ဌာနရှိ ဓမ္မရာဇိကစေတီနေရာသည် ဓမ္မစကြာသုတ်တော်ဟောကြားတော်မူသည့် နေရာဖြစ်သည်။ ဓမ္မေခစေတီတော်ကြီးသည် ဗုဒ္ဓဓမ္မမော်ကွန်းစေတီတော်ကြီးဖြစ်ပြီး အနတ္တလက္ခဏသုတ်တော်ဟောကြားရာဌာန၊ အရိမေတ္တယျဘုရားအလောင်းတော်အား ဗျာဒိတ်ပေးရာနေရာလည်း ဖြစ်သည်။

သံဝေဇနိယပုံစံတူ ဓမ္မရာဇိကစေတီတော်တည်ဆောက်ရာတွင်မူရင်းစေတီတော်၏ အုတ်ချပ်အရွယ်အစားအတိုင်း ပြုလုပ်တည်ဆောက်ထားသည်ကို တွေ့ရသည်။ ဓမ္မေခစေတီတော်ကို တည်ဆောက်ရာတွင် အိန္ဒိယနိုင်ငံရှိ စေတီတော်ကို အပိတ်တည်ဆောက်ထားသော်လည်း မြန်မာနိုင်ငံတွင်အတွင်း လိုဏ်ဂူဖြင့် ထည့်သွင်းတည်ဆောက်ထားပြီး လိုဏ်ဂူတော်အတွင်း၌ ပဥ္စဝဂ္ဂီငါးပါးနှင့် မြတ်စွာဘုရားရုပ်ပွားတော်တို့ကို စကျင်ကျောက်ဖြင့် ထုလုပ်ပူဇော်ထားသည်။

**စံ**

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ အင်ကြင်းဥယျာဉ်သည် မလ္လတိုင်း၊ ကုသိနာရုံပြည်၊ ပဒရောတ်နာမြို့တွင်တည်ရှိသည်။ သံဝေဇနိယလျောင်းတော်မူကျောင်းဆောင်နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူပုံ ရုပ်ပွားတော်ပုံစံတူကို နေပြည်တော်တွင်တည်ထားပြီး မူလပုံစံတော်မှာ ရွှံ့စေးဖြင့်သွန်းလုပ်ထားသော်လည်း မြန်မာနိုင်ငံတွင် စကျင်ကျောက်ဖြင့် သွန်းလုပ်ပူဇော်ထားပါသည်။ ပရိနိဗ္ဗာန်စေတီတော်ကိုလည်း မူရင်းစေတီတော်နှင့် အနီးစပ်ဆုံးတူအောင် ပူဇော်တည်ဆောက်ထားရှိသည်။

သံဝေဇနိယလေးဌာနတို့တွင် အသောကကျောက်စာတိုင်များကိုလည်း စိုက်ထူထားကြောင်း တွေ့ရသည်။ သံဝေဇနိယလေးဌာနတွင်ပါဝင်သည့် ပွင့်တော်မူရာ မဟာဗောဓိစေတီတော်မြတ်ကြီးနှင့် သတ္တသတ္တာဟခုနစ်ဌာနတို့ကို ပထမဦးစွာတည်ဆောက်ထားပြီး ကျန်ရှိနေသည့် ဖွားတော်မူရာ၊ တရားဦးဟောတော်မူရာနှင့် ပရိနိဗ္ဗာန်စံတော်မူရာနေရာတို့ကို ဆက်လက်တည်ဆောက်ပူဇော်ထားရာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ ကဆုန်လပြည့်နေ့တွင် အခမ်းအနားများဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

မြန်မာ့မြေပေါ်တွင် ဗုဒ္ဓနှင့်ဆက်စပ်သော သာသနိကအဆောက်အအုံများကို မြန်မာပြည်သူပြည်သားဗုဒ္ဓဘာသာဝင်များ အချိန်တိုအတွင်း ငွေကုန်ကြေးကျသက်သာစွာဖြင့် လွယ်လင့်တကူ ဖူးမြော်ကြည်ညိုနိုင်စေရန် မြတ်စွာဘုရားရှင်အဆူဆူတို့ ပွင့်တော်မူရာဌာနထူးဖြစ်သည့် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာပုံစံတူကို အများပြည်သူသံဝေဂယူ ကုသိုလ်ပွားများနိုင်စေရန် မြန်မာနိုင်ငံတွင် ဗုဒ္ဓ၏ထူးမြတ်ဌာန သံဝေဇနိယများ တည်ရှိနိုင်စေရန်နှင့် ဗုဒ္ဓသာသနာတော်ကြီးကို ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် ထွန်းကားပြန့်ပွားစေရန် နေပြည်တော်ရှိ ဥတ္တရသီရိမြို့နယ် ဥဒယံသီကုန်းတော်မြတ်တွင် ပုံစံတူလေးဌာနကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသူတို့အနေဖြင့် သေလွန်သောအခါ နတ်ရွာသုဂတိသို့ရောက်ရှိရန် သံဝေဇနိယလေးဌာနကို မရောက်မဖြစ်ဖူးမြော်ကြည်ညိုလေ့ရှိကြသည်။ ယခင်က ရေခြားမြေခြားသို့သွားရောက်ရန် အခက်အခဲရှိသူများအနေဖြင့် မိမိတို့ဒေသမှပင် စိတ်မှန်းဖြင့်ဖူးမြော်ခဲ့ကြရသော်လည်း ယခုအခါတွင် ကိုယ့်မြေကိုယ့်ရေ ကိုယ့်ဌာနတွင်ပင် ပုံစံတူစေတီပုထိုးများကို ဖူးမြော်ကြည်ညိုနိုင်သဖြင့် ရဟန်းရှင်လူပြည်သူများအတွက် လောကီလောကုတ္တရာ နှစ်ဖြာအကျိုးများ ရရှိနိုင်မည်ဖြစ်သည်။

ကဆုန်လပြည့်နေ့သည် မြတ်စွာဘုရားရှင် ဖွားတော်မူသောနေ့၊ ဘုရားအဖြစ် ရောက်ရှိတော်မူသည့်နေ့နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့များအဖြစ် ထူးကဲစွာဖြစ်တည်ခဲ့သော နေ့ထူး၊ နေ့မြတ်၊ နေ့မဟာဖြစ်ရာ ထို “ဗုဒ္ဓနေ့”တွင် မြန်မာ့မြေပေါ်၌ သံဝေဇနိယလေးဌာနကို ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာတို့၏ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှုနှင့် ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားပြန့်ပွားမှုကို ပုံဖော်နိုင်ခြင်းပင်ဖြစ်ပေသည်။ ။

# မြန်မာ-ပါကစ္စတန်နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဗိုလ်မှူးချုပ် မိုဟာမက်အာနပ်အူရ် ရာမာန် မာလစ်ခ်ဦးဆောင်သည့် ပါကစ္စတန်နိုင်ငံ အမျိုးသားကာကွယ်ရေးတက္ကသိုလ်၊ အမျိုးသားလုံခြုံရေးနှင့် စစ်ရေးသင်တန်းမှ သင်တန်းသား ၁၇ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံတကာဆက်ဆံရေးတိုးတက်မှုအခြေအနေများ၊ မြန်မာ-ပါကစ္စတန်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရုံးဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၂၉**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆိုပါရုံးခန်း၌ ကျင်းပရာ ကင်းထောက်မောင်မယ်များက "အစဉ်အသင့်"ကင်းထောက်သီချင်းဖြင့်ဘင်ခရာအဖွဲ့နှင့် တွဲဖက်ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံကင်းထောက်ကြီး နိုင်ငံတော်သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ယာယီကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် အမျိုးသမီးကင်းထောက်မင်းကြီး ဒေါ်တင်လှကြည်နှင့်တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေးတို့က မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံး အဆောက်အအုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ယနေ့သည် မြန်မာနိုင်ငံအတွက် သမိုင်းဝင်နေ့တစ်နေ့ဖြစ်ကြောင်း၊ ကင်းထောက်လူငယ်မောင်မယ်များအား ဤအဖွဲ့ချုပ်ရုံးကတစ်ဆင့် ပြန်လည်မွေးဖွားပေးရန်အတွက် အရှိန်အဟုန်မြင့်လှုပ်ရှားနိုင်အောင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံးကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်၏ အကြီးဆုံးအင်အားသည် လူငယ်များ၏ အားပင်ဖြစ်ကြောင်း၊ လူငယ်များက တိုင်းပြည်အတွက် တန်ဖိုးရှိလူငယ်များအဖြစ် မဖြစ်မနေ ရပ်တည်သွားကြရန် အထူးလိုအပ်ကြောင်း ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အထိ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းပေါင်း ၂၀၀ ကျော်တွင် ကင်းထောက်မောင်မယ်အင်အား ၃၇၀၀၀ ကျော်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံကင်းထောက်ကြီးများ ဒုတိယအကြိမ်တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၉**

မြန်မာနိုင်ငံ ကင်းထောက်ကြီးများ ဒုတိယအကြိမ်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ ကင်းထောက်လူငယ်မောင်မယ်များက "အစဉ်အသင့်" ကင်းထောက်သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ပြီး တက်ရောက်လာကြသူ ကင်းထောက်ကြီးများနှင့် ကင်းထောက်လူငယ်မောင်မယ်များက ကင်းထောက်ကတိသုံးပါးကို ရွတ်ဆို၍ ကတိပြုကြကာ အမျိုးသားကင်းထောက်ကြီးများနှင့် အမျိုးသမီးကင်းထောက်ကြီးများက ကင်းထောက်သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ဆက်လက်၍ ကင်းထောက်ကြီး ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ယာယီကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် အမျိုးသမီး ကင်းထောက်မင်းကြီး ဒေါ်တင်လှကြည်တို့က ကင်းထောက်အဖွဲ့လှုပ်ရှားမှု အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ကင်းထောက်ကြီးများနှင့် အလှူရှင်များက မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်သို့ကင်းထောက် အမှတ်တရပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး အသက်အကြီးဆုံးအမျိုးသားကင်းထောက်ကြီး ဦးဟင်နရီပန်းအောင်နှင့် အမျိုးသမီးကင်းထောက်ကြီး ဒေါ်ဘာဘရာဖေမောင်ဇင်တို့က ဝမ်းသာပီတိစကားပြောကြားကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

**(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၄င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ဌာန |
| --- | --- |
| (က) ဦးဇော်ဟိန်း<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အားကစားဝန်ကြီးဌာန |
| (ခ) ဦးရည်မွန်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | ဟိုတယ်နှင့်ခရီးသွားလာရေး<br>လုပ်ငန်းဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
| --- | --- |
| (က) ဦးခင်မောင်တင့် | ဦးဆောင်ညွှန်ကြားရေးမှူး<br>အထည်အလိပ်လုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ခ) ဦးသန့်စင် | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်<br>စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန |
| (ဂ) ဒေါ်နိုင်သက်ဦး | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

*** ရွှေဖုံးမှ**

မြန်မာနိုင်ငံ၏ ရေပေါ်/ရေအောက်ငါးသယံဇာတ တန်ချိန် ၁၇၅၀၀၀၀ ရှိသည်ဟု သုတေသနပြုလုပ်ရရှိခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြီးခဲ့သည့် တစ်နှစ်ကျော် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ နှစ်လတိတိ (မိုးလွန်ကာလ)တွင် မြန်မာနိုင်ငံ ငါးသယံဇာတကို သုတေသနပြုလုပ်ခဲ့ပြီး အဆိုပါရလဒ်နှင့် ယခုဧပြီ ၂၈ ရက်မှ ဇွန်၂၁ ရက်အထိ ရောက်ရှိပြုလုပ်နေသော သုတေသနရလဒ်နှစ်ခုကို ပေါင်းစပ်ကာ နှစ်ပေါင်း ၃၀ ကျော်အတွင်း မြန်မာနိုင်ငံ၏ ငါးသယံဇာတအခြေအနေကို သိရှိရမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် သုတေသနပြုလုပ်စဉ်က ရေပေါ်ငါးသယံဇာတ တန်ချိန် ၁၁၀၀၀၀၀နှင့် ရေအောက်ငါးသယံဇာတတန်ချိန် ၂၈၁၀၀၀ သာရရှိခဲ့၍ မြန်မာနိုင်ငံ၏ ရေပေါ်ငါးသယံဇာတသည် ၁၀ ရာခိုင်နှုန်းသာကျန်ရှိခဲ့ပြီး ရေအောက်သယံဇာတမှာ ၃၀ ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း သိရသည်။

"ခုကျွန်တော်တို့ မြန်မာနိုင်ငံကို ရောက်နေတဲ့ နော်ဝေနိုင်ငံရဲ့ ငါးသုတေသနသင်္ဘော Dr.Fridtjof Nansen ဟာ ခုရောက်တာ မြန်မာနိုင်ငံကို စတုတ္ထအကြိမ်လို့ပြောပေမယ့် သုတေသနပြုချက်နဲ့ကြည့်ရင်တော့ ဒုတိယအကြိမ်အဖြေရလဒ်ထွက်ဖို့လာပြီး သုတေသနပြုလုပ်တယ်လို့ ပြောရမှာပါ။ ဘာကြောင့်လဲဆိုတော့ မိုးကြိုနဲ့ မိုးလွန်အဲဒီအခြေအနေနှစ်ခုပေါင်းစပ်ပြီးမှ ငါးသယံဇာတရဲ့အဖြေက မှန်ကန်တဲ့ရလဒ်အဖြေရရှိမှာ ဖြစ်ပါတယ်။ ခုတစ်ခေါက်လာတာဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်(မိုးလွန်ကာလ) ကရတဲ့အဖြေနဲ့ပေါင်းစပ်ပြီးတော့မှ လက်ရှိမြန်မာနိုင်ငံရဲ့ ငါးသယံဇာတအခြေအနေမှန်ရရှိမှာဖြစ်ပါတယ်။ ခုရရှိလာမယ့် အဖြေရလဒ်ကိုမူတည်ပြီး မြန်မာနိုင်ငံရဲ့ ငါးသယံဇာတကို ဘယ်လိုထိန်းသိမ်းရင်ကောင်းမလဲ ပြန်လည်သုံးသပ်အဖြေထုတ်ရမှာပါ။ ဒါကြောင့် ခုသုတေသနပြုလုပ်ပြီး ရရှိလာမယ့် ရလဒ်က မြန်မာနိုင်ငံရဲ့ ငါးသယံဇာတထိန်းသိမ်းမှုကို အထောက်အကူဖြစ်လာမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။



ဦးဟန်ထွန်း
(အလုပ်အမှုဆောင်ချုပ်)
မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်

မြန်မာနိုင်ငံ၏ ပင်လယ်ပြင်ရေပိုင်နက်တွင် နှစ်ပေါင်း ၃၀ ကျော်အတွင်း ရေပေါ်၊ ရေအောက်ငါးသယံဇာတကျဆင်းမှုမှာ ၂၀ ရာခိုင်နှုန်းကျော်အထိ ဖြစ်လာ၍ ငါးသယံဇာတများကို ထိန်းသိမ်းရန် အထူးလိုအပ်နေပြီဖြစ်သည်။ မြန်မာနိုင်ငံ ငါးဖမ်းရေပိုင်နက်သည် စတုရန်းကီလိုမီတာ ၄၈၆၀၀၀ ရှိပြီး အဆိုပါပိုင်နက်အတွင်း၌ တရွတ်ဆွဲ ငါးဖမ်းရေယာဉ် ၁၁၈၅ စင်း၊ ဝိုင်းချုပ်ပိုက်သင်္ဘော ၂၆၈ စင်း၊ ကျားပိုက် ၁၈၈ စင်း၊ မျှောပိုက် ၁၇၁ စင်း၊ မြုံးချ ၁၀၉ စင်း၊ ကင်းမွန် ၂၉၆ စင်း၊ ဘုံကျောင်းကျားပိုက် ၇၆ စင်း၊ အင်္ဂလန်ကျား ၂၂၄စင်း၊ စိန်ပိုက် ၆၉ စင်း၊ ငါးမျှားတန်း ရှစ်စင်း စုစုပေါင်း ၂၅၉၄ စင်း ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း တရုတ်နိုင်ငံ စွယ်တော်မြတ်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို

**ပေကျင်း ဧပြီ ၂၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့သည် ဧပြီ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွန်းဘုရား ကျောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော် Shin Chan Zang အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာ လျူယန်ရှန်နှင့် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ပေကျင်းမြို့ရှိ People's Great Hall ဧည့်ခန်းမ၌ တွေ့ဆုံပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ပေကျင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ညပိုင်းတွင် ဆက်လက်ထွက်ခွာခဲ့ကြရာ ကူမင်းမြို့သို့ ဒေသစံတော်ချိန် ည ၁၂ နာရီတွင် ရောက်ရှိကြသည်။

ကူမင်းလေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး(ကူမင်း) ကောင်စစ်ဝန်ချုပ် ဦးအောင်မြင့်ထွန်းနှင့် ဇနီး၊ သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာ လီကျိဟန်နှင့် တွေ့ဆုံ

**ကူမင်း ဧပြီ ၂၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယဝန်ကြီး Mr. Chen Fengxiang၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် မဒမ် ကျိုးဟုန်တို့နှင့် အတူ ဧပြီ ၂၈ ရက် နံနက်ပိုင်းက ချိန်ကုန့်မြို့သစ်ရှိ လူမှုဝန်ထမ်းနှင့် အလုပ်အကိုင်ရှာဖွေရေးဌာနသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာ ယဉ်ကျေးမှုပြတိုက်ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် CHENNONG စိုက်ပျိုးရေးလုပ်ငန်းစုသို့ ရောက်ရှိရာ ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ မစ္စတာ လီယွင်စစ်က စိုက်ပျိုးသီးနှံများ ထုတ်လုပ်ဖြန့်ဖြူးတင်ပို့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကိုယ်စားလှယ်အဖွဲ့သည် CHENNONG စိုက်ပျိုးရေးလုပ်ငန်းစု၏ ဇီဝနည်းပညာ စိုက်ပျိုးရေးပြခန်းအား လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် ယူနန်တိုင်းရင်းသားကျေးရွာကို သွားရောက်ကြည့်ရှုလေ့လာပြီး မူဆိုးတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာ လီကျိဟန်နှင့် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကူမင်းမြို့ရှိ ခေတ္တတည်းခိုသည့် KAIWAH PLAZA ဟိုတယ်၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲအပြီးတွင် ကိုယ်စားလှယ်အဖွဲ့အား ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာ လီကျိဟန်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**



◆ ကျောဖုံးမှ

အခွင့်အလမ်းပိုမိုများပြားလာခြင်းတွေနဲ့အတူ အိမ်ခြံမြေဈေးကွက် တိုးတက်ဖို့အတွက်ပါ အဓိကအကြောင်းအရာတစ်ခုပါ။ အခြေခံအဆောက်အအုံ ကောင်းမွန်နေရင်တော့ ဘယ်နေရာမှာပဲနေနေ စီးပွားရေးအခွင့်အလမ်းအတွက် အဆင်ပြေနေတာပဲ"ဟု ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံ၏ အိမ်ခြံမြေ ဈေးကွက်အကြောင်းပြောဆိုကြရာတွင် ရန်ကုန်မြို့ အိမ်ခြံမြေအကြောင်းကိုသာ အဓိကအားဖြင့် ရည်ညွှန်းလေ့ရှိကြပြီး အခြားသောနေရာဒေသများမှ အိမ်ခြံမြေဈေးကွက်အကြောင်းပါဝင်မှု နည်းပါးသည်။ မြို့တော်ဟောင်းဖြစ်သော ရန်ကုန်မြို့သည် နိုင်ငံအတွင်းလူဦးရေ အထူထပ်ဆုံးမြို့ဖြစ်ပြီး လူဦးရေငါးသန်းကျော် နေထိုင်လျက်ရှိကြကြောင်း သိရသည်။ စီးပွားရေးမြို့တော်အဖြစ်သတ်မှတ်ထားသော ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အခြားသော ဒေသများနှင့်နှိုင်းယှဉ်ပါက အခြေခံအဆောက်အအုံများ ပိုမိုပြည့်စုံမှုရှိသည်။ ယင်းအချက်မှာ ရန်ကုန်မြို့ အိမ်ခြံမြေဈေးကွက်အတွင်း တောင်းဆိုမှုကို အလွန်အမင်းများပြားစေပြီး အိမ်ခြံမြေ ဈေးနှုန်းများ အဆမတန် မြင့်တက်စေခဲ့သော အကြောင်းတစ်ခုဖြစ်ကြောင်း ၎င်းကဆိုသည်။ လမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်း၊ ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား၊ ပညာရေးစသည့် အခြေခံအဆောက်အအုံများသည်နိုင်ငံတစ်ခုအတွက် မရှိမဖြစ်လိုအပ်ပြီးစီးပွားရေးတိုးတက်မှု ရရှိရန်အတွက် အဓိကအထောက်အကူပြုပေးသော အချက်များဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံအဆင့်မြှင့်တင်မှုများကို ပြုလုပ်လျက်ရှိသော်လည်း နေရာဒေသနယ်ပယ်အသီးသီးတွင်လိုအပ်မှုများ အများအပြားကျန်ရှိနေသေးကြောင်း သိရ သည်။

မြန်မာနိုင်ငံအတွင်းအခြားသော နေရာဒေသများရှိ အခြေခံအဆောက်အအုံများကိုလည်း ရန်ကုန်မြို့ကဲ့သို့ ကောင်းမွန်လာစေရန် အဆင့်မြှင့်တင်မှုများပြုလုပ်ပေးလျှင် ရန်ကုန်မြို့အတွင်း ဈေးကွက်တောင်းဆိုမှုများသည် အခြားဒေသများသို့ ပျံ့နှံ့သွားမည်ဖြစ်ပြီးအိမ်ခြံမြေဈေးနှုန်းကြီးမြင့်မှုများ တည်ငြိမ်လာခြင်းနှင့် အိမ်ခြံမြေ ဈေးကွက်လည်းပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း Jan Sommerfeld က အကြံပေးခဲ့သည်။

အခြေခံအဆောက်အအုံများ ကောင်းမွန်နေလျှင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်မည်ဖြစ်ပြီး တည်ဆောက်နေစဉ်အတွင်းတွင်လည်း အလုပ်အကိုင်အခွင့်အလမ်းများစွာကို ပေါ်ပေါက်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လိုအပ်နေသည့် အခြေခံအဆောက်အအုံများ တိုးချဲ့အဆင့်မြှင့်တင်မှုများကို ဦးစားပေးလုပ်ဆောင်ရန် ADB မှထုတ်ပြန်ခဲ့သည့် Asia Development Outlook 2015တွင်ထည့်သွင်းအကြံပြုထားကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

# မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးဝမ်းမြောက်



**ပျဉ်းမနား ဧပြီ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် ဧပြီ ၂၈ ရက်က မိုးပွင့်(အထူး)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်မှုအနေဖြင့် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများအဖွဲ့က One Stop Service ဖြင့် အဆိုပါကျေးရွာနေ ဒေသခံပြည်သူ ၁၈၁ ဦးကို ဆောင်ရွက်ပေးခဲ့ပြီး တစ်ဦးချင်း ပေးအပ်ခဲ့သည်။

ဒေသခံပြည်သူများအနေဖြင့် မိမိတို့ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးမှုအပေါ်တွင် အထူးပင် ဝမ်းမြောက်ရပါကြောင်း ဒေသခံပြည်သူများကိုယ်စား ညောင်ပင်သာကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**

## ထူးခြားသည့်နေ့အပူချိန်

**နေပြည်တော် ဧပြီ ၂၉** - ထူးခြားသည့် နေ့အပူချိန်များမှာ မကွေးမြို့နှင့်အောင်လံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ချောင်းဆုံမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၄၃ လက်မနှင့် ထီးလင်းမြို့တွင် ၀ ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် ဒေသတွင်းအထောက်အကူပြုနိုင်သည့်အင်အားတစ်ခုကို ရရှိနိုင်မည်

နေပြည်တော် ဧပြီ ၂၉

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ညနေ ၅ နာရီတွင် မလေးရှား တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Tan Sri Raja Mohamed Affandi bin Raja Mohamed Noor အား ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရ သက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့တက်ရောက်ကြပြီး မလေးရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Tan Sri Raja Mohamed Affandi bin Raja Mohamed Noor နှင့်အတူ မလေးရှားတပ်မတော်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူး Colonel Mohd Yasin Bin Usop တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသည့် ကောင်းမွန်သောဆက်ဆံရေးရှိပြီး တပ်မတော်နှစ်ရပ်အကြားတွင်လည်း ပွင့်လင်းနွေးထွေးသည့် ဆက်ဆံရေးရှိပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးအပါအဝင် အခြားနယ်ပယ်များတွင်လည်း ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း အထောက်အကူပြုနိုင်သည့် အင်အားတစ်ခုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဖြတ်သန်းခဲ့သည့် တူညီသောသမိုင်းကြောင်းရှိသဖြင့် မိမိတို့၏အတွေ့အကြုံများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တပ်မတော်နှစ်ရပ်၏ စွမ်းရည်တိုးမြှင့်ရေးကိုလည်း အထောက်အကူဖြစ်စေနိုင်ပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား များစွာချစ်ကြည်ရင်းနှီးသည့်အားလျော်စွာ မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများကိုလည်း ဥပဒေနှင့်အညီ ကူညီစောင့်ရှောက် ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်နှစ်ရပ်အကြား လုပ်ဆောင်လျက်ရှိသည့် Army to Army လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။ **(မြဝတီ)**

# အားလုံးပါဝင်သည့် ငြိမ်းချမ်းသောဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၉

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီရေးဆိုင်ရာ မိတ်ဖက်အဖွဲ့ (Partnership Group for Peace, Development and Democracy in Myanmar - PGM) အစည်းအဝေးကို ဧပြီ ၂၄ရက် နံနက် ၁၁နာရီခွဲမှ မွန်းလွဲ ၁နာရီအထိ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။** (အောက်ပုံ)




အဆိုပါ အစည်းအဝေးသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား၊ PGM အဖွဲ့ဝင် ၁၅ နိုင်ငံမှ အမြဲတမ်း ကိုယ်စားလှယ်အဆင့် ၁၀ ဦး၊ ဒုတိယ အမြဲတမ်းကိုယ်စားလှယ်အဆင့် လေးဦးနှင့် အမေရိကန်နိုင်ငံမှ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Scot Marciel တို့ တက်ရောက်ခဲ့ကြသည်။

PGM အစည်းအဝေးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်အကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်သည် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် တိုးတက်လျက်ရှိပါကြောင်း၊ အငြင်းပွားမှုများ ရှိခဲ့သော်လည်း နှစ်ပေါင်း ၃၀ အတွင်း ပထမဦးဆုံး ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းရလဒ်ကို မကြာမီ ကြေညာနိုင်တော့မည် ဖြစ်ပါကြောင်း။

ယခုနှစ်ကုန်ခန့်တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် အရေးပါသည့် သမိုင်းဝင် မှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ရာ ယုံကြည်စိတ်ချရမှု၊ ပွင့်လင်းမြင်သာမှုရှိပြီး အားလုံးပါဝင်ခွင့်ရရှိသည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရေးအရေးကြီးကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအပါအဝင် အရေးပါသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အခြားသော ခေါင်းဆောင်များနှင့် နိုင်ငံရေးထိတွေ့ ဆွေးနွေးမှုများ ကြိုးပမ်းလုပ်ဆောင်လျက် ရှိသည်မှာ အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်း။

၁၆ လကြာမျှ မနားမနေ စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် မတ် ၃၁ ရက်တွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများအကြား နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခကို အဆုံးသတ်စေမည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ရရှိခဲ့ပါကြောင်း၊ သဘောတူညီချက်ကို ရွှေ့ဆိုင်းမှုမရှိဘဲ လက်မှတ်ရေးထိုးနိုင်ရေးမှာ အရေးကြီးပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သည့် အစိုးရ တာဝန်ယူခဲ့သည့် လေးနှစ်တာ ကာလအတွင်း နိုင်ငံအတွင်း ထင်ရှားသည့် တိုးတက်အောင်မြင်မှု အများအပြား ပေါ်ပေါက်ခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတွင်း ရေရှည်စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် အားလုံးပါဝင်သည့် ငြိမ်းချမ်းသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီမိုကရေစီ လုပ်ငန်းစဉ်မှာ အပြောထက် လက်တွေ့လုပ်ဆောင်ရန် ခက်ခဲသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရာ မိမိတို့အနေဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ အောင်အောင်မြင်မြင် အသွင်ကူးပြောင်းနိုင်စေရန်အတွက် သတိကြီးစွာထား၍ ဆောင်ရွက်ရပါကြောင်း။

မြန်မာနိုင်ငံ၏ အခြေအနေအပေါ် နိုင်ငံတကာအသိုက်အဝန်းမှ နားလည်စာနာပြီး အမှန်အတိုင်း အမြော်အမြင်ကြီးစွာ ရှုမြင်သုံးသပ်နိုင်မည်ဆိုပါက အထူးပင် ကျေးဇူးတင်ရှိမည်ဖြစ်ပါကြောင်း၊ ဆယ်စုနှစ်များစွာ မြန်မာနိုင်ငံအပေါ် အရေးယူ ပိတ်ဆို့ထားမှုကြောင့် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများထက် စီးပွားရေး၊ လူမှုရေး နောက်ကျကျန်ခဲ့ပြီး ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဆင့်သို့ပင် ရောက်ရှိခဲ့ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝလုံခြုံရေး အဆင့်အတန်း နိမ့်ကျခဲ့ရပါကြောင်း။

**အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်တည်ထောင်ရန် အခိုင်အမာ သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ရာ ယင်းသန္နိဋ္ဌာန်အတိုင်း အပြည့်အဝအောင်မြင်စေရန် ဆောင်ရွက်လျက်ရှိ၊ မြန်မာနိုင်ငံ၏ အတိတ်ကာလနှင့် လက်ရှိအခြေအနေကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက နိုင်ငံအတွင်း တိုးတက်မှုဖြစ်ပေါ်မှု အများအပြား ပေါ်ပေါက်လျက်ရှိသည်ကို အထင်အရှား တွေ့မြင်နိုင်။**

အစိုးရအနေဖြင့် ပါတီစုံ ဒီမိုကရေစီစနစ် တည်ထောင်ရန် အခိုင်အမာ သန္နိဋ္ဌာန် ချမှတ်ထားပြီးဖြစ်ရာ ယင်းသန္နိဋ္ဌာန်အတိုင်း အပြည့်အဝ အောင်မြင်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အတိတ်ကာလနှင့် လက်ရှိ အခြေအနေကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက နိုင်ငံအတွင်း တိုးတက်မှု ဖြစ်ပေါ်မှု အများအပြား ပေါ်ပေါက်လျက်ရှိသည်ကို အထင်အရှားတွေ့မြင်နိုင်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက White Card ကိစ္စကို အလေးထား၍ လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ကျန်းမာရေးနှင့် လူဦးရေထိန်းချုပ်ရေးဆိုင်ရာ ဥပဒေမူကြမ်း လေးရပ်နှင့် ပတ်သက်၍ လည်းကောင်း ပါဝင်ဖြည့်စွက်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများ ၁၅ နိုင်ငံမှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးခဲ့ကြသည်။ ပါဝင်ဆွေးနွေးသူများက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးရရှိခဲ့မှုအပါအဝင်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိမှုအပေါ် ချီးကျူးပြောကြားခဲ့ကြပြီး လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား မြန်မာ့နိုင်ငံရေးတွင် အထူးအရေးပါသည့် ဖြစ်စဉ်တစ်ရပ်အဖြစ် အလေးထားဆွေးနွေးခဲ့ကြသည်။ ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ အကောင်အထည်ဖော် လုပ်ဆောင်ရန်ရှိသည်များအား ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရေးအတွက် ထည့်သွင်းတိုက်တွန်းခဲ့သည်။

PGM အစည်းအဝေးအပြီးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ထုတ်ပြန်ကြေညာချက် (Readout) တစ်ရပ်ကို ဧပြီ ၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ရာတွင် PGM အဖွဲ့ဝင် နိုင်ငံများက မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများအပေါ် ဆက်လက်ထောက်ခံလျက်ရှိသည်ကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊ လာမည့်ရွေးကောက်ပွဲသည် ပြုပြင်ပြောင်းလဲရေးအစီအစဉ်၏ အရေးပါသော အဆင့်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့ကြကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရ၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိရေး ကြိုးပမ်းခဲ့မှုအပေါ် ချီးကျူးခဲ့ကြကြောင်း၊ သက်ဆိုင်သူ အားလုံးက မျှော်လင့်စောင့်စားနေကြသည့် နိုင်ငံရေးထိတွေ့ဆွေးနွေးမှု မူဘောင်အပေါ် ဆောလျင်စွာ သဘောတူညီနိုင်ရေးအတွက် မျှော်လင့်ကြောင်းကိုလည်း ထုတ်ဖော်ပြောကြားခဲ့ကြကြောင်း၊ ရခိုင်နှင့် အခြားဒေသများရှိ အသိုက်အဝန်း နှစ်ခုအကြား ဆက်လက်ပေါ်ပေါက်နေသည့် တင်းမာမှုနှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများမှ မြန်မာနိုင်ငံအနေဖြင့် နောက်ထပ် ပဋိပက္ခများ ကာကွယ်တားဆီးရေးအတွက် ခိုင်မာပြတ်သားသည့် လုပ်ဆောင်မှုကို လုပ်ဆောင်သွားရန် လိုအပ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း(ပုဂံ)၌ ကင်းထောက်သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ပုဂံ ဧပြီ ၂၉**

၂၀၁၅ ခုနှစ် အဌမတန်း ဘက်စုံပညာထူးချွန် အပန်းဖြေစခန်း(ပုဂံ)၏ ကင်းထောက်ပညာသင်တန်း၊ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပုဂံ အခြေခံပညာအထက်တန်းကျောင်းရှိ ပဒေသာခန်းမ၌ ကျင်းပရာ ဘက်စုံပညာ ထူးချွန်အပန်းဖြေစခန်း(ပုဂံ)စခန်းမှူး ညွှန်ကြားရေးမှူး ဒေါက်တာစိုးမြင့်ထွန်းက အမှာစကားပြောကြားသည်။



အခမ်းအနားတွင် အမျိုးသား ကင်းထောက်ထူးချွန်ဆု (ပထမ၊ ဒုတိယ၊ တတိယ)၊ အမျိုးသမီး ကင်းထောက်ထူးချွန်ဆု (ပထမ၊ ဒုတိယ၊ တတိယ) ဆုများနှင့် ကင်းစိတ်အလိုက် ထူးချွန်ဆုများ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ကင်းထောက်မောင်မယ်များဖြစ်ကြသည့် ဘက်စုံထူးချွန်လူငယ်များက ကင်းထောက်လူငယ်သီချင်း၊ အစဉ်အသင့်တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ **(အောက်ယာပုံ)**

"ကျွန်တော်ကတော့ ပုဂံဘက်စုံပညာထူးချွန်စခန်းရဲ့ ကင်းထောက်တောတွင်းစခန်းချဘာသာရပ် နည်းပြဖြစ်ပါတယ်။ ကင်းထောက်သင်တန်းတစ်ခုပြီးသွားတိုင်း နိုင်ငံတော်အတွက် အထောက်အကူဖြစ်စေမယ့် ဘက်စုံပညာတွေပြည့်ဝတဲ့ လူချွန်တွေကို အကျင့်စာရိတ္တတွေဖွံ့ဖြိုးတဲ့ လူငယ်တွေထပ်မံဖြည့်တင်းပေးရသလိုခံစားရပါတယ်။ နိုင်ငံတော်အတွက် တန်ဖိုးထားရမယ့် လူငယ်မောင်မယ်တွေပိုမိုရရှိတာပါပဲ။ ဒီကင်းထောက်သင်တန်းက သင်ကြားလေ့ကျင့်ပေးလိုက်တဲ့ ဘက်စုံထူးချွန်မောင်မယ်တွေဟာ ကင်းထောက်စိတ်ဓာတ်တွေ ပြည့်ဝလာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒီလိုပြုစုပျိုးထောင်ပေးခွင့်ရလို့ များစွာဝမ်းသာမိပါတယ်။ သင်တန်းဆင်းပွဲပြီးသွားပြီဆိုပေမယ့် သင်ကြားလေ့ကျင့်ပေးခဲ့ရတဲ့ တပည့်တွေအပေါ်မှာ မိဘတွေက သားသမီးတွေအပေါ်ထားတဲ့ သံယောဇဉ်တွေလိုပါပဲ။ တပည့်တွေအတွက် ဆရာဆိုတာ ထာဝရမေတ္တာရှင်တစ်ဦးပါ" ဟု ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း (ပုဂံ)မှ ကင်းထောက်နည်းပြ ဆရာဦးသိန်းနိုင်က ဆရာတို့၏ စေတနာမေတ္တာစကားဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ကောင်းစံ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကင်းထောက်လူငယ် မသွယ်သွယ်ထွန်းက "ကင်းထောက်သင်တန်းဆင်းပွဲအပြီး သမီးစိတ်ထဲမှာ ဝမ်းသာဝမ်းနည်း ဖြစ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကင်းထောက်သင်တန်းတက်ပြီးမှ သမီးကိုယ်သမီးယုံကြည်မှုတွေ ပိုရှိလာပါတယ်။ အရင်တုန်းကဆိုရင် သမီးစင်ပေါ်တက်ပြီး စကားမပြောရဲပါဘူး။ ဒီသင်တန်းမှာ ဆရာ ဆရာမတွေက သမီးတို့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေရှိအောင် လူမှုဆက်ဆံရေးနယ်ပယ်မှာ အားလုံးနဲ့ပေါင်းသင်းဆက်ဆံတတ်အောင် သင်ကြားပေးပါတယ်။ သင်တန်းဆင်းပြီဆိုတော့ ကင်းထောက်ပညာ သင်ကြားရတဲ့အတွက် ဝမ်းသာတယ်။ နောက်ပြီး ဆရာ ဆရာမတွေ၊ သူငယ်ချင်းအသစ်တွေနဲ့ ခွဲရတော့မှာမို့ ဝမ်းနည်းမိပါတယ်။ သူငယ်ချင်းတွေအားလုံးကို ကင်းထောက်ပညာတွေ သင်ကြားစေချင်ပါတယ်" ဟု ရင်တွင်းစကားပြောကြားသည်။

"ထူးချွန်မောင်မယ်တွေဟာ သင်ကြားပေးတဲ့ ကင်းထောက်ပညာရပ်တွေကို စာတွေ့ပိုင်းရော လက်တွေ့ပိုင်းမှာပါ စိတ်အားထက်သန်စွာ လေ့လာသင်ကြားကြလို့ နည်းပြတစ်ယောက်အနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ သူတို့လေးတွေရဲ့ လက်တွေ့ဘဝတွေမှာ အသုံးဝင်မှာဖြစ်ပါတယ်။ ကင်းထောက်ပညာဆိုတာ လူမှုဝန်ထမ်းစိတ်ကို မွေးမြူပေးတာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကိုစူးစမ်းတတ်အောင် ပတ်ဝန်းကျင်ကို ကူညီတတ်အောင် မိမိကိုယ်မိမိ ပိုမိုအားကိုးတတ်လာအောင် သင်ကြားပေးတာဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး အုန်းချော အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်နည်းပြ အထက်တန်းပြ ဒေါ်နွယ်နွယ်အောင်က ပြောသည်။

လူငယ်အချင်းချင်းချစ်ကြည်ရင်းနှီးမှုမှသည် ဖြူစင်သည့်သံယောဇဉ်ဖြစ်တည်မှုများကိုလည်း မြင်တွေ့ကြားသိရသည်။ "ကင်းထောက်ဘာသာရပ်မှာ ရှေးဦးသူနာပြုစုနည်းကို တော်တော်လေးသဘောကျပါတယ်။ ကြိုးချည်နည်းတွေ၊ တောတွင်းစခန်းချနည်းတွေ သင်ကြားရတဲ့အတွက် ကင်းထောက်ဆိုတာကို ပိုပြီး စိတ်ဝင်စားပါတယ်။ ကင်းထောက်သင်တန်းဆင်းတော့ သူငယ်ချင်းတွေကို နောင်နှစ်တွေမှာလည်း ဒီလိုထူးချွန်မောင်မယ်တွေအဖြစ် ပြန်လည်ဆုံတွေ့ကြရအောင်လို့ မှာနေမိတယ်၊ သူငယ်ချင်းတွေနဲ့ခွဲရတော့မှာဆိုတော့ ဝမ်းနည်းမိသလို ခံစားရပါတယ်" ဟု ဆပ်ဖြူ အခြေခံအထက်တန်းကျောင်းမှ ထူးချွန်လူငယ် မောင်သော်ဇင်မြတ်က ဆိုသည်။

အဆိုပါ ကင်းထောက်သင်တန်းသို့ ဘက်စုံပညာထူးချွန်လူငယ် ၁၇၆ ဦး တက်ရောက်ခဲ့ပြီး ကင်းထောက်လုပ်ငန်းသည် စစ်သဘောမပါ၊ နိုင်ငံရေးမစွက်၊ လူမှုဝန်ထမ်းသက်သက်မျှသာဖြစ်ကြောင်း ဦးတည်ဆောင်ရွက်ရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အား ချစ်မြတ်နိုးစွာဖြင့် သစ္စာစောင့်သိသည်နှင့်အမျှ လူမှုကိစ္စတို့တွင် အသုံးကျသောနိုင်ငံသားတစ်ဦးဖြစ်လာစေရန်၊ ကင်းထောက်အတတ်ပညာဖြင့် သဘာဝပတ်ဝန်းကျင်ကို စူးစမ်း၊ လေ့လာရှာဖွေသုံးသပ် ဆုံးဖြတ်နိုင်ခြင်း၊ ကြောင်းကျိုးဆက်စပ်စဉ်းစားတွေးခေါ် ဆင်ခြင်သုံးသပ်ခြင်းစသည့် ကိုယ်ရည်ကိုယ်သွေးများ မြှင့်တင်ပေးနိုင်ရန်နှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံသားကောင်းများ မွေးထုတ်နိုင်ရေးတို့ကို ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဇော်(ကလေး)**
**ဓာတ်ပုံ-မောင်ဖိုးဇော်**



# အမေရိကန်ပြည်ထောင်စုက မြန်မာလူငယ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာသင်တန်းများ နှစ်စဉ်ခေါ်ယူပို့ချလျက်ရှိ

**ရန်ကုန် ဧပြီ ၂၉**

တတိယအကြိမ် မြန်မာလူငယ်ခေါင်းဆောင်မှု အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှ ကျောင်းသားကျောင်းသူ ၁၇ ဦးနှင့် ဆရာ ဆရာမ သုံးဦးတို့သည် အမေရိကန် ပြည်ထောင်စု၌ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၂၈ ရက်အထိ လေးပတ်ကြာ ခေါင်းဆောင်မှုဆိုင်ရာ သင်ခန်းစာများကို စာတွေ့ လက်တွေ့ လေ့လာသင်ယူခွင့်ရရှိခဲ့ကြောင်း ရန်ကုန်မြို့ အမေရိကန်သံရုံးမှ သိရသည်။

အဆိုပါ မြန်မာလူငယ် ခေါင်းဆောင်မှုအစီအစဉ်နှင့် အရှေ့တောင်အာရှ လူငယ်ခေါင်းဆောင်မှုအစီအစဉ် (South East Asia Youth Leadership Program-SEAYLP)တွင် ၂၀၁၅ ခုနှစ်၌ လေ့လာသင်ယူခွင့်ရရှိခဲ့ကြသူများ၏ တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါအစီအစဉ်များသို့ အတန်းပညာထူးချွန်ပြီး လူမှုအထောက်အကူပြုလုပ်ငန်းများတွင် စိတ်ပါဝင်စားသူ၊ ပရဟိတ အကျိုးဆောင်လုပ်ငန်းများကို လုပ်ဆောင်နေသူ၊ အင်္ဂလိပ်စာအရည်အသွေး ကောင်းမွန်ပြီး ဆက်သွယ်ပြောဆိုနိုင်သူ စသည့် အခြေခံအချက်များကို အဓိကထား ရွေးချယ်ကြောင်း သိရသည်။

အုပ်ချုပ်သူအဖြစ် လိုက်ပါမည့် ဆရာ ဆရာမများကို ရွေးချယ်ရာတွင် သင်ကြားရေးအပိုင်း၌ လက်တွေ့ သင်ကြားနေသည့် ဆရာ ဆရာမများ၊ လူငယ်များနှင့်ပူးတွဲပြီး စီမံကိန်းများ လုပ်ဆောင်နေသူများကို ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာလူငယ် ခေါင်းဆောင်မှု အစီအစဉ်ကို ၂၀၁၂ ခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၁၅ ဦးနှင့် အုပ်ချုပ်သူ ဆရာ ဆရာမ သုံးဦးကို ရွေးချယ်ကာ စတင်ခဲ့ခြင်းဖြစ်သည်။ မူလအစီအစဉ်အရ နှစ်နှစ်တစ်ကြိမ် ရွေးချယ်စေလွှတ်ရန် သတ်မှတ်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်၌ ကျောင်းသား ကျောင်းသူ ၁၈ ဦးနှင့် ဆရာ ဆရာမ နှစ်ဦး စုစုပေါင်း ၂၀ ကို စေလွှတ်ခဲ့ပြီးနောက်တွင် အစီအစဉ်အောင်မြင်ခြင်း၊ ကျောင်းသား ကျောင်းသူများ၏ ခေါင်းဆောင်မှုစွမ်းရည် တိုးတက်လာသည်ကို တွေ့ရှိရခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်မှ စတင်ကာ နှစ်စဉ်စေလွှတ်ရန် ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။ မြန်မာလူငယ်ခေါင်းဆောင်မှုသင်တန်းသို့ ပထမအကြိမ်မှ တတိယအကြိမ်အထိ မြန်မာနိုင်ငံမှ အုပ်ချုပ်သူအပါအဝင် လူငယ် ၅၈ ဦးတို့က အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ပြီး သင်တန်းတက်ရောက်ခဲ့ကြသည်။

ထို့အပြင် ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှ ၂၆ ရက်အထိ အမေရိကန် ပြည်ထောင်စု၌ ကျင်းပသည့် အရှေ့တောင်



အာရှ လူငယ်ခေါင်းဆောင်မှု အစီအစဉ် (South East Asia Youth Leadership Program- SEAYLP) သို့ အသက်(၁၅)နှစ်မှ (၁၇)နှစ်အရွယ်ရှိ မြန်မာကျောင်းသားကျောင်းသူ ငါးဦးနှင့် အုပ်ချုပ်သူ ဆရာတစ်ဦးတို့ ပါဝင်ခွင့်ရရှိခဲ့သည်။

ရန်ကုန်မြို့ အမေရိကန်သံရုံး Cultural Affairs ဌာနမှ တာဝန်ရှိသူတစ်ဦးက "SEAYLP ဆိုရင် အရှေ့တောင်အာရှမှာရှိနေတဲ့ ကျောင်းသား ကျောင်းသူတွေကို စေလွှတ်တာဖြစ်တဲ့အတွက် အခြားသော အရှေ့တောင်အာရှနိုင်ငံတွေက ကျောင်းသား ကျောင်းသူတွေနဲ့လည်း တွေ့ဆုံခွင့်ရမယ်။ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ တက္ကသိုလ်တွေနဲ့ ဝါရှင်တန်ဒီစီမြို့တော်ကို သွားရပါတယ်။ သင်တန်းတက်ရုံသာမကဘဲ သူတို့ရဲ့ ခေါင်းဆောင်မှုအရည်အသွေးတွေ တိုးတက်လာအောင်လည်း သင်ပေးပါတယ်။ နောက် မြန်မာနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ရဲ့ ချစ်ကြည်ရေး အစီအစဉ်ဖြစ်တဲ့အတွက်ကြောင့် နှစ်နိုင်ငံအကြောင်း အရာတွေကို ပိုပြီးတော့ သိလာအောင် သင်ကြားပေးတယ်။ ဒါ့အပြင် အမေရိကန်ယဉ်ကျေးမှုကို သိရှိနိုင်အောင် Home Stay အစီအစဉ်တွေပါရှိတယ်။ မြန်မာပြည်ကို ပြန်ရောက်ရှိတဲ့အခါမှာ Follow Up Project လို့ခေါ်တဲ့ Group Activity တစ်ခုကို လုပ်ရပါတယ်။ ဟိုမှာရှိနေစဉ်ကတည်းက အဲဒီ project အတွက် စဉ်းစားလာပါတယ်။ မြန်မာနိုင်ငံ ပြန်ရောက်တဲ့အခါမှာ ဒီ Project ကို အကောင်အထည်ဖော်ပါတယ်" ဟု ပြောကြားသည်။

လာမည့်နှစ်အတွက် မြန်မာလူငယ်ခေါင်းဆောင်မှု အစီအစဉ် (Burma Youth Leadership Program-BYLP)နှင့် အရှေ့တောင်အာရှ လူငယ်ခေါင်းဆောင်မှု အစီအစဉ် (South East Asia Youth Leadership program-SEAYLP) လျှောက်လွှာများကို မကြာမီလများအတွင်း ခေါ်ယူသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ လူငယ်များသည် အမေရိကန်သံရုံး၏ ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘွတ်ခ်စာမျက်နှာ၊ ရန်ကုန်မြို့ အမေရိကန်စင်တာနှင့် မန္တလေးမြို့ရှိ ဂျက်ဖာစင် စင်တာများ၌ လျှောက်လွှာများကိုရယူပြီး ရန်ကုန်မြို့ အမေရိကန်သံရုံးနှင့် Rangoon USECA@state.gov တို့သို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၅၀၃၁၁၅၊ ၀၁-၅၀၅၁၁၄၊ ၀၁-၅၀၅၁၁၅၊ လိုင်းခွဲနံပါတ် ၄၅၄၇ နှင့် ၄၃၆၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အမေရိကန်အစိုးရသည် မြန်မာလူငယ်များအတွက် ခေါင်းဆောင်မှု သင်တန်းအစီအစဉ်များသာမက ပညာရှင်များ Hubert H. Humphrey Fellowship Program နှင့် Fulbright Master's Degree Program နှင့် Fullbright Foreign Language Teaching Assistant (FLTA) ပညာသင်ဆုများပါ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြတ်သန္တာမောင်၊ ဓာတ်ပုံ-အငယ်လေး**

## ဘက်စုံထူးချွန် လူရည်ချွန်

❖ လူရည်ချွန်… လူရည်ချွန်
ဘက်စုံထူးချွန် လူရည်ချွန်၊
လူရည်ချွန် ဖြစ်ဖို့မှန်း
ကြိုးစား အားထုတ်စမ်း။

❖ ကျောင်းသင်ခန်းစာ ကျေညက်ကာ
ဗဟုသုတ ဖြည့်ဆည်းရှာ၊
ထောက်ထားငဲ့ညှာ ကူညီပေး
ကိုယ်ချင်းစာစိတ် မွေး။

❖ ကျန်းမာရေးလည်း လိုက်စားကွယ်
ကိုယ်လက်လှုပ်ရှားမယ်၊
အားလပ်ချိန်ဝယ် ကစားလို့
ကြံ့ခိုင် သန်စွမ်းဖို့။

❖ သက်လုံကောင်းလို့ သွက်လက်စွာ
ဉာဏ်ရည်ထက်မြက်ကာ၊
ဘက်စုံပညာ ထူးချွန်မှ
လူရည်ချွန်ဆု ရတယ်လေး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

## မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ မွန်းလွဲ/ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

# ကျောက်တံခါးမြို့နယ်တွင် မိုးထစ်ချုန်းရွာ၊ လေပြင်းတိုက်ခတ်မှုကြောင့် ကျောင်းနှင့်အိမ်များ ပျက်စီး၊ နွားတစ်ကောင် မိုးကြိုးထိမှန် သေဆုံး

**ကျောက်တံခါး ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဧပြီ ၂၇ ရက် ညနေ ၃ နာရီခွဲက မိုးထစ်ချုန်းရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် သုသာန်ဇရပ်များ ပျက်စီးခဲ့ပြီး နွားတစ်ကောင် မိုးကြိုးထိမှန်ခဲ့၍ သေဆုံးခဲ့သည်။

သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုကြောင့် ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်သင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဌေးလွင်စိုးနှင့် စခန်းမှူး ဒုရဲမှူး သိန်းထိုက်နှင့် အဖွဲ့များသည် အခင်းဖြစ်နေရပ်သို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးမှုများ ပြုလုပ်၍ လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့သည်။

မိုးထစ်ချုန်း ရွာသွန်းခြင်းနှင့် လေပြင်းများ တိုက်ခတ်ခြင်းကြောင့် ကျောက်တံခါးမြို့နယ် ကျွန်းချောင်းကျေးရွာအုပ်စုတွင် နေအိမ် ၁၀ လုံး၊ ရွာသစ်ကျေးရွာအုပ်စုတွင် နေအိမ် ၆၃ လုံး၊ အင်းပါတ်လည်ကျေးရွာအုပ်စုတွင် နေအိမ် ၁၅ လုံး၊ စုစုပေါင်း လူနေအိမ် ၈၈ အိမ် အမိုးလန် ပြိုကျခဲ့၍ လူဦးရေစုစုပေါင်း ၄၄၈ ဦး သဘာဝဘေးအန္တရာယ်နှင့် တွေ့ကြုံခဲ့ရပြီး ကညင်ကျိုးကျေးရွာအုပ်စုမှ အမကမူလွန်ကျောင်းတစ်ကျောင်း၊ အင်းပါတ်လည် ကျေးရွာအုပ်စုမှ အမကကျောင်းတစ်ကျောင်း၊ ရွာသစ်ကျေးရွာအုပ်စု ညောင်ကုန်းဘုန်းကြီးကျောင်းတစ်ကျောင်း၊ အင်းပါတ်လည်အုပ်စုမှ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်း၊ ရွာသစ်ကျေးရွာမှ သုသာန်ဇရပ်တစ်ခု သွပ်မိုးများလန်၍ ပျက်စီးခဲ့ပြီး ဖြူးစုကျေးရွာအုပ်စု ဂေါဒါးကျေးရွာတွင် ခိုင်းနွားတစ်ကောင် မိုးကြိုးထိမှန် သေဆုံးခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**



# ထိုင်းနိုင်ငံ မဟာချိုင် ယာဉ်တိမ်းမှောက်မှု မြန်မာအလုပ်သမားတစ်ဦးထပ်မံသေဆုံး

**မဟာချိုင် ဧပြီ ၂၉**

ထိုင်းနိုင်ငံ မဟာချိုင်မြို့တွင် ဧပြီ ၂၇ ရက်ညပိုင်းက မြန်မာအလုပ်သမားများ လိုက်ပါစီးနင်းလာကြသော ယာဉ်တိမ်းမှောက်မှုမှာ အရှိန်လွန်ပြင်းထန်မှုကြောင့် မဟာချိုင်အမှတ်(၃) ဆေးရုံကြီး၌ အရေးပေါ်တက်ရောက်ကုသနေရသည့် မြန်မာအလုပ်သမားများထဲမှ မြန်မာအလုပ်သမားတစ်ဦးမှာ ဧပြီ ၂၉ ရက်ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်က သေဆုံးခဲ့ကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Associationin Thailand)မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

သေဆုံးသူမှာ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဇီးဖြူကုန်းကျေးရွာမှမောင်အောင်စိုးမိုး(၁၈ နှစ်)ဖြစ်ပြီး လက်ရှိကျန်အရေးပေါ် ဆေးဝါးကုသမှုခံနေကြရသည့် လူနာ ၁၀ ဦးမှာ စမွတ်စာခွန်ဆေးရုံကြီး၌ အမျိုးသားနှစ်ဦး၊ အမျိုးသမီးသုံးဦး၊ မဟာချိုင်အမှတ်(၃) ဆေးရုံတွင် အမျိုးသားသုံးဦး၊ မဟာချိုင် အမှတ်(၁)ဆေးရုံတွင် အမျိုးသမီးတစ်ဦး၊ ဧကချိုင်ဆေးရုံကြီးတွင် အမျိုးသမီးတစ်ဦးတို့ဖြစ်သည်။

မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီဝင် MAT အဖွဲ့အတွင်းရေးမှူး ကိုခိုင်ကြီးက“ မနေ့ညနေက ကျွန်တော်တို့သွားကြည့်တဲ့အခါ ဦးနှောက်ကိုခွဲစိတ်ထားတဲ့ ဒိုက်ဦးမြို့နယ် ကညင်တပင်ကျေးရွာမှ မဇင်မျိုးလှိုင် (၂၀ နှစ်)မှာ အခြေအနေစိုးရိမ်ရတယ်လို့ ဆရာဝန်က ပြောတယ်။ ဒီကောင်လေး မောင်အောင်စိုးမိုးကလည်း မနေ့ကဆို ကျွန်တော်တို့သွားကြည့်တာ စကားမပြောနိုင်လို့ စာနဲ့ရေးပြောသေးတယ်။ ဒီကလေးပြန်ကောင်းမယ်လို့ ထင်ထားတာ”ဟု စိတ်မကောင်းစွာပြောသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၏ ရပိုင်ခွင့်များနှင့်နစ်နာကြေးများ၊ ဆေးဝါးကုသမှုခံယူနေကြသော ဒဏ်ရာရသူများအတွက် ရသင့်ရထိုက်သည့် အကူအညီများရရှိနိုင်ရေးနှင့် ပတ်သက်၍လည်း ဧပြီ ၂၈ ရက်နံနက်ပိုင်းက ဗန်ကောက်မြို့ မြန်မာသံရုံးမှ အလုပ်သမား သံအရာရှိနှစ်ဦးကိုယ်တိုင် လာရောက်ကူညီ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းသိရပြီး အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသွားသည့် ရုပ်အလောင်းများအား သဂြိုဟ်ရန်ကိစ္စအတွက် မြန်မာသံရုံးနှင့် ထိုင်းလုပ်ငန်းရှင်တို့ မည်သို့မည်ပုံ ဆောင်ရွက်ကြမည်ကို အတိအကျ မပြောနိုင်သေးကြောင်း MAT အဖွဲ့မှ ကိုခိုင်ကြီးက ပြောသည်။

**စိုးဝင်း(SP)**

# မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီး ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ပေး

**နေပြည်တော် ဧပြီ ၂၉**

ဧပြီ ၂၈ ရက် ညနေ ၃ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စီးမော်ကျေးရွာတွင် မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လူနေအိမ်နှစ်လုံးရှိ အမိုးသွပ်၊ ဒိုင်းနှင့် မြားတန်းများပျက်စီးခဲ့ရာ မော်လူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**



# ဆိုလာစနစ်သုံး ရေပေးရေးပြန်လည်လွှဲအပ် အခမ်းအနားကျင်းပ

**သံတောင်ကြီး ဧပြီ ၂၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ ကျေးမင်းအလယ်ကျေးရွာ၌ ဆိုလာစနစ်ရေပေးရေး ပြန်လည်လွှဲအပ်ပွဲ အခမ်းအနားကို နံနက် ၁၀ နာရီက R.C ဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဘားအံခရိုင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးခင်ဇော်က ရေရရှိရေးဆိုင်ရာ အကြောင်းအရာများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂျပန်နိုင်ငံမှ Miss SETO Yangon Jica Project Tean ရုံးချုပ်နှင့် Mr.KAWA-MUDA JICA လုပ်ငန်းစီမံကိန်းအဖွဲ့ဝင်တို့က အမှာစကားပြောကြားပြီး United Engineering Group ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးစိုးသိန်းထွန်းက ရေပေးဝေရေးလုပ်ငန်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးမင်းကျေးရွာဒေသခံတစ်ဦးက ဆိုလာစနစ်ဖြင့် ရေရရှိခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**စောမင်းသား**

ရွှေထူးလွှင်
April : 24/30, May : 8/15/22/29
Ph : 09450044494, 09450044496, 389920

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၉၄၃၉ Toyota Crown JZS171` S/L(4x2)RH01 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်အောင် ၁၂/ဒဂန(နိုင်)၀၁၁၂၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းဒေသကြီးအစိုးရအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၁။ ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများတွင် အောက်ဖော်ပြပါတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | သင်တန်းကျောင်း | ဆောက်ရွက်ရမည့်လုပ်ငန်းများ |
|---|---|---|
| ၁။ | ထားဝယ်သူနာပြု သင်တန်းကျောင်း | (၁)ကျောင်းအုပ်နေအိမ်နှစ်ထပ် RC တစ်လုံး(၃၅ပေ×၃၀ပေ×၂၃ပေ)<br>(၂)ထမင်းစားဆောင်ပြုပြင်မွမ်းမံခြင်း(၇၀ပေ×၄၆ပေ×၁၄ပေ)<br>(၃)လုံခြုံရေးဂိတ်(၁)လုံး(၈ပေ×၈ပေ)<br>(၄)အဆောက်အအုံဆေးသုတ်ခြင်း<br>(က)စာသင်ဆောင်(၁)ထပ်<br>(၁၄၀ပေ×၃၀ပေ×၁၂ပေ)<br>(ခ)သင်တန်းသား(၅၀)ဆံ့နှစ်ထပ်အိပ်ဆောင်<br>(၁၅၄ပေ×၂၈ပေ×၂၃ပေ)<br>(ဂ)သင်တန်းသား(၁၀၀)ဆံ့နှစ်ထပ်အိပ်ဆောင်<br>(၁၉၂ပေ×၂၈ပေ×၂၃ပေ)<br>(ဃ)ကျောင်းအုပ်နှင့်နည်းပြနှစ်ခန်းတွဲနေအိမ်<br>(၄၀ပေ×၂၈ပေ×၁၂ပေ) |
| ၂။ | မြိတ်သားဖွား သင်တန်းကျောင်း | ကျောင်းအုပ်နှင့်နည်းပြများနေအိမ်နှစ်ထပ် RC တစ်လုံး<br>(၃၅ပေ×၃၀ပေ×၂၃ပေ) |

၂။ **တင်ဒါပုံစံပိတ်ရက်/အချိန်** - ၂၉-၅-၂၀၁၅ ရက် ၁၆း၀၀နာရီ

၃။ တင်ဒါစည်းကမ်းများနှင့် လုပ်ငန်းအချက်အလက်များကိုသိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်သူနာပြုသင်တန်းကျောင်းနှင့် မြိတ်သားဖွားသင်တန်းကျောင်း ဖုန်း-၀၅၉-၂၁၃၆၉၊ ၀၅၉-၄၁၇၈၃တို့သို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့်ချလန်ရုံးများကို ၂၀၁၅ ခုနှစ် မေ ၁ ရက် (ကမ္ဘာ့အလုပ်သမားနေ့)နှင့် ၂၀၁၅ ခုနှစ် မေ ၂ ရက် (ကဆုန်လပြည့်နေ့)များတွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၅ ခုနှစ် မေ ၁ရက်နေ့ (သောကြာနေ့) ကမ္ဘာ့အလုပ်သမားနေ့သည် အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၄င်းရက်တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ကချင်ပြည်နယ်အစိုးရအဖွဲ့ ကချင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသောလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁-၅-၂၀၁၅ ရက်မှ စတင်၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး(ကချင်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၂၃၂၂၊ ၂၂၃၆၉၊ ၀၉-၄၇၀၃၆၁၀၁တွင် စုံစမ်းဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

(က) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၂၉-၅-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

(ခ) တင်ဒါတင်သွင်းမည့်နေရာ - ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ဖုန်း-၀၇၄-၂၂၃၂၂၊ ၂၂၃၆၉**

## မဟာဓမ္မပါလလိုဏ်ဂူ ဓမ္မပါလဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက် တွင် တည်ထားကိုးကွယ်တော်မူသည့် မဟာဓမ္မပါလလိုဏ်ဂူ၊ ဓမ္မပါလဆုတောင်းပြည့် စေတီတော်အား ရွှေသုဝဏ်ဆရာတော်ကြီး၏ ဩဝါဒကိုခံယူပြီး ဦးစိုးတင့်(မဟာသဒ္ဓ မ္မဇောတိကဓဇ)၏ သာသနာရေးဆိုင်ရာ မြန်မာ့ထုံးစံအစဉ်အလာများနှင့်အညီ ဦးဆောင်မှုအစီအစဉ်ဖြင့် ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို (၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်နေ့) ၂-၅-၂၀၁၅ ရက် (စနေနေ့) နံနက် ၆း၃၀ နာရီတွင် စတင်ပြုလုပ်မည်ဖြစ်ပါသည်။ လှူဒါန်းပူဇော်ပြီး ကုသိုလ်တော်ရှင်၊ စေတနာရှင်များနှင့် လှူဒါန်းပူဇော်လိုသော ကုသိုလ်ရှင်စေတနာရှင်များ ကြွရောက်ကြည်ညိုပူဇော်လှူဒါန်းနိုင်ရန် ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဂေါပကအဖွဲ့**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ(၅)ခုအပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း/အရှေ့ပိုင်း/တောင်ပိုင်း) ဒေသများအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

ရှမ်းပြည်နယ်(ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ အပါအဝင်)

(က) **လမ်းတံတားလုပ်ငန်း** Lot(၃၇)ခု

(ခ) **ရေသွယ်ယူခြင်းလုပ်ငန်း** Lot(၅)ခု

(ဂ) **မီးလင်းရေးလုပ်ငန်း** Lot(၅)ခု

**စုစုပေါင်း** (၄၇)ခု

၂။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၅-၅-၂၀၁၅ ရက်၊ အင်္ဂါနေ့

(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၂၂-၅-၂၀၁၅ ရက်၊သောကြာနေ့

(ဂ) **တင်ဒါ(နောက်ဆုံး)တင်သွင်းမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်၊ တနင်္လာနေ့

၃။ အသေးစိတ်အချက်အလက်များကို ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး)၊ ဖုန်း-၀၈၁-၂၀၈၅၂၃၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(လားရှိုး)၊ ဖုန်း-၀၈၂-၂၃၇၈၉၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ကျိုင်းတုံ)၊ ဖုန်း-၀၈၄-၂၁၆၂၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ကမ္ဘာလှည့်ခရီးသွားများ သွားလာနေထိုင်မှုလုံခြုံအဆင်ပြေစေရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ ရုံးသစ်များတိုးချဲ့

နေပြည်တော် ဧပြီ ၂၉

မြန်မာနိုင်ငံအတွင်းဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ သွားလာနေထိုင်မှုများ လုံခြုံအဆင်ပြေစေရန်အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့က အလေးထားဆောင်ရွက်လျက်ရှိရာ မေလအတွင်း ကရင်ပြည်နယ်(မြဝတီ)၊ ချင်းပြည်နယ် (ကန်ပက်လက်)၊ ပဲခူး၊ မော်လမြိုင်၊ ရခိုင်ပြည်နယ်(ငပလီ)၊ ရခိုင်ပြည်နယ်(မြောက်ဦး)နှင့် ရှမ်းပြည်နယ်(တာချီလိတ်) စသည့်ဒေသများတွင် ရုံးသစ်များထပ်မံတိုးချဲ့ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်တွေကတော့ ကမ္ဘာလှည့်ခရီးသည်တွေ သွားလာနေထိုင်လုပ်ကိုင်ဆောင်ရွက်မှုတွေမှာ လုံခြုံအဆင်ပြေချောမွေ့စေရေးအတွက် အပြည့်အဝအကူအညီပေးရေး၊ နိုင်ငံဖြတ်ကျော် မှုခင်းကျူးလွန်တဲ့သူတွေ ဝင်ရောက်လာမှုမရှိစေရေးအတွက်ကို သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းပြီး ကာကွယ်တားဆီးရေးနဲ့ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာမယ့် ကမ္ဘာလှည့်ခရီးသွားများအနေနဲ့ ကျွန်တော်တို့နိုင်ငံတော်ရဲ့ တည်ဆဲဥပဒေများနဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေကို လေးစားလိုက်နာစေရေးတို့အတွက်ကို သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းဆောင်ရွက်ရေးတို့ပဲဖြစ်ပါတယ်။ "ရဲတပ်ဖွဲ့အနေနဲ့ နေပြည်တော်၊ ရန်ကုန်၊ ပုဂံ၊ ရှမ်းနဲ့ ဧရာဝတီတိုင်းဒေသကြီးတွေမှာရှိတဲ့ တပ်ဖွဲ့စုတွေက နေ့စဉ် ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေရဲ့ မြန်မာနိုင်ငံအတွင်းမှာ ယဉ်ကျေးမှုအမွေအနှစ်ရှိတဲ့နေရာတွေ၊ အထင်ကရနေရာတွေ၊ တန်ခိုးကြီးဘုရားတွေရှိတဲ့နေရာတွေနဲ့ စည်ကားတဲ့နေရာတွေသွားတဲ့အခါ လုံခြုံအဆင်ပြေရေးအတွက် မော်တော်ယာဉ်လှည့်ကင်း၊ ဆိုင်ကယ်လှည့်ကင်း၊ စက်ဘီးလှည့်ကင်းတွေနဲ့ ကူညီစောင့်ရှောက်မှုတွေ ပြုလုပ်ပေးနေပါတယ်။ လုပ်ငန်းခွင်ထဲမှာ အဆင်ပြေစေဖို့အတွက် ဝန်ထမ်းတွေကို နိုင်ငံခြားသားများကြိုကြပ် ထိန်းသိမ်းစောင့်ရှောက်ရေးသင်တန်းများကို သင်ကြားပေးပါတယ်။ ဒါ့အပြင် နိုင်ငံခြားသားများနဲ့ ပြောဆိုတဲ့အခါ အဆင်ပြေစေဖို့ ဌာနတွင်းမှာ အင်္ဂလိပ်စာသင်တန်းတွေကိုလည်း နေ့စဉ်သင်ကြားပို့ချပေးနေပါတယ်။ နောက်ထပ်တိုးချဲ့မယ့်ဒေသတွေကို ဝန်ထမ်းတွေ အမြန်စေလွှတ်နိုင်ဖို့ အခုလက်ရှိ အင်္ဂလိပ်စာသင်ကြားပေးနေပါတယ်" ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ဝင်းအောင်က ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်ဝင်ရောက်လာမှုမှာ ၂၀၁၁ ခုနှစ်မှစ၍ သိသိသာသာတိုးတက်လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားနိုင်ငံခြားဧည့်သည် သုံးသန်းကျော်အထိ ဝင်ရောက်လာခဲ့သည်။ နိုင်ငံခြားဧည့်သည်များ ဝင်ရောက်လာခြင်းကြောင့် နိုင်ငံခြားဧည့်သည်များသွားလာနေထိုင်မှု လုံခြုံရေးအဆင်ပြေချောမွေ့၍ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေးအတွက် ကမ္ဘာလှည့်ခရီးသွားများအား သီးခြားကူညီစောင့်ရှောက်ပေးရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်နေ့မှစ၍ အသစ်တိုးချဲ့ ဖွဲ့စည်းခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စုများကို တပ်ဖွဲ့မှူးရုံး၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ-ညောင်ဦး၊ ရှမ်း၊ ဟန်လင်း၊ မင်းကွန်း၊ ဗိသနိုး၊ သရေခေတ္တရာ၊ ဧရာဝတီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်(ကျိုက်ထီးရိုး) တို့တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ လုပ်ငန်းလိုအပ်ချက်အရ ကရင်ပြည်နယ်(မြဝတီ)၊ ချင်းပြည်နယ် (ကန်ပက်လက်)၊ ပဲခူး၊ မော်လမြိုင်၊ ရခိုင်ပြည်နယ်(ငပလီ)၊ ရခိုင်ပြည်နယ်(မြောက်ဦး)နှင့် ရှမ်းပြည်နယ်(တာချီလိတ်) စသည့် ဒေသများတွင် ရုံးများထပ်မံတိုးချဲ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းသိရသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံခြားဧည့်သည်များ ပိုက်ဆံအိတ်များပျောက်ခြင်း၊ ပစ္စည်းများပျောက်ခြင်းကိုလည်း စုံစမ်းဖော်ထုတ်၍ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့နောက် သက်ဆိုင်ရာသံရုံးများနှင့် ဆက်သွယ်ပြီး လူမှုရေး၊ ကျန်းမာရေးကိစ္စများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် အခက်အခဲရှိလို့ လိုအပ်လာသည်ဆိုပါက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှူးရုံးနှင့် အခြားဒေသတပ်ဖွဲ့စုများ၏ ဖုန်းနံပါတ်များကို ဧည့်လမ်းညွှန်နှင့် ဟိုတယ်များတွင်ပေးထားပြီး နိုင်ငံခြားဧည့်သည်များလိုအပ်သည်များကို ကူညီဆောင်ရွက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝရေမြေတောတောင်များ၊ တန်ဖိုးမဖြတ်နိုင်သည့် သဘာဝယဉ်ကျေးမှုအမွေအနှစ်များ၊ တန်ခိုးကြီးသပ္ပာယ်လှသည့် စေတီပုထိုးများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားများစိတ်ဝင်စားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုနှုန်း မြင့်မားလာသည့်အတွက် ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမှာလည်း အရေးပါသည့်ကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။

သတင်းဆောင်းပါး-ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-အိမ့်ထက်မှူး




ဘာပဲလိုလို ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန်

Number One Directory In Myanmar

YELLOW PAGES

ကြော်ငြာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် ၂၀၁၅ တွင် ကြော်ငြာထည့်သွင်းပေးခဲ့ကြသော လုပ်ငန်းရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါသည်...

ဘာပဲလိုလို ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် ကို တည်ထောင်ခဲ့သည်မှာ ၂၃ နှစ် ကျော်ခဲ့ပါပြီ။ ထိုသို့ နှစ်ပေါင်းများစွာ ခိုင်မာစွာရပ်တည်နိုင်ခဲ့ခြင်းမှာ ပြောသည့်ကတိအတိုင်း လုပ်ဆောင်ပေးမှု၊ အာမခံချက်ခိုင်မာမှု၊ အုပ်ရေအတိအကျ ဖြန့်ဝေပေးမှု၊ နေရာအနှံ့ပျံ့နှံ့မှုများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ယုံကြည်စွာအားပေးခဲ့မှုကြောင့် ဖြစ်ပါသည်။

ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် မှ ၂၀၁၆ ခုနှစ်အတွက်လည်း ကြော်ငြာများ စတင်လက်ခံနေပြီဖြစ်ပါသည်။ ယခုအခါတွင် ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် ကို ယုံကြည်စွာအားပေးနေကြသော လုပ်ငန်းရှင်များအား ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် အယောင်ဆောင်၍ ကြော်ငြာများကောက်ခံနေသည်ကို တွေ့ရှိ ကြားသိရပါသည်။ ထို့ကြောင့် ကြော်ငြာရှင်များအနေဖြင့် မှားယွင်းမှု၊ ဆုံးရှုံးမှုများ မဖြစ်စေရန်နှင့် ခွဲခြားသိရှိနိုင်စေရန်အတွက် . . .

ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန်မှ ဝန်ထမ်းများ၏ ယူနီဖောင်းများတွင် ? အမှတ်တံဆိပ်များ တပ်ဆင်ပေးထားကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များအားလုံး စီးပွားလာဘ်လာဘများ ဒီရေအလားတိုးတက်ပြီး အောင်မြင်မှုအပေါင်း သရဖူဆောင်းနိုင်ကြပါစေ . . .

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် စာအုပ်ထုတ်ဝေရေးအဖွဲ့

SALES: 01-250 700

www.yangondirectory.com



# ထူးမြတ်တဲ့ကဆုန်ပွဲတော် ဗောဓိပင်ကိုရေစင်သွန်းလောင်းကာ ပူဇော်

မင်းထက်အောင် (မန်းကိုယ်ပွား)

ညောင်ရေသွန်းပွဲတော်သည် မြန်မာ ၁၂ လရာသီပွဲတော်တွင်ပါဝင်သော ဗုဒ္ဓဘာသာဝင်များ၏ ထူးမြတ်သော ပွဲတော်ဖြစ်သည်။ ညောင်ရေသွန်းပွဲတော်ကို မြန်မာလရာသီဖြစ်သည့် ကဆုန်လတွင် ကျင်းပလေ့ရှိပါသည်။ ကဆုန်လကို ရေပြတ်သောလဟု လည်းကောင်း၊ ရေသွန်းလဟု လည်းကောင်း ပညာရှိတို့က အနက်ဖွင့်ကြပါသည်။ ကဆုန်လတွင်ပွင့်သော ရာသီပန်းကား စံကားပန်း၊ ရာသီမှာ ပြိဿာရာသီ၊ ရာသီရုပ်မှာ နွားလား၊ စန်းယှဉ်နက္ခတ်မှာ ဝိသာခါနက္ခတ်ဖြစ်ပေသည်။ ညောင်ရေသွန်းပွဲတော်ကျင်းပသောနေ့သည် ကဆုန်လပြည့်နေ့ဖြစ်သည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်ပြီး ထူးခြားချက်များမှာ (၁) ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က ယခု ဘဒ္ဒကမ္ဘာတွင်လေးဆူမြတ်ဖြစ်သော ဂေါတမအမည်ဖြင့် ဘုရားစင်စစ်ဧကန်အမှန်ဖြစ်ပေလိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကိုခံယူရရှိသောနေ့ဖြစ်ခြင်း၊ (၂) မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခြင်း၊ (၃) မဟာသက္ကရာဇ်၁၀၃ခုနှစ် ကဆုန်လပြည့်နေ့တွင် နေမဝင်မီ ဒေဝပုတ္တမာရ်ကိုအောင်မြင်တော်မူ၍ ညဉ့်ဦးယံ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကို လည်းကောင်း၊ မဇ္ဈိမယံတွင် ပုဗ္ဗေစက္ခုဉာဏ်တော်ကို လည်းကောင်း၊ ပစ္ဆိမယံတွင် အာသဝက္ခယဉာဏ်တော်ကို လည်းကောင်း ရရှိတော်မူပြီး လောကသုံးပါးတွင် အတုမရှိသော ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း၊ (၄) မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ၄၅ နှစ်ကာလပတ်လုံး ဝေနေယျသတ္တဝါတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် နိဗ္ဗာန်စံဝင်တော်မူခြင်းတို့ဖြစ်လေသည်။

ထိုကဲ့သို့ ထူးမြတ်သော ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားရှင်သည် ဗောဓိညောင်ပင်တွင် ပွင့်တော်မူခဲ့၍ ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်ပိုင်း ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဘုရားဖြစ်တော်မူသော နေ့ထူးနေ့မြတ်ကို အာရုံပြု၍ မဟာဗောဓိညောင်ပင်ကို ညောင်သက်ရှည်စေရန်နှင့် သာသနာတော်အဓွန့်ရှည်စေရန်အတွက် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်ကို ရေသွန်းလောင်းကြသည်။

ပုဂံခေတ်ပုထိုးကျောက်စာတို့တွင် ကုဆုန်လဟု အရေးများသည်။ ကုဆုန်၊ ကဆုန်ဟူသောလ၏အခေါ်မှာ အလွန်ရှေးကျသည်ကို ထောက်သော် မြန်မာနိုင်ငံသို့ သာသနာရောက်ရှိသည့်အချိန်မှစ၍ ညောင်ရေသွန်းပွဲတော်ကျင်းပခြင်း အလေ့အထလည်းတစ်ပြိုင်တည်း ဖြစ်ပေါ်လာသည်ဟုယူဆရပြီး ရှေးခေတ်ဘုရင်များ၊ တိုင်းသူပြည်သားများပါဝင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလာသည်မှာ ပုဂံခေတ်ထေရဝါဒသာသနာတော် ထွန်းကားလာကတည်းက ယနေ့မန္တလေးယဉ်ကျေးမှုခေတ်တိုင်အောင်ပင် ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗောဓိကုန်းရပ်တွင် တည်ရှိသော ဗောဓိပင်ဘုရားသည် မဇ္ဈိမဒေသဗုဒ္ဓဂယာရှိမဟာဗောဓိစေတီတော်ပုံစံအတိုင်း တည်ထားကိုးကွယ်ခဲ့သည့် ဗောဓိပင်ဘုရားဖြစ်သည်။ ထိုဗောဓိပင်သည် ဗုဒ္ဓဂယာ ဘုရားရှင်ပွင့်တော်မူရာအရပ်မှ မဟာဗောဓိညောင်ပင်ကြီး၏ မျိုးဆက်အစစ်ဖြစ်ပါသည်။ စေတီလေးမျိုးရှိသည့်အနက် ပရိဘောဂစေတီအမျိုးအစားတွင်ပါဝင်သည့် မဟာဗောဓိညောင်ပင်ကို မင်းတုန်းမင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးလှူဒါန်းခဲ့ကြောင်းကို ထိုဘုရားကျောင်းဝင်းအတွင်းရှိ ဆီးဘန်နီဆရာတော် ရေးထိုးခဲ့သည့်ကျောက်စာတွင် ဖော်ပြထားသည်။

ပစ္စယံသုံးဆင့်ကို စေတီများတည်သည့်ပုံစံအတိုင်း အဆင့်ဆင့်တည်လုပ်ထားရှိပြီး အထက်ပစ္စယံအလယ်ခေါင်တည့်တည့်တွင် စိုက်ပျိုးထားခြင်းဖြစ်ကာ စေတီတော်တစ်ဆူပမာပစ္စယံတင်၍ စိုက်ပျိုးထားရှိခဲ့ခြင်း ဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက်လည်း မဟာဗောဓိကျောင်းတိုက်ရှိဆရာတော်များကိုလည်း ဘွဲ့တံဆိပ်တော်များနှင့် ကျောင်းတော်လှူဒါန်းခဲ့ပါသည်။ မဟာရံ မီးတားနှင့်တကွ အုတ်ဇရပ်တော်ရှစ်ခု မျက်နှာတစ်ဖက်လျှင် ရေကန်နှစ်ကန်စီကိုပါ တူးဖော်လှူဒါန်းခဲ့သဖြင့် စုစုပေါင်း ရှစ်ကန်ကို ယနေ့တိုင်တွေ့မြင်နိုင်ပါသည်။

ယခုအချိန်ထိ ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်နေ့တိုင်း ကျင်းပလျက်ရှိရာ ဗောဓိပင်ဘုရား သည် မန္တလေးမြို့သက်နှင့်အတူ နှစ်ပေါင်း၁၅၀ကျော်တိုင် တည်ရှိခဲ့ပြီး ဖြစ်ပါသည်။



ညောင်ရေသွန်းပွဲတော်ကို နှစ်စဉ်ကျင်းပနိုင်ရန်နှင့် အရှည်တည်တံ့စေရန်အတွက် နာယကဆရာတော်ကြီးများဖြစ်သည့် ဇန်းမော်ကျောင်းဆရာတော်၊ စီးတော်မြင်းဝန်ကျောင်းဆရာတော်၊ မဟာဗောဓိပင်ဆရာတော်၊ ဗောဓိ ပရိယတ္တိဆရာတော်လေးပါးမှ ဦးဆောင်ကြီးကြပ်၍ နာယကကြီးလေးဦး၊ ဂေါပကအဖွဲ့ဝင် သုံးဦး၊ အလုပ်အမှု ဆောင် ၂၇ ဦးတို့ဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ပွဲတော်ရက်အတွင်း မဟာနွယ်စဉ်ရပ်ကွက်ကြီးတွင်ပါဝင်သော ရပ်ကွက်ငယ် ကိုးရပ်ကွက်မှ တစ်ရပ်ကွက်လျှင် သုံးဦးနှုန်းဖြင့် စုပေါင်း၍ ညောင်ရေသွန်းနိုင်ရန်နှင့် ရန်ပုံငွေရရှိစေရန် ပူးပေါင်းဆောင်ရွက်ကြပါသည်။

ညောင်ရေသွန်းပွဲကိုလည်း မန္တလေးမြို့သူ မြို့သားများ နှစ်စဉ်ပါဝင်၍ ကုသိုလ်ပြုခဲ့ကြပါသည်။ ရှေးယခင်က မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်ကြီးများမှ ဦးဆောင်၍ ယိမ်းအဖွဲ့များဖြစ်သည့် လယ်သမားယိမ်း၊ ဦးရွှေရိုး ဒေါ်မိုးအက၊ ဖိုးသူတော်ယိမ်း၊ သူငယ်တော်ယိမ်း၊ ဆင်အက၊ ဗျာပါဆံအက၊ အိုးစည်ဒိုးပတ်အက၊ တိုးနရားအကများဖြင့် နံနက်ခင်းအချိန်မှ ကြိုတင်ပြင်ဆင်၍ ညောင်ရေသွန်းလောင်းခဲ့ကြကြောင်းကိုလည်း သိရှိခဲ့ရပါသည်။ လမ်းဘေးဝဲယာတစ်လျှောက်တွင်လည်း မုန့်ပဲသရေစာနှင့် အချိုရည်များကို စေတနာသဒ္ဓါ တိုက်ကျွေးဧည့်ခံ ကြပါသည်။ ထိုအချိန်တွင် ဗောဓိကုန်းရပ်ကွက်အတွင်း လမ်းကြိုလမ်းကြားမကျန် လူအုပ်ကြီးမှာ ကြက်ပျံမကျ စည်ကားလှပါသည်။ ယခုအခါတွင် ညောင်ရေသွန်းပွဲတော်ကို ရေသွန်းလောင်းသပ္ပာယ်ရင်း ရေစက်ရေပေါက်ကလေးများက မိန်းမပျိုများကို စို့ရွှဲစေပြီး မန္တလေးမြို့၏ ဒုတိယသင်္ကြန်ပွဲတော်သဖွယ် ရေပက်သည့် အလေ့အထ ပေါ်ပေါက်ခဲ့ပါသည်။

ဗောဓိညောင်ပင်အစစ်ဖြစ်၍ ကဆုန်လပြည့်နေ့ညနေရောက်တိုင်း မိုးနတ်မင်းကပင်တိမ်ဖွဲ့ကာ မိုးလေ ဆင်၍ ညောင်ရေသွန်းခြင်းအမှုကို လူသားများနှင့်အပြိုင်ကုသိုလ်ပြုသည်ဟု မန္တလေးသူ၊ မန္တလေးသားများက ယုံကြည်ယူဆလျက် ယနေ့တိုင် ဗောဓိပင်ကို ညောင်ရေသွန်းလောင်းကာ ကုသိုလ်ပြု ပူဇော်လျက်ရှိကြပေရာ ဗုဒ္ဓသာသနာတော်ရှိနေသမျှကာလပတ်လုံး ဘာသာရေးဆိုင်ရာပွဲတော်များ မေ့မှိန်ပျောက်ကွယ်သွားမည်မဟုတ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

# ခါနွေကဆုန်သာစွတကား

❊ ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေလျက်
ထွေထွေသာမော၊ မြိုင်ညိုတောတွင်
ဥဩဖိုမ၊ တေးဆိုကြပြီ
နွေလကဆုန်ရောက်ပြီကို။
❊ ကဆုန်လပြည့်၊ မြတ်သည့်နေ့တွင်
ရသေ့မြတ်စွာ၊ သုမေဓာလျှင်
ဒီပင်္ကရာ၊ မြတ်စွာဗုဒ္ဓ
နှုတ်မှပွင့်လန်း၊ ဗျာဒိတ်ပန်းကို
ဆင်မြန်းခဲ့ရပါလေ၏။
❊ ဗုဒ္ဓါလောင်းမြတ်၊ မင်းသိဒ္ဓတ်သည်
ထူးမြတ်ချိန်ခါ၊ မဟာသက္ကရာဇ်
ခြောက်ဆယ့်ရှစ်ကြို၊ ကဆုန်လပြည့်
သောကြာနေ့တွင်၊ ဖွားသန့်စင်၏။
❊ ဗုဒ္ဓါလောင်းမြတ်၊ မင်းသိဒ္ဓတ်သည်
ထူးမြတ်ချိန်ခါ၊ မဟာသက္ကရာဇ်
တစ်သုညသုံး၊ အမြတ်ဆုံးကြို
ကဆုန်လပြည့်၊ ဆင်မင်းနေ့တွင်
မြတ်ရှင်ဗုဒ္ဓ၊ သုံးလူ့ဘဟု
လောကလူ့ရွာ၊ ပွင့်ထွန်းလာ၏။
❊ ပရမေမြတ်စွာ၊ စောဗုဒ္ဓါသည်
မဟာသက္ကရာဇ်၊ တစ်လေးရှစ်ကြို
ကဆုန်လပြည့်၊ အင်္ဂါနေ့တွင်
ချမ်းမြေ့နိဗ္ဗာန်
ဝင်စံခဲ့ရပါလေ၏။
❊ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင်
မြတ်ရှင်ဘဂဝါ၊ ကွန်းခိုရာတည့်
သစ္စာပွင့်ထွန်း၊ ညောင်ပင်ဝန်းတွင်
ရေသွန်းသဘင်၊ နွဲဆင်ယင်၍
ကြည်လင်ရွှင်ပျ၊ မြတ်ဒါနနှင့်
သီလဘာဝနာ၊ ကောင်းမှုဖြာလျက်
ပြည်ရွာငြိမ်းချမ်း၊ စိမ်းလန်းစိုပြေ(ပြည်)
ထူးတင့်လေပြီ
ခါနွေကဆုန်သာစွတကား။

**ညွှန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)**

## လေပြင်းတိုက်ခတ်၍ နေအိမ်များပြိုကျ၊ ရဲတပ်ဖွဲ့ဝင်များကူညီ

**နေပြည်တော် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း ဧပြီ ၂၅ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ရေလယ်ကွေ့ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဆောင်၏ ထရံနှင့်အမိုးများလန်ပြီး ကန်ပေါက်ကြီးကျေးရွာရှိ လူနေအိမ် ၃၄ လုံး၊ မီးဖို၊ စပါးကျီခုနစ်လုံး၊ နွားတဲ ၁၄ လုံးတို့ အမိုးလန်ခဲ့ပြီး ထရံကာ၊ သွပ်မိုး တစ်ထပ်နေအိမ်သုံးလုံး ပြိုကျခဲ့ရာ ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ရွှေတောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်၍ ကျေးရွာများအတွင်း ဝိုင်းဝန်းရှင်းလင်းခြင်းနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်မည့် ဝါးခယ်မမြို့နယ် မြဂိုးလေးကျေးရွာအုပ်စု ကန်ကြီးထောင့်ကျေးရွာ ဦးရွှေဒေါင်းချောင်းကူးတံတား ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧပြီ တတိယပတ်က အဆိုပါတံတားမြေနေရာ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောမြသိန်း၊ ဝါးခယ်မမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မျိုးအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတို့က ပန္နက်တင်ရိုက်ပေးစဉ်။

ဝါးခယ်မ-မြင့်ဦး

## အပူဒဏ်ကြောင့် ငါးသေဆုံးမှု နှိုးဆော်ချက်

နံနက်ပိုင်း မိုးအုံ့သောရက်၊ နွှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်၊

ရေငွေ့ပျံခြင်းကြောင့် ကန်ထဲတွင်ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်း မြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်းခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိငါးများတွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးထည့်သွင်းမွေးမြူနှုန်းကိုလည်း လျှော့ချထားရန်၊

ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်၊ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်၊

အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုလုပ်ရန်၊

ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅ -၄၀) စင်တီမီတာအတွင်း ရှိနေစေရန်၊ (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကို ဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိမည် ဖြစ်ပါသည်။)

ကန်ရေမြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေမည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ကျွေးမွေးရန်၊

အစာကျွေးပြီးပါက အစာကျန်များရှိ /မရှိ ပုံမှန်စစ်ဆေးရန်၊မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်ရန်အတွက် ရေသိုလှောင်သည့် အရန်ကန်များ ထားရှိရန်၊ ရေလုံလောက်မှုမရှိပါက ငါးကန်များကို ငါးများပေါင်းထည့်ပြီး ရေများဖြည့်တင်းပေးရန်နှင့် အခြားကန်များကို အခြောက်ခံခြင်းများ ပြုလုပ်သွားရန်၊

ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ် နံနက်ပိုင်း (၆နာရီ) တွင် ပုံမှန်စစ်ဆေးရန်၊

ငါးမွေးကန်၌ အပူဒဏ်ကြောင့် ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**ငါးလုပ်ငန်းဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# ဖလမ်းနှင့်မင်းတပ် လအနည်းငယ်အတွင်း ဓာတ်အားရရှိရေး ဆောင်ရွက်နေ

**ရန်ကုန် ဧပြီ ၂၉**

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြည်နယ်အတွင်း ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိရာ ဖလမ်းမြို့နှင့်ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့များသို့ ဓာတ်အားလိုင်းများ သွယ်တန်းလျက်ရှိရာ လာမည့်စက်တင်ဘာ၌ ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ချင်းပြည်နယ်သည် နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်သုံးစွဲနိုင်မှု နည်းသည့် ပြည်နယ်တစ်ခုဖြစ်ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကာလအတွင်း ကျေးလက်မီးလင်းရေးအတွက် ရေအားလျှပ်စစ်လုပ်ငန်း လေးခုကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်ထားသည်ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုတ်ပြန်သောသတင်း၌ ဖော်ပြထားသည်။

ချင်းပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၂ မြို့နယ်တွင် လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းနှင့် မြေပြင်အနေအထားအရ ဓာတ်အားလိုင်းများ သွယ်တန်းရန် အခက်အခဲရှိမှုတို့ကြောင့် ယခင်က ဒီဇယ်မီးစက်များ၊ အသေးစား ရေအားလျှပ်စစ်ဖြင့် နာရီပိုင်းမျှ ဓာတ်အားရရှိခဲ့ကြသည်။

ယခုအခါ နိုင်ငံတော်ရန်ပုံငွေမှ အကုန်အကျခံကာ ဟားခါးမြို့နှင့် ထန်တလန်မြို့များမှာ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိနေကြပြီဖြစ်သည်။ လောလောဆယ်၌ သွယ်တန်းနေသော ဓာတ်အားလိုင်းများ ပြီးစီးပါက ဖလမ်းမြို့နှင့် မင်းတပ်မြို့များမှာ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ရရှိသုံးစွဲနိုင်မည်ဖြစ်သည်။

ချင်းပြည်နယ်ရှိ မြို့နယ်များဖြစ်သော ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ပလက်ဝ၊ ကန်ပက်လက်၊ ကျီခါး၊ ရေဇွာ၊ ရိဒ်ခေါဒါရ်၊ ဆမီးမြို့နယ်များအနက် မတူပီနှင့် ကန်ပက်လက်မြို့များကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးကာလအတွင်း ဓာတ်အားခွဲရုံများ တည်ဆောက်ကာ ဓာတ်အားလိုင်းများ သွယ်တန်းမှုပြုလုပ်ကာ လာမည့် ၂၀၁၆ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်သည်။

ချင်းပြည်နယ်တွင် တီးတိန်၊ တွန်းဇံ၊ ရိဒ်ခေါဒါရ်ကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ တည်ဆောက်သွယ်တန်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

တစ်ဖန် ကျီခါး၊ ရေဇွာ၊ ဆမီးမြို့များကိုလည်း နိုင်ငံတော်မှ ဓာတ်အားစနစ်မရောက်မီ ဒီဇယ်မီးစက် အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်ရေးစူးစမ်းရှာဖွေကာ ဓာတ်အားရရှိရေး ကြိုးစားသွားမည်ဖြစ်သည်။

ချင်းပြည်နယ်တွင် နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးအတွက် ဓာတ်အားလိုင်းများသွယ်တန်းပြီးပါက ချင်းပြည်နယ်မှ မြို့နယ် ၁၂ မြို့နယ်အပြင် မြို့များနှင့် နီးစပ်သော ကျေးရွာများကိုလည်း ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်သည်။

ချင်းပြည်နယ်တွင် ကျေးလက်မီးလင်းရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးကာလအတွင်း နေရောင်ခြည်စွမ်းအင်သုံးလုပ်ငန်း ၁၇၉၁ ခုကို ဆောင်ရွက်သွားရန် အစီအစဉ်ရှိနေကြောင်း သိရသည်။

**ဝေယံဦး(မြန်မာ့အလင်း)**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် အရေးပေါ်ခေါ်ဆိုရန် Call Center တယ်လီဖုန်းအမှတ် ၁၈၈၀ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အသုံးပြုသည့် ခရီးသွားပြည်သူများအား အရေးပေါ်အခြေအနေ ကြုံတွေ့လာပါက အမြန်ဆုံးကူညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် အလွယ်တကူ မှတ်မိသိရှိလွယ်သော Call Center တယ်လီဖုန်းအမှတ် ၁၈၈၀ အား Corporate Social Responsibility (CSR) ဝန်ဆောင်မှု ဆောင်ရွက်သည့် Blue Ocean Operating Management Co.,Ltd. နှင့် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးအဖွဲ့က ၂၀၁၄ ခုနှစ် ဇူလိုင် ၂၈ ရက်ကစ၍ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးအဖွဲ့မှ သိရသည်။

Call Center တယ်လီဖုန်းအမှတ် ၁၈၈၀သို့ ဝန်ဆောင်မှုလုပ်ငန်းစတင်ခဲ့သည့် ၂၀၁၄ ခုနှစ် ဇူလိုင် ၂၈ ရက်မှ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်အထိ ခေါ်ဆိုမှုပေါင်း ၁၉၃၉၆ ကြိမ်ခေါ်ဆိုခဲ့ပြီး ခေါ်ဆိုမှုများမှ လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

Call Center တယ်လီဖုန်းအမှတ် ၁၈၈၀ သို့ MPT ဖုန်းများဖြင့်သာ ခေါ်ဆိုနိုင်သော်လည်း အခြား Operator များဖြစ်သည့် Ooredoo နှင့် Telenor ဖုန်းများဖြင့် ခေါ်ဆိုရာတွင် အခက်အခဲများရှိနေကြောင်း သိရသဖြင့် နည်းပညာအရ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဖုန်းဆောင်ရွက်ဆဲကာလတွင် Call Center သို့ ဖုန်းဆက်သွယ်လိုပါက Call Center No.01-2399880 သို့ ဖုန်းဆက်သွယ်ခေါ်ဆိုနိုင်ပါကြောင်း၊ အခက်အခဲများ၊ အဆင်မပြေမှုများရှိပါက https;/m.facebook.com/ygnmdyexpress road မှ massage box တွင် သတင်းပေးပို့ခြင်း၊ အမြန်လမ်းမကြီး ထိန်းသိမ်း ပြုပြင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ဖုန်းအမှတ် ၀၉-၂၅၀၉၀၂၀၀၄၊ ၀၉-၂၅၀၉၀၂၀၀၅ နှင့် ၀၉-၈၅၉၁၇၅၇ တို့သို့ ဆက်သွယ် သတင်းပို့နိုင်ကြောင်းနှင့် အမြန်လမ်းမကြီးအသုံးပြု ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေး အတွက် Call Center No.1880 မှ ၂၄ နာရီပတ်လုံး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**တင်လှမောင်**

| No | Month | Total | Major | Minor | Emergency | Workshop & Fuel Shop | Other Case |
|---|---|---|---|---|---|---|---|
| 1 | July | 1095 | 10 | 1085 | 5 | 2 | 3 |
| 2 | August | 3516 | 120 | 3396 | 37 | 38 | 45 |
| 3 | September | 2913 | 133 | 2780 | 28 | 73 | 32 |
| 4 | October | 2708 | 114 | 2594 | 39 | 45 | 30 |
| 5 | November | 2815 | 101 | 2714 | 26 | 46 | 29 |
| 6 | December | 2592 | 60 | 2532 | 25 | 21 | 14 |
| 7 | January | 1954 | 64 | 1890 | 23 | 17 | 21 |
| 8 | February | 712 | 37 | 675 | 18 | 14 | 5 |
| 9 | March | 1091 | 114 | 977 | 39 | 43 | 32 |
| | | 19396 | 753 | 18643 | 240 | 299 | 211 |

# ပခုက္ကူမြို့နယ်အတွင်း လေပြင်းတိုက်ခတ်၍ သစ်ပင်များပြိုလဲ



**ပခုက္ကူ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကမ္မစံပြကျေးရွာ၊ ပန်းကန်မျှော်ကျေးရွာ၊ ကျိုးပုံစံပြကျေးရွာများ၌ ဧပြီ ၂၇ ရက် ညနေ ၃ နာရီခန့်က လေပြင်းတိုက်ခတ်၍ မိုးရွာသွန်းမှုကြောင့် နေအိမ်အချို့ အမိုးများလန်ပြီး လမ်းဘေးသစ်ပင်နှင့် ဓာတ်တိုင်များ ပြိုလဲခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများနှင့် လမ်းဘေးများ၌ ပြိုလဲသွားသော ဓာတ်တိုင်များနှင့် သစ်ပင်များကြောင့် ကားလမ်းခေတ္တပိတ်ဆို့မှုဖြစ်ခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ပြန်လည်ရှင်းလင်းကြသဖြင့် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွှေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**ကလော**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့တွင် ဧပြီ ၂၇ ရက်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်း (အရာရှိ) အဆင့် အမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို မြို့မရဲစခန်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ဝင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဆွေတို့က အမှာစကားပြောကြားကြသည်။ သင်တန်းကာလမှာ ဧပြီ ၂၇ ရက်မှ မေ ၁ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စိန်ဝင်း**

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ခရိုင်ရဲတပ်ဖွဲ့မှူး အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ ရက်က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး မြင့်ဆွေဦးစီး၍ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်လှစ်ကြောင်း သိရသည်။

သင်တန်းသို့ ရဲအရာရှိ ၂၅ ဦး၊ အခြားအဆင့် ၂၅ ဦး တက်ရောက်သင်ကြားကြောင်း၊ သင်တန်းကာလမှာ ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အထိ ခုနစ်ရက်ကြာမည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဆွေနှင့် ခရိုင်မှုခင်းမှတ်တမ်းဒုရဲမှူး မိုးဇော်ဆွေတို့က သင်တန်းများပို့ချမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**

**ညောင်ရွှေ**

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းကို ဧပြီ ၂၇ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့မရဲစခန်း၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကြီးမြင့်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **မြတ်သူ(iprd)**



# နယားမြက်များ စိုက်ပျိုးခြင်းဖြင့် ဆွာချောင်းရေတိုက်စားမှု လျော့ကျ

**ရေတာရှည် ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆွာချောင်းတစ်လျှောက်ရှိ ကျေးရွာများသည် ချောင်းရေတိုက်စားမှုကြောင့် သစ်ပင်ကြီးများပျက်စီးခြင်းနှင့် ယာမြေကွက်များ ဆုံးရှုံးခဲ့သည်များရှိခဲ့သည်ကို တွေ့ရသည်။

ယခုနောက်ပိုင်း ချောင်းရေတိုက်စားမှုသက်သာစေရန် ကမ်းပါးများတစ်လျှောက်တွင် နယားမြက်များစိုက်ပျိုးထားခဲ့ရာ ချောင်းရေတိုက်စားမှု သိသာစွာ ကျဆင်းသွားသည်ကို တွေ့ရသည်။ “ နယားမြက်က အမြစ်တွယ်အားကောင်းတယ်၊ အပင်ကလည်း နွယ်လို ဖြစ်နေတော့ ရေတိုးတဲ့ဒဏ်ကို ကောင်းကောင်းခံနိုင်တယ်၊ မနှစ်ကစမ်းပြီး စိုက်ထားတာ အခုအဲ့ဒီမြက်ထုရှိတဲ့နေရာမှာ ချောင်းရေလုံးဝမဖွဲ့နိုင်တာကို တွေ့ရ တယ်” ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု ရေနီးကျေးရွာဒေသခံတစ်ဦးက ပြောသည်။

အလားတူပင် ဆွာချောင်းရေတိုက်စားမှုဒဏ်ခံနေရသော တံတားကြီးကျေးရွာ၌ နယားမြက်မျိုးများစိုက်ပျိုးရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ထရန်စဖော်မာသစ် တပ်ဆင်

**မိတ္ထီလာ ဧပြီ ၂၉**

**မိတ္ထီလာမြို့ ပြည်သာယာမြောက်ပိုင်းရပ်ကွက်နေ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိစေရေးအတွက် ထရန်စဖော်မာသစ်နှစ်ခုကို ပြည်သာယာမြောက်ပိုင်းရပ်ကွက်(၁)လမ်းနှင့်(၆)လမ်းတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ လမ်းညွှန်မှုဖြင့် ထပ်မံထားရှိပေးထားကြောင်း သိရသည်။**

"ပြည်သာယာ မြောက်ပိုင်းရပ်ကွက် (၁) လမ်းနဲ့ (၆)လမ်းမှာ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်ခုစီ ထပ်မံတပ်ဆင်ပေးတာပါ။ ဒေသခံ ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိစေဖို့ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေဖို့နဲ့ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းစေဖို့ ရည်ရွယ်ပြီး အခုလို ထရန်စဖော်မာခွဲနှစ်ခုကို ထပ်မံတပ်ဆင်ပေးတာ ဖြစ်ပါတယ်။ ၁၁ ကေဗွီ ဓာတ်အားလိုင်းကနေ ထရန်စဖော်မာနှစ်ခုကို ဓာတ်အားခွဲပို့ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးတာမို့ (၁)လမ်းနဲ့ (၆)လမ်းပတ်ဝန်းကျင်က အိမ်ခြေ ၄၅၀ကျော်အတွက် လျှပ်စစ်ဓာတ်အား ယခင်ကထက် ပိုမိုပြည့်ဝစွာရရှိတော့မှာ ဖြစ်ပါတယ် "ဟု မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်သာထွန်းက ပြောသည်။



ထရန်စဖော်မာသစ်များတပ်ဆင်ရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်သာထွန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ပြည်သာယာမြောက်ပိုင်းရပ်ကွက် (၆)လမ်းတွင် တပ်ဆင်သည့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများကို ဧပြီလလယ်ပိုင်းက စတင်ဆောင်ရွက်နေပြီဖြစ်ကာ (၁)လမ်းတွင် တပ်ဆင်သည့် ၂၀၀ကေဗွီအေထရန်စဖော်မာမှ လျှပ်စစ်ဓာတ်အားကို ဧပြီ၂၇ ရက်က စတင်ဖြန့်ဖြူးနေပြီဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



## ရမည်းသင်းတွင် စာသင်ကျောင်းဟောင်း ၁၁ ကျောင်း ပြန်လည်တည်ဆောက်ပြီးစီး

**ရမည်းသင်း ဧပြီ ၂၉**

အမှတ်(၂) အခြေခံပညာဦးစီးဌာန(မန္တလေး)မှ ယခုပညာသင်နှစ်တွင် ရမည်းသင်းမြို့နယ် ရပ်ကွက်ကျေးရွာများ၏ အန္တရာယ်ရှိ စာသင်ကျောင်းအဟောင်းများနှင့် ကျောင်းဆောင်မလုံလောက်သည့် ကျောင်းများကို ငွေစာရင်း ခွင့်ပြုငွေဖြင့် ပြန်လည်ဆောက်လုပ်ပေးခဲ့ရာ ယခုအခါ ကျောင်းပေါင်း ၁၁ ကျောင်းစလုံးပြီးစီးသဖြင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းများကို ထူးမြတ်ကျော်ဆောက်လုပ်ရေးမှ မကျီးကုန်းအမက၊ ဓမ္မပါလ အမကနှင့် ရိုးကြီးအမကတို့ကို အာရ်စီတစ်ထပ်ကျောင်းဆောင်များအဖြစ်နှင့် ဗျဉ်းဂါတ်ရွာ အမက၊ ဇလုတ်ကြီးအမကတို့ကို အုတ်ညှပ်ကျောင်းများအဖြစ်လည်းကောင်း ဆောက်လုပ်ပြီးစီးခဲ့ပြီး လားရှိုးကြယ်ဆောက်လုပ်ရေးမှ အောင်မင်္ဂလာရပ်ကွက်ကြီး မူလွန်ကျောင်း လယ်ပြင်သာ အမကကျောင်းတို့ကို အာရ်စီတစ်ထပ်ကျောင်းများအဖြစ်လည်းကောင်း၊ တပ်တွင်းမူလွန်ကျောင်းကို အုတ်ညှပ်ကျောင်းအဖြစ်လည်းကောင်း ဆောက်လုပ်ခြင်းဖြစ်သည်။

ထို့အတူ ရတနာ ဆောက်လုပ်ရေးမှ ဝါးတိုးအရှေ့မူလွန်၊ ကဒေါင်းအမကနှင့် ထန်းပေါက်ကုန်းအမကတို့ကို အုတ်ညှပ်ကျောင်းများအဖြစ် ဆောက်လုပ်ပြီးစီးခဲ့သဖြင့် ပညာရေးဝန်ကြီးဌာနသို့ ဧပြီ ၂၇ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

**ညွန့်ရွှေ (ရမည်းသင်း)**

## ငါန်းဇွန်မြို့၌ အရန်သားဖွားသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ငါန်းဇွန် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အရန်သားဖွား သင်တန်း (၂/၂၀၁၄) ဆင်းပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာအောင်ဆန်းက သင်တန်းသားများအနေဖြင့် ကျေးလက်ဒေသအတွင်းရှိ ပြည်သူလူထုအကျိုးပြုလုပ်ငန်းများဖြစ်သော ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း၊ မွေးဖွားခြင်းနှင့် မွေးပြီးစောင့်ရှောက်ခြင်းစသော မိခင်နှင့်ကလေးများအား အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ယခုလိုသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ပြီး အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးကြရန် ရှင်းလင်းမှာကြားသည်။

တက်ရောက်လာသော သင်တန်းသား ၂၀ အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဆန်း၊ လက်ထောက်ဆရာဝန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝေလင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဝင်းကျော်နှင့် မြို့နယ်သူနာပြုအဆင့် (၁)တို့က သင်တန်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပေးခဲ့သည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## သတင်းတိုများ

### ကျောက်ပန်းတောင်း၌ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးသင်တန်းဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှ မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေးသင်တန်းကို ဧပြီ ၂၇ရက်မှ ၃၀ ရက်အထိ ရဲတပ်ဖွဲ့စခန်းဓမ္မာရုံ၌ ဖွင့်လှစ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦး ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေရှေ့မှောက်၌ နိုင်ငံသားအားလုံးတန်းတူညီမျှမှုရှိရမည့် ဒီမိုကရေစီမူဝါဒအရ လုပ်ငန်းတာဝန်များလုပ်ဆောင်ရာတွင် စွပ်စွဲပြစ်တင်ခြင်းမခံရရေး အထူးဂရုပြုကြစေကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးမောင်မောင်ရှိန်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ တက်ရောက်သူများကိုပို့ချဆွေးနွေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

### ရမည်းသင်းမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး

ရွေးကောက်ပွဲကာလအတွင်း တရားမျှတခြင်းနှင့် လုံခြုံခြင်း အသိပညာပေးဆင့်ပွားသင်တန်းကို ဧပြီ ၂၇ ရက်က ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေက ယခင်ရွေးကောက်ပွဲ အတွေ့အကြုံများနှင့် ရလဒ်များကို အခြေခံကာ စည်းကမ်းရှိမှုနှင့် လုံခြုံမှုတို့ကို အသိပညာဖြင့် ဆောင်ရွက်သွားရန် ပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးငွေသိန်းက ပါတီများ ပိုမိုများပြားလာသဖြင့် သမာသမတ်ကျနစွာ ယှဉ်ပြိုင်နိုင်ရေးနှင့် ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကာလပြီးစီးသည်အထိ အေးချမ်းစွာ ဆောင်ရွက်နိုင်ရန် ပြောကြားသည်။ သင်တန်းသို့ ရဲတပ်ဖွဲ့ဝင် ၂၅ ဦးနှင့် အရာရှိ ၂၅ ဦးတို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**(ဝ၁၁)**

### ငါန်းဇွန်မြို့၌ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးသင်တန်းသို့ ၅၀ တက်ရောက်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဧပြီ ၂၇ရက်က ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေးဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိုးဝင်းက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု ဆရာဖြစ်သင်တန်း ဘားအံမြို့၌ ဖွင့်

**ဘားအံ ဧပြီ ၂၉**

ကရင်ပြည်နယ် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအသင်းကကြီးမှူးကျင်းပသော ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှု ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက ဘားအံမြို့ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ငွေကျပ်သိန်း ၂၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ဦးခွန်မင်းအောင်က လက်ခံရယူသည်။

အဆိုပါ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု ဆရာဖြစ်သင်တန်းကို ကရင်ပြည်နယ်အတွင်းရှိ ပအိုဝ်းတိုင်းရင်းသားများ၊ ကျောင်းဆရာ ဆရာမ ၁၀၀ ကျော်သည် မေ ၂၂ ရက်အထိ သင်ယူကြရမည်ဖြစ်ကာ သင်ကြားမှုပြီးဆုံးပါက ဒေသအသီးသီးသို့ ဆင့်ပွားပြန်လည် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## စာကြည့်တိုက်ဝန်ဆောင်မှုအတွက် အလုပ်ရုံဆွေးနွေး

**ပန်းတနော် ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၆ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ပန်းတနော်မြို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းသိန်း၊ အထက ကျောင်းအုပ်ဆရာကြီး ဦးငွေထွန်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စန္ဒာဆွေက စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဦးထွန်းလှက စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးပြောကြားပြီးနောက် စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများ မြှင့်တင်ရေးကို ပြောကြားခဲ့ကြောင်းသိရသည်။

**ခင်မောင်ဇော်မြင့်**



# ယဉ်ကျေးလိမ္မာစေရေးနှင့် ကျောင်းသင်ရိုးများ လိုက်မီစေရေး တစ်နိုင်တစ်ပိုင် ကုသိုလ်ပြုလာ

သတင်း-သွန်းဝသန်

ဓာတ်ပုံ-ဆောင်းနွေမိုး



**ရန်ကုန် ဧပြီ ၂၉**

"ကျောင်းမှန်မှန်လာကြတဲ့ ကလေးတွေကို ကျေးဇူးလည်းတင်တယ်။ သူတို့အတွက် နေ့စဉ်ကျောင်းမှန်ဖို့ဆိုတာ အခက်အခဲတွေ အများကြီးရှိတယ်။အများကြီးလက်မခံနိုင်သေးပေမယ့် ကိုယ်တတ်စွမ်းသမျှ ခေါ်ယူသင်ကြားပေးနေပါတယ်"လို့ ပျံကျဈေးသည်များ၏ ကလေးငယ်များကို စာသင်ကြားပေးသူ လူငယ်တစ်ဦးကပြောပါတယ်။

ရန်ကုန်သို့ အနီးအနားက ပျံကျဈေးသည်တွေ ပုံမှန်လာရောက် ဈေးရောင်းနေကြရာမှာ တစ်နေကုန်လိုလို လမ်းပေါ်မှာသာ အချိန်ကုန်ကြရပြီး သူတို့ရဲ့ သားသမီးတွေဟာလည်း ဈေးရောင်းချရာ နေရာတွေရဲ့ အနီးအနားဝန်းကျင်မှာ ကလေးသဘာဝ ဆော့ကစားခြင်းတွေ၊ အတုမြင်အတတ်သင် ပျော်သလို နေရင်းဖြင့်သာ ကုန်ဆုံးနေကြရတယ်လို့ ပျံကျဈေးသည် မိခင်တစ်ဦးကလည်း ဆိုပါတယ်။

"ကျွန်တော်တို့က ကလေးအများကြီးတော့ မဟုတ်ပါဘူး။ သို့သော် ရန်ကုန်ဘူတာကြီးက ဝန်ထမ်းသားသမီးတွေနဲ့ ပညာရေးထက် ဝမ်းရေးကို ရှာဖွေရုန်းကန်နေကြရတဲ့ သားငယ်သမီးငယ်လေးတွေကို စာရေးတတ်၊ ဖတ်တတ်အောင် သင်ပေးနေပါတယ်။ ကျောင်းနေရတဲ့ ကလေးတွေကို ကျောင်းသင်ရိုးညွှန်းတမ်းအတိုင်း ဂိုက်လိုင်းပေးသင်ကြားသလို စာမတတ်တဲ့ကလေးတွေဆိုရင်လည်း စာတတ်မြောက်အောင်သင်ပေးတယ်။ ငယ်ရွယ်တဲ့ကလေးတွေကျတော့ စာသင်ကြားရေးထက် ယဉ်ကျေးလိမ္မာလာစေဖို့နဲ့ စာရိတ္တကောင်းဖို့ သင်ပေး ပြောပေးရတယ်"လို့ မြန်မာ့ဂုဏ်ရည်လမ်းထိပ် ဖဆပလအိမ်ရာ တိုက်အမှတ် (၅၇) တွင် မေတ္တာဖြင့် အခမဲ့သင်ကြားပေးနေတဲ့ ကိုဇော်ရဲထွန်းက ပြောပါတယ်။ ရန်ကုန်ဘူတာကြီးက ပျံကျဈေးသည် သားသမီးများနှင့် ကိုယ်တိုင်အသက်မွေးဝမ်းကျောင်းမှု ပြုနေရတဲ့ ကလေးငယ်အများစုမှာ ရန်ကုန်မြို့စွန်များနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ဖြစ်ကြပါတယ်။

"အသက်အားဖြင့် ငါးနှစ်ကနေ ၁၄ နှစ်ကြား ကလေးတွေအများဆုံးရှိတယ်။ ပညာသင်ကြားဖို့ အခွင့်အလမ်းတွေ ပွင့်လာပေမယ့် သူတို့စားဝတ်နေရေးအတွက် အခက်အခဲရှိလို့ သင်ကြားခွင့်မရကြဘူး။ သင်နေဆဲမှာ ရပ်တန့်လိုက်ရသူတွေ များတယ်။ အခုလို သူတို့အားတဲ့အချိန်လေးတွေမှာ စာဖတ်ခန်းတစ်ခန်းအနေနဲ့ နွေးနွေးထွေးထွေး ကြိုဆိုပေးလိုက်တာဖြစ်ပါတယ်"လို့ ကလေးငယ်များကို စာတတ်မြောက်ရေးနဲ့ လိမ္မာရေးခြားရှိစေရေး တစ်နိုင်တစ်ပိုင် သင်ကြားပြသပေးသူ ဆရာတော် အရှင်ဝေပုလ္လက ဆိုပါတယ်။

"အွန်လိုင်းက မိတ်ဆွေသူငယ်ချင်းတွေနဲ့ စုပေါင်းကုသိုလ်နဲ့ ဩဝါဒါစရိယဆရာတော်တွေရဲ့ ဦးဆောင်မှုတွေကြောင့် အတန်းပညာတွေ၊ ဗဟုသုတတွေ၊ ဘာသာတရားအဆုံးအမနဲ့ လိမ္မာရေးခြားရှိစေရေးတွေကို သင်ကြားပြသပေးနေတာဖြစ်ပါတယ်။ ကျောင်းမှန်မှန်မတက်တဲ့ကလေးတွေရှိပေမယ့် သူတို့ လာတဲ့အခါ ဆူတာ၊ ပြောတာမလုပ်ရက်ပါဘူး။ အခက်အခဲတွေအများကြီးကြားထဲက တစ်ရက်လောက်ဖြစ်ဖြစ် လာကြတာ သူတို့အတွက် ကောင်းတယ်။ နေ့စဉ်လာချင်အောင်တော့ စည်းရုံးရတယ်။ မိဘအများစုကလည်း ကိုယ်သာ ပျံကျဈေးသည်ဖြစ်တာ ကိုယ့်သားသမီးကို ပညာသင်ကြားစေလိုကြတာမို့ ကြိုးစားလွှတ်ပေးကြတယ်"လို့ ကိုဇော်ရဲထွန်းကပြောပါတယ်။

အများစုမှာ မူကြိုအရွယ်မှ ခုနစ်တန်းအထိဖြစ်ခြင်းကြောင့် ယင်းအရွယ်များနှင့်အလိုက် သင်ကြားမှုများကို ပေးအပ်ရကြောင်း၊ လူဦးရေ ၅၀ ကျော်ကို လက်ခံသင်ကြားပေးနေပြီး တစ်ပတ်တွင် လေးရက်အထိ သင်ကြားလျက်ရှိကြောင်းကို ကိုဇော်ရဲထွန်းထံမှ သိရပါတယ်။

"အခုနောက်ပိုင်းနေရာအများစုမှာ တစ်နိုင်တစ်ပိုင် ကုသိုလ်ပြုသင်ကြားပေးနေတာတွေ့ရတယ်။ ကလေးတွေအတွက် ကောင်းပါတယ်။ မိဘတွေအတွက်လည်း ကိုယ်မဆုံးမနိုင်တာတွေကို ကလေးတွေ ခံစားရလို့ ဝမ်းသာကြတယ်။ အချို့ကလေးတွေဆိုရင် ညဉ့်ဆိုးတွေ ဝင်လာတတ်တယ်။ ငါးပါးသီလကို လုံအောင်ထိန်းတတ်အောင် သင်ကြားပြသပေးရသလို နေ့စဉ်နေထိုင်ရာမှာ အပြုအမူကောင်းလေးတွေ သူတို့အတွက် သင်ပေးတယ်။ ပညာရေးကတော့ ကလေးရဲ့လက်ခံနိုင်စွမ်းအလိုက် သင်ကြားပေးတယ်"လို့ အရှင်ဝေပုလ္လက ပြောပါတယ်။

## ကျိုက်ထိုမြို့နယ်တွင် ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်မည်

**ကျိုက်ထို ဧပြီ ၂၉**

ကျိုက်ထိုမြို့နယ် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့နှင့် မြို့နယ်(ဥမဥ) ယဉ်ကျေးလိမ္မာသာသနာပြုတို့အဖွဲ့က ကြီးမှူးဖွင့်လှစ်မည့် ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၇ ရက် နံနက် ၈ နာရီက မြို့နယ်သာသနာ့ဗိမာန်၌ ကျင်းပသည်။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လေသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ ဩဝါဒစရိယဆရာတော်က အဖွင့်ဩဝါဒကထာမိန့်ကြားပြီး မြို့နယ်သာသနာရေးဦးစီးမှူး ဦးဝေနိုင်ကယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

တိပိဋကနိကာယ သာသနာပြုအဖွဲ့ကငွေကျပ် ငါးသိန်း၊ဆိပ်ဖူးတောင်ဆရာတော်ကြီးက ငွေကျပ် တစ်သိန်းနှင့် ဓမ္မမာမကာသာသနာပြု ဥက္ကဋ္ဌ ဒေါ်ခင်မြင့်က ငွေကျပ်တစ်သိန်းတို့ကိုသင်တန်းတွင်အသုံးပြုနိုင်ရန်လှူဒါန်းကြသည်။

ထိုယဉ်ကျေးမှုသင်တန်းကို မေ ၁ ရက်တွင် ကျိုက်ထိုမြို့နယ်သာသနာဗိမာန်၌ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြို့ပေါ်ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာ ၁၈ ရွာတို့တွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမောင် (ပြန်/ဆက်)

## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ကွန်ပျူတာနှင့်စားပွဲများလှူဒါန်း



**သီပေါ ဧပြီ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ မြို့နယ်အထောက်အကူပြုကော်မတီမှကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၈ ရက်မွန်းလွဲ ၁ နာရီကမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်ကကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သီပေါမြို့ပန်းတိမ်တောင်ရပ်နေစေတနာရှင်တစ်ဦးဖြစ်သူ ဦးအေးထွန်းကလည်း စားပွဲတစ်လုံးနှင့်(ဆက်တီ)ထိုင်ခုံများကို ကော်မရှင်အဖွဲ့ခွဲရုံးသို့ ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးဦးမိုးထွေးဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

စိုင်း(သီပေါ)

## ဝါးကြီးတောကန်ရေလွှဲမြောင်းများ ပြန်လည်ပြုပြင်

**နတ်မောက် ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကုန်စောင်းကျေးရွာနှင့် ကျေးရွာ ငါးရွာတို့မှ အားထားရသော ဝါးကြီးတောကန် ရေလွှဲမြောင်းများ ပြုပြင်ခြင်း လုပ်ငန်းကို စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ လုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

ယခင်က ဝါးကြီးတောကန်ကြီးမှ ရေများကို မြေသားရေလွှဲမြောင်းများမှ ရေသွယ်ယူရခြင်းဖြစ်ပြီး ယခုနှစ်ဆန်းပိုင်းမှစတင်ကာ ရေလွှဲမြောင်းများ ပြုပြင်ရန်လုပ်ငန်းလေးရပ်ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ အကြိုပြင်ဆင်ခြင်းလုပ်ငန်းများ၊ တမံမြေဖို့ခြင်းနှင့် လက်ဝဲမြောင်း ဖောက်လုပ်ခြင်း၊ လက်ယာမြောင်းဖောက်လုပ်ခြင်းကို အစဉ်တစိုက်ပြုလုပ်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ရာ မေ ၁၀ ရက်တွင် အပြီးသတ်နိုင်ရေး အားသွန်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဝါးကြီးတော ရေလွှဲမြောင်းတမံမှာ အလျား ပေ၂၃၀၀၊ ရေပိုလွှဲအလျား ၇၅ ပေ၊ ရေပိုလွှဲအရှည် ၄၅ ပေ၊ ရေထုတ်ပြွန် ၇၅ ပေနှင့် အမြင့် ပေ၂၀ခန့်ရှိကြောင်း၊ ရေထုတ်ပေါက်မှာ တစ်ပေပတ်လည် လက်ဝဲ၊ လက်ယာမြောင်းများမှာ အလျား ပေ ၃၇၀၀ နှင့် ပေ ၇၅၀၀ တို့ဖြစ်ကြောင်း သိရသည်။

ဝါးကြီးတောကန်ပြုပြင်ရန်အတွက် ခန့်မှန်းကုန်ကျငွေမှာ ၂၈၈၂ သိန်းကျော်ဖြစ်ကြောင်း သိရပြီး တောင်ထောင့်ကျေးရွာ၊ ကုန်းစောင်း၊ ရွာလေး၊ ဒတ်ဟတ်ကုန်းနှင့် ဂွေးချိုကျေးရွာများ၏ စိုက်ပျိုးမြေဧက ၂၀၀၀ ကျော်အသုံးပြုနိုင်ရေးအတွက် ဆင်တိုးချောင်းကြီးကို ပိတ်ကာ ဝါးကြီးတောကန်အတွင်း ရေလွှဲပေးရန် ရည်ရွယ်ထားသော်လည်း အင်တိုးချောင်းကြီးပိတ်ဆို့ခြင်းအားဖြင့် တောင်သူများအတွက် လယ်မြေများ ထိခိုက်ဆုံးရှုံးနိုင်ခြင်းနှင့် ဆင်တိုးချောင်းရေကို ဝါးကြီးတောကန်သို့ထည့်သွင်းရန် ရေပြန်ဖြစ်နေခြင်းတို့ကြောင့် ချောင်းရေကို မပိတ်ဆို့တော့ဘဲ ဝါးကြီးတောကန်ပေါင်တင်ခြင်း၊ ခိုင်ခံ့အောင်ထပ်မံပြုလုပ်ခြင်း၊ ရေလွှဲမြောင်းများကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်းတို့ကို အရှိန်မြှင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

"တောင်သူတွေမျှော်မှန်းထားတာက ကျေးရွာ ငါးရွာက စိုက်ပျိုးဧက ၂၀၀၀ ကျော်ကို တစ်ပြိုင်နက်တည်း သီးနှံစိုက်ပျိုးဖို့နဲ့ ဝါးကြီးတောကန်ရေလွှဲမြောင်းသာ ကောင်းရင် အရင်လို ကျေးရွာတွေ တစ်နှစ် ဧက ၆၀စီ အလှည့်ကျစိုက်ပျိုးနေရခြင်းကို ပြောင်းလဲဖို့ မျှော်လင့်ပါတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

ဓာဓာ(မကွေး)



## ရေပြတ်လပ်သောနေရာများသို့ သောက်သုံးရေလှူဒါန်း

**တောင်သာ ဧပြီ ၂၉**

ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ရှိ ကျေးရွာအချို့တွင် သောက်သုံးရေပြတ်လပ်လျက်ရှိကြောင်း သိရသဖြင့် ဧပြီ၂၈ ရက်တွင် မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်ဦးဆောင်သော ကျေးလက်ဦးစီးဝန်ထမ်းများက အိုးဘိုးအုပ်စု တမံကြီးမြောက်ကျေးရွာသို့ သောက်သုံးရေဖြန့်ဝေလှူဒါန်းခဲ့ကြသည်။

တမံကြီးမြောက်ကျေးရွာသည် ရွာနှင့် နှစ်မိုင်ခန့် ကွာဝေးသော တမံကြီးဆည်မှ ခပ်ယူသုံးစွဲနေရသည်။ ယခုပူပြင်းခြောက်သွေ့သော နွေရာသီတွင် သောက်သုံးရေ အခက်အခဲအားဖြေရှင်းပေးနိုင်ရန်ကျေးလက်ဦးစီးဌာနမှ ရေဂါလန် ၈၀၀ဆံ့ ရေကားသုံးစီးကို တမံကြီးမြောက်ကျေးရွာသို့ ရေဂါလန် ၂၄၀၀ သွားရောက်လှူဒါန်းခဲ့ကြသည်။ ယခုနှစ် နွေရာသီတွင် တောင်သာ မြို့နယ်အတွင်းရှိ ရေပြတ်လပ်လျက်ရှိသော ကျန်ကျေးရွာများသို့လည်း နောက်ရက်များတွင်လည်း အလှည့်ကျစနစ်ဖြင့် သောက်သုံးရေ ဖြန့်ဝေသွားမည်ဖြစ်သည်။

ယခုနှစ်နွေရာသီတွင်တောင်သာမြို့နယ်အတွင်းရှိ ကျေးရွာများမှာ တိရစ္ဆာန်များနှင့် လူများအသုံးပြုရန် သောက်သုံးရေအဖြစ် တွင်းတိမ်များသာ တူးဖော်ရရှိပြီး သောက်သုံးရေအဖြစ် မြေအောက်ရေ(တွင်းနက်) မှ မရရှိခြင်းကြောင့် လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရွာသွန်းသောမိုးရေချိန်မှာ ယခင်နှစ်ရွာသွန်းသော မိုးရေချိန်အောက် ၁၀ လက်မလျော့နည်းခြင်းကြောင့်လည်းကောင်း ရေပြတ်လပ်မှု နှင့်ကြုံတွေ့နေရကြောင်းသိရသည်။

(မြန်မာ့အလင်း)

# မန်ယူ သုံးမှတ်ရဖို့ ခက်ခဲမယ့်ပွဲစဉ်



ပရီမီယာလိဂ်ပွဲစဉ်တွေကို မေ ၂ ရက်မှာ ဆက်လက်ကစားတဲ့အခါ နာမည်ကြီးမန်ယူတို့ အိမ်ကွင်းမှာ ဝက်စ်ဘရွန်းနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ ပေါ့ဆလို့ မရတဲ့ အနေအထား ဖြစ်နေပါတယ်။ လီဗာပူးတို့လည်း အိမ်ကွင်းမှာ ကျူပီအာကို လက်ခံကစားရမှာဖြစ်တာမို့ အမှားမခံတဲ့ပွဲလည်း ဖြစ်နေပါတယ်။

**မန်ယူနှင့် ဝက်စ်ဘရွန်း**

ပထမအကျော့ ဝက်စ်ဘရွန်းကွင်းမှာ ကစားခဲ့စဉ်က နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ အခုပွဲမှာတော့ မန်ယူတို့ သေသေချာချာပြင်ဆင်ကစားမှ ရပါတော့မယ်။ အဲဗာတန်ကို ဂိုးပြတ်ရှုံးပြီး ချယ်လ်ဆီးကိုလည်း ရှုံးခဲ့တာမို့ ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းက နိုင်လိုစိတ်ပြင်းထန်ဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့အတွက် အမှားအယွင်းမခံတဲ့မန်ယူဟာ လီဗာပူးကို သရေကစားထားတဲ့ ဝက်စ်ဘရွန်းကိုအနိုင်ရမှဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် မန်ယူရဲ့ ကစားအားကို သိထားတဲ့ ဝက်စ်ဘရွန်းတို့ကလည်း အနိမ့်ဆုံး တစ်မှတ်ရအောင် အားထုတ်မှာ ဖြစ်ပါတယ်။

**လီဗာပူးနှင့် ကျူပီအာ**

ခြေစွမ်း အတက်အကျရှိနေတဲ့ လီဗာပူးဟာ ပြီးခဲ့တဲ့နှစ်ပွဲမှာ ဗီလာကို ရှုံးပြီး ဝက်စ်ဘရွန်းကို ဂိုးမရှိ သရေပွဲ ဖြစ်ထားပါတယ်။ ပထမအကျော့ ကျူပီအာကွင်းမှာ ကစားခဲ့တဲ့ ပွဲစဉ်မှာ လီဗာပူးတို့က သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲက အိမ်ကွင်းဖြစ်တာမို့ ကျူပီအာကို ဖိအားပေး ကစားနိုင်ပါလိမ့်မယ်။ ကျူပီအာတို့က နောက်ဆုံး ငါးပွဲ ကစားခဲ့တဲ့ရလဒ်မှာ တစ်ပွဲသာ နိုင်ပွဲရထားပြီး အမှတ်ရအောင် ရုန်းကန်နေရတာမို့ လီဗာပူးတို့ အမှတ်ပြည့်ရနိုင်တဲ့ ပွဲဖြစ်ပါတယ်။

**ဗီလာနှင့် အဲဗာတန်**

ပထမအကျော့မှာ သုံးဂိုးပြတ် အနိုင်ရထားတဲ့ အဲဗာတန်တို့က ခြေစွမ်းတက်နေတာမို့ ဗီလာတို့ အိမ်ကွင်းဆိုပေမယ့် ခြေကုန်ထုတ်ရပါလိမ့်မယ်။ အဲဗာတန်ဟာ မန်ယူကို ဂိုးပြတ်သွင်းနိုင်ထားသလို ဘန်လေကိုလည်း အနိုင်ကစားထားပြီး နောက်ဆုံး ငါးပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိခဲ့ပါဘူး။ ဗီလာတို့ကတော့ မန်စီးတီးကို ရှုံးခဲ့ပေမယ့် လီဗာပူးနဲ့ စပါးတို့လို အသင်းတွေကို အနိုင်ရအောင် စွမ်းဆောင်ထားနိုင်တာမို့ အခုပွဲမှာတော့ အဲဗာတန် မလွယ်ပါဘူး။ ဗီလာတို့ အနည်းဆုံး တစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။

**ဆန်းဒါးလန်းနှင့် ဆောက်သမ်တန်**

ပထအကျော့မှာ ရှစ်ဂိုးပြတ် သွင်းယူပြီး ဆန်းဒါးလန်းကို ချေမှုန်းထားတဲ့ ဆောက်သမ်တန်တို့ အခုပွဲမှာလည်း ဖိအားပေးကစားနိုင်ဖို့ ကြိုးစားဦးမှာ ဖြစ်ပါတယ်။ ခြေစွမ်း ကျဆင်းနေတဲ့ ဆန်းဒါးလန်းတို့အတွက် အခုပွဲမှာ တစ်မှတ်ရရင်ပဲ ကျေနပ်ရမှာဖြစ်ပြီး ရလဒ်ကောင်းလို့ ယူဆရမယ့်ပွဲဖြစ်ပါတယ်။

**ဆွမ်ဆီးနှင့် စတုတ်**

နှစ်သင်းစလုံး ခြေစွမ်း အတက်အကျရှိနေပြီး အခုတစ်လော ခြေပြန်တက်လာတာကတော့ ဆွမ်ဆီးတို့ပွဲဖြစ်ပါတယ်။ ဆွမ်ဆီးဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လက်စတာကိုပဲ နှစ်ဂိုးပြတ်နဲ့ ရှုံးပြီး ကျန်ပွဲစဉ်တွေက နိုင်ပွဲ၊ သရေပွဲတွေ ဖြစ်ထားပါတယ်။ စတုတ်တို့ကတော့ ပုံမှန်ခြေစွမ်းမပြနိုင်သေးတာမို့ အခုပွဲမှာ ဆွမ်ဆီးတို့ပဲ အသာစီးရဖို့ များနေပါတယ်။

**ဝက်စ်ဟမ်းနှင့် ဘန်လေ**

ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဘန်လေဟာ ပထမအကျော့မှာ ဝက်စ်ဟမ်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ လက်ရှိ အနေအထားမှာ နှစ်သင်းစလုံး ခြေစွမ်းက အားရစရာမရှိပေမယ့် ဝက်စ်ဟမ်းရဲ့ ကစားအားက ကောင်းမွန်တဲ့ဘက်ကို ရောက်ရှိနေတာမို့ အနိုင်ဆိုတာ အိမ်ရှင်တို့ပဲ ရယူမယ့် ရလဒ်လို့ ယူဆရမှာဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်





## မေဝဲသားနဲ့ ပတ်ကွီယို ဘယ်သူအလဲထိုးမလဲ

လက်စ်ဗီးဂတ်စ်မြို့တွင် မေ ၂ ရက်မှာ ထိုးသတ်မယ့် မေဝဲသားနဲ့ ပတ်ကွီယိုတို့ရဲ့ လက်ဝှေ့ပွဲကတော့ ပရိသတ်တွေ အတော်လေး စိတ်ဝင်တစားရှိနေကြပါတယ်။ ပြိုင်ပွဲမတိုင်မီက လက်မှတ်တွေ ရောင်းမလောက်အောင် ဖြစ်ခဲ့ရတဲ့ ပြိုင်ပွဲပါ။ ပြိုင်ပွဲ စီစဉ်သူတွေက ပရိသတ်တွေကို လက်မှတ်ထုတ်ရောင်းမှုနည်းခဲ့တာကြောင့် လက်မှတ်ဈေးတွေ အဆမတန်မြင့်တက်ခဲ့တဲ့ပွဲဖြစ်ပါတယ်။ ဒီလက်ဝှေ့ပွဲက လက်စ်ဗီးဂတ်မြို့မှာ ထိုးသတ်တဲ့ လက်ဝှေ့သမိုင်းမှာ ကြေးအကြီးဆုံးပြိုင်ပွဲလို့ဆိုပါတယ်။ ပြိုင်ပွဲမှာ အနိုင်ရတဲ့ လက်ဝှေ့သမားဟာ ထိုက်ထိုက်တန်တန် ဆုကြေးငွေ ဆွတ်ခူးရရှိနိုင်မှာ ဖြစ်ပါတယ်။ ပေါင်သန်း ၂၅၀ အထိ ဝင်ငွေရရှိလိမ့်မယ်လို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဒီလက်ဝှေ့ပွဲမှာ ဘယ်သူအနိုင်ရသွားမလဲဆိုတာကိုတော့ ပရိသတ်တွေ အထူးစိတ်ဝင်စားနေကြပါတယ်။ ဗြိတိသျှ ဂန္ထဝင်လက်ဝှေ့သမားကြီး ရစ်ကီးဟက်တန်ကတော့ ဒီပွဲမှာ မေဝဲသား အနိုင်ရသွားနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ မေဝဲသားနဲ့ ဟက်တန်တို့ဟာ ၂၀၀၇ ခုနှစ်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပါတယ်။ ဒီပွဲမှာ မေဝဲသားက ဟက်တန်ကို ၁၀ ချီနဲ့ အလဲထိုးနိုင်ခဲ့ပါတယ်။ နှစ်နှစ်အကြာမှာ ပတ်ကွီယိုကလည်း ဟက်တန်ကို အလဲထိုး အနိုင်ယူနိုင်ခဲ့ပါတယ်။ ပတ်ကွီယိုနဲ့ မေဝဲသားတို့ရဲ့ အစွမ်းကို သိထားတဲ့ ဟက်တန်က ဒီပွဲမှာ မေဝဲသားအနိုင်ရသွားနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ မေဝဲသားနဲ့ ပတ်ကွီယိုတို့ရဲ့ ပြိုင်ပွဲဟာ WBC, WBA, WBO ဝယ်တာဝိတ်တန်း ပြိုင်ပွဲဖြစ်ပါတယ်။ အနိုင်ရတဲ့ လက်ဝှေ့သမားဟာ ချန်ပီယံခါးပတ်ဆုကို ပိုင်ဆိုင်မှာ ဖြစ်ပါတယ်။

## မန်စီးတီးပစ်မှတ်ထားနေတဲ့ ဝီရှရီ

မန်စီးတီးအသင်းဟာ ကစားသမားကောင်းတွေကို ခေါ်ယူရာမှာအာဆင်နယ်ကနေ အများဆုံးခေါ်ယူခဲ့တာပါ။ လာမယ့်ရာသီမှာလည်း ဂျက်ဝီရှရီကို ပစ်မှတ်ထားနေပါတယ်။ အာစင်ဝင်းဂါးက မရောင်းဘူးလို့ ပြောဆိုနေတဲ့ကြားက မန်စီးတီးက ပေါင် သန်း ၃၀ ပေး ခေါ်ယူမယ်လို့ သတင်းများထွက်ပေါ်နေရှိပါတယ်။

ဝီရှရီဟာ အာဆယ်နယ်ရဲ့ အားထားရတဲ့ ကစားသမားဖြစ်ပြီး အသက် ၂၃ နှစ်အရွယ်သာရှိပေမယ့် အာဆင်နယ်နဲ့ စာချုပ် သုံးနှစ်ကျန်ရှိပါသေးတယ်။ မန်စီးတီးရဲ့ပစ်မှတ်ထားနေမှုကိုကာကွယ်ဖို့ လာမယ့်နွေရာသီမှာ အာဆင်နယ်က စာချုပ်သစ်ချုပ်ဆိုနိုင်ဖို့ ကြိုတင်ပြင်ဆင်လျက်ရှိပါတယ်။ မန်စီးတီးအသင်းဟာ လွန်ခဲ့တဲ့ငါးနှစ်တာကာလအတွင်း အဒီဘာရော၊ ကိုလိုတိုရေး၊ ကလစ်ချီ၊ နာဆရီနဲ့ ဆက်နားတို့ကို ခေါ်ယူခဲ့ရာမှာ ပေါင်သန်း ၇၀ သုံးစွဲခဲ့တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အာစင်ဝင်းဂါးကတော့ ဝီရှရီကို ရောင်းချမှာမဟုတ်ဘူးလို့ ပြောဆိုလျက်ရှိပါတယ်။



ကောင်းမြတ်သူ-စုစည်းသည်




## ကမ္ဘာ့အကောင်းဆုံးအသင်းက ရီးရဲမက်ဒရစ်လို့ ဆိုတဲ့ ဟာနန်ဒက်ဇ်

ကမ္ဘာမှာ အကောင်းဆုံး ဘောလုံးအသင်းကတော့ ရီးရဲမက်ဒရစ်အသင်းပဲဖြစ်ပါတယ်လို့ ရီးရဲမက်ဒရစ်သို့ မန်ယူက အငှားချထားတဲ့ ဟာနန်ဒက်ဇ်က ပြောဆိုလိုက်ပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိတဲ့ ဟာနန်ဒက်ဇ်ဟာ တစ်ရာသီစာချုပ်နဲ့ မန်ယူက ရီးရဲမက်ဒရစ်ကို အငှားချထားတာဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ နှစ်ပွဲအတွင်း သုံးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဂါးရက်ဘေးလ်နဲ့ ဘင်ဇီမာတို့ ဒဏ်ရာရရှိနေစဉ်အတွင်း ပါဝင်ကစားခဲ့ရာမှာ ခြေစွမ်းပြဂိုးများ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ကျွန်တော့်ဆန္ဒကတော့ ရီးရဲမက်ဒရစ်နဲ့အတူ အချိန်ကြာကြာကစားချင်ပါတယ်လို့ တိုက်စစ်မှူး ဟာနန်ဒက်ဇ်က ဆိုပါတယ်။ ရီးရဲမက်ဒရစ်အနေနဲ့ ရာသီကုန် အငှားစာချုပ် ကုန်ဆုံးချိန်မှာ ဟာနန်ဒက်ဇ်ကို ဝယ်ယူရတော့မှာ ဖြစ်ပါတယ်။ မက္ကဆီကိုကစားသမား ဟာနန်ဒက်ဇ်ဟာ ရီးရဲမက်ဒရစ်အတွက် ၂၄ ပွဲ ပါဝင်ကစားခဲ့ရာမှ ငါးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဟာနန်ဒက်ဇ်ဟာ ပါဝင်ကစားခဲ့တဲ့ ပြိုင်ပွဲအများစုမှာ အရန်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့် ရခဲ့ပါတယ်။ သို့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရီးရဲမက်ဒရစ်က ပြိုင်ဘက် အက်သလက်တီကိုအသင်းကို အနိုင်ရရှိရာမှာ တစ်လုံးတည်းသောအနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဆဲလ်တာဗီဂိုအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာလည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

# မိုးညှင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်

**မိုးညှင်း ဧပြီ ၂၉**

မိုးပွင့်အထူးစီမံချက် အနေဖြင့် ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ မိုးညှင်း၊ ဟိုပင်၊ မိုးကောင်း၊ ဖားကန့်၊ ကာမိုင်းတို့တွင် နိုင်ငံသားစိစစ်ရေးကတ်များကို ထုတ်ပေးလျက်ရှိရာ လူဦးရေ ၉၇၅၄ ဦးအား ပေးအပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဧပြီ ၂၈ ရက် နံနက် ၉ နာရီကလည်း မိုးညှင်းမြို့နယ် နမ့်ပုတ်ကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ရှိ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီဝင်၊ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မိုးညှင်းခရိုင်ဦးစီးမှူး ဦးလှမြင့်နှင့်အတူ တက်ရောက်ပေးအပ်ခဲ့ပြီး ဦးကျော်စိုးလေးက နန့်ပုတ်ကျေးရွာ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းအတွက် အလှူငွေကျပ်ငါးသိန်းနှင့် အပို့ လူပို့ရန်ပုံငွေအတွက် အလှူငွေများကို တာဝန်ရှိသူများထံသို့ လွှဲပြောင်းလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

# နွားရေကျော်ချောင်းကူးတံတား ကြံ့ခိုင်မှုအားနည်းလာ



**မော်လမြိုင်ကျွန်း ဧပြီ ၂၉**

မော်လမြိုင်ကျွန်း-ကျိုက္ကမီ-မအူပင် အဝေးပြေးမော်တော်ကားလမ်းပေါ်ရှိ မော်လမြိုင်ကျွန်းမြို့နယ် နွားရေကျော် ချောင်းကူးတံတားမှာ မော်ကျွန်း-ရန်ကုန် အဝေးပြေးမော်တော်ယာဉ်များနှင့် ယာဉ်မျိုးစုံတို့ နေ့ရောညပါ ဖြတ်သန်းမောင်းနှင်နေသည့် အရေးပါသော ချောင်းကူးတံတားတစ်စင်းဖြစ်သည်။

ယင်းနွားရေကျော်ချောင်းကူးတံတားမှာ ယခုအခါ တံတားကြံ့ခိုင်မှုအားနည်း ယိုယွင်းနေပြီဖြစ်ရာ နေ့စဉ်နွားရေကျော်ချောင်းကူးတံတားပေါ်မှ ဖြတ်သန်းမောင်းနှင်နေကြသော မော်ကျွန်း-ရန်ကုန်အဝေးပြေး မော်တော်ယာဉ်များ၊ မော်ကျွန်း-ကျိုက်ပိ-ကျော်ဇံ အဝေးပြေးမော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများအပါအဝင် မော်တော်ယာဉ်မျိုးစုံနှင့် ကျေးရွာပေါင်းစုံမှ ခြေလျင်ခရီးသွားပြည်သူများ၏ လုံခြုံဘေးကင်းရေးအတွက် တံတားကြံ့ခိုင်မှုမှာ အားနည်းယိုယွင်းလျက်ရှိနေခြင်းကို မြင်တွေ့ရကြောင်း ဒေသခံများထံမှ သိရသည်။

"ရန်ကုန်ကို အပြန်ခရီးမှာ နွားရေကျော်ချောင်းကူးတံတား ရောက်တော့မယ်ဆိုရင် စိတ်ပူရပါတယ်။ တံတားကြံ့ခိုင်မှုမရှိ ယိုယွင်းနေတာကြောင့် အချိန်မရွေး အန္တရာယ်ရှိတာကို မြင်ရတယ်။ မော်တော်ယာဉ်အများစုက တံတားကိုရောက်ရင် လူလျှော့ ဝိတ်လျှော့ပြီး ဖြတ်သန်းကြတယ်။ တစ်ခါတစ်ရံ သွားလာတဲ့ မော်တော်ယာဉ်တွေအတွက် စိုးရိမ်ရတယ်။ ဘေးကင်းလုံခြုံရေးအတွက် ပြန်လည်ပြုပြင်ပေးစေလိုတယ်"ဟု မော်တော်ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

**မော်ကျွန်း-မြင့်အောင်**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းများ ဖွင့်လှစ်

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁)မြို့မရဲစခန်း အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ ရက်က ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်တို့က ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာ အချက်အလက်များ၊ လိုက်နာရမည့်စည်းကမ်းချက်များ၊ တာဝန်ထမ်းဆောင်ရမည့် အပိုင်းများကို ပြောကြားခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

**ကလော**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်းကို ကလောမြို့မရဲစခန်းတွင် ဧပြီ ၂၇ ရက်က ဖွင့်ပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး တင်ဝင်းနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေနှင့် မြို့နယ်တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။ အဆင့်ဆင့်ဆောင်ရွက်ရမည့် မူဝါဒများနှင့် လုံခြုံရေးဆိုင်ရာ အသိပညာများကို သင်ကြား ပြသပေးလျက်ရှိကြောင်း သိရသည်။ **ဇော်သိန်းရည်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၁၅ခုနှစ်တွင်ကျင်းပမည့် ဒုတိယအကြိမ် Computer Based Test(CBT)စနစ်ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့်အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံး(၃)နှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာနေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော ကုန်ထုတ်လုပ်ငန်းတွင် လုပ်ကိုင်ခဲ့ကြသည့် အလုပ်သမားများအတွက် ထပ်မံသွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးရည်ရွယ်ပြီး Computer Based Test (CBT) စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ကိုရီးယားဘာသာ အရည်အချင်းစစ်အထူးစာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲကျင်းပမည့်နေ့ရက်နှင့်အချိန်**

(က) ၄-၆-၂၀၁၅ ရက်မှ စတင်ကျင်းပမည်။

(ခ) ၀၉း၃၀နာရီမှ ၁၀း၄၀နာရီထိ (ပထမပိုင်း)၊ ၁၁း၅၀နာရီမှ ၁၃း၀၀နာရီထိ (ဒုတိယပိုင်း)နှစ်ကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား(၃၀) စစ်ဆေးပါမည်။

- စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၀၈း၃၀နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် ၁၀း၅၀နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းများတွင် နေရာယူပြီးဖြစ်ရပါမည်။

၂။ **စာမေးပွဲကျင်းပမည့်နေရာ**

- CBT Center ၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ **ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း<br>ဆောက်လုပ်ရေးလုပ်ငန်း<br>စိုက်ပျိုးမွေးမြူရေးလုပ်ငန်း | အမှတ်ပြည့် (၂၀၀)ရှိသည့်အနက် အမှတ်(၈၀)နှင့်အထက် ရရှိသူများအား အမှတ် အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာ အောင်မြင်ခွင့် |

၄။ **သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း (၁၉၇၅ခုနှစ် မေ ၈ရက်မှ ၁၉၉၇ခုနှစ် မေ ၇ ရက်အတွင်း မွေးဖွားသူ)

(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်)

(ဃ) ကျန်းမာရေးကောင်းမွန်သူ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက် - ၇-၅-၂၀၁၅မှ ၉-၅-၂၀၁၅ရက်အတွင်း နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ

(ခ) လျှောက်လွှာထုတ်ပေး/လက်ခံဌာန - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(ဂ) လျှောက်လွှာတင်ရမည့်နည်းလမ်း - လျှောက်ထားသူကိုယ်တိုင်လာရောက်တင်ရမည်။

(ဃ) လိုအပ်သည့်စာရွက်စာတမ်းများ -

(၁) စာမေးပွဲလျှောက်လွှာ (စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ တစ်ဦးလျှင် တစ်စောင်သာထုတ်ပေးမည်။)

(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတစ်စောင် (မှတ်ချက်။ ကိုရီးယားသမ္မတနိုင်ငံမှ ထွက်ခွာခဲ့သည့် နိုင်ငံကူးလက်မှတ်/မိတ္တူ)စာမေးပွဲလျှောက်လွှာတွင်သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။

(၃) (၃.၅စမ×၄.၅စမ) ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (၆လအတွင်း ရိုက်ကူးထားသောဓာတ်ပုံ)

(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့်ငွေရပြေစာ

(င) စာမေးပွဲဖြေဆိုခ - အမေရိကန်ဒေါ်လာ -၂၄

- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၆။ **စာမေးပွဲဖြေဆိုရန် နေ့ရက်၊ အချိန်ဇယားထုတ်ပြန်ကြေညာခြင်း**

- ၂၀-၅-၂၀၁၅ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၇။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်ရက်**

(က) ကြေညာမည့်ရက် ၂၂-၆-၂၀၁၅ ရက်

(ခ) ကြေညာမည့်နည်းလမ်း

(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး

(၂) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage (http;//www.eps.go.kr), Homepage (http;//epstopik.hrdkorea.or.kr), (http;//www.hrdkorea.go.kr)

(၃) စာမေးပွဲသက်တမ်း ၂၂-၆-၂၀၁၅ ရက်မှ ၂၃-၆-၂၀၁၇ ရက် [အောင်စာရင်းထုတ်ပြန်ကြေညာသည့်ရက်မှ (၂)နှစ်တာ]

၈။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၅ပုဒ် | ၁၀၀ | ၄၀မိနစ် | အဖတ်စွမ်းရည်စာမေးပွဲနှင့် အကြားစွမ်းရည်စာမေးပွဲအား တစ်ဆက်တည်း ဖြေဆိုရမည် |
| အကြားစွမ်းရည် (Listening) | ၂၅ပုဒ် | ၁၀၀ | ၃၀မိနစ် | |
| စုစုပေါင်း | ၅၀ပုဒ် | ၂၀၀ | ၇၀မိနစ် | |

၉။ **စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူယူဆောင်လာရမည့်စာရွက်စာတမ်းများ**

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ် (စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)မူရင်း

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ် (က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၁၀။ **သတိပြုရန်အချက်များ**

(က) စာမေးပွဲအောင်သူများ၏ အမှတ်စာရင်းအား ၂၂-၆-၂၀၁၅မှ စ၍ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကြေညာပေးပါမည်။

(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့် နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့်စက်ပစ္စည်းများ(လက်ကိုင်တယ်လီဖုန်း၊ ကက်ဆက်၊ MP3၊ လျှပ်စစ်လက်ကိုင်အဘိဓာန်စသည်များ)အားယူဆောင်လာခွင့်မရှိပါ။

(ဂ) စာမေးပွဲအတွင်း မမှန်ကန်သည့် အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား နှစ်နှစ်ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။

(ဃ) စာမေးပွဲလျှောက်လွှာတွင် ရေးသားဖြည့်စွက်ခဲ့သော အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အချက်များသည်နိုင်ငံကူးလက်မှတ်တွင် ပါရှိသောအချက်အလက်များနှင့် တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အမည်စာရင်းထည့်သွင်းခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်များရရှိမည်မဟုတ်ပါ။ ရေးသားဖြည့်စွက်သူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။

(င) မိမိလျှောက်ထားသည့် လုပ်ငန်းမှအပ အခြားလုပ်ငန်းသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။

(စ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်ရောက်ရှိပြီး နောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စတိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမားပေးပို့ခြင်း ဆိုင်ရာ သဘောတူညီချက် (MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း (MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁၅၀၀၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှ မထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် (OA-010254)သို့ ပေးသွင်း၍ ကျပ်သိန်း ၃၀တန် စာချုပ်ချုပ်ဆို ဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန် ကျပ် ၁၅သိန်းကို အာမခံထားသူ(၂)ဦးမှ ပေးလျော်ရ မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

* ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲအား အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့်ရရှိရုံမျှသာဖြစ်ပြီး၊ ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက်အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့်အာမခံနိုင်ခြင်းမရှိပါ။ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။

* ထို့ပြင် ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိခြင်းအစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်းမခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

* ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန (MOEL)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန(MOLES) တို့မှ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးနိုင်သော တရားဝင်လုပ်ပိုင်ခွင့် ရရှိထားပါသည်။

* ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲမှတစ်ဆင့် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်လွှာလက်ခံသူများကိုသာ အလုပ်ရှင်မှ ခေါ်ယူသွားမည်ဖြစ်ပါသည်။

* EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါကတရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

* နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲကြေး အမေရိကန်ဒေါ်လာ-၂၄နှင့် စာမေးပွဲအောင်မြင်ပြီးနောက် ကိုရီးယားနိုင်ငံသို့ ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင်သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာ ပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့်ပတ်သက်ပြီး တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းများမှဖြစ်စေ လိမ်လည်တောင်းဆိုမှုများတွင် ဆုံးရှုံးနစ်နာမှုများ မခံရစေရန် အထူးသတိပြုစေလိုပါသည်။

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3D/7449၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8D/ 7135၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# မြေအောက်ရေနှင့်နဂါးမောက်ပင်များ စမ်းသပ်စိုက်ပျိုးအောင်မြင်

**ညောင်ဦး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သစ်ထောင့်တောင်ရွာကျေးရွာ သစ်ပုတ်ပင်စိုက်ကွင်းတွင် ဆေးဖက်ဝင်နဂါးမောက်ပင်များ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ အဆိုပါ နဂါးမောက်ပင်စိုက်ခင်းသည် ညောင်ဦး-မြင်းခြံကားလမ်း၏ လက်ဝဲဘက်၌တည်ရှိပြီး စမ်းသပ်စိုက်ပျိုးခဲ့ရာတွင် ပုပ္ပားဘက်မှ ပျိုးပင်ဝယ်ယူရရှိပြီး စိုက်ပျိုးထားခြင်းဖြစ်ကြောင်း နဂါးမောက်စိုက်တောင်သူ ဦးတင့်ဆွေထံမှ သိရသည်။ "ကျွန်တော်ကတော့ စိုက်ပျိုးရေးကို အလွန်ဝါသနာပါတယ်။ ဒီနဂါးမောက်ပင်က ဆေးဖက်ဝင်တယ်ဆိုပြီးတော့ ပိုပြီးစိတ်ဝင်စားတာပေါ့။ ကျွန်တော်က ကိုယ့်ရေတွင်းကရေကိုပဲ အသုံးပြုစိုက်ပျိုးတယ်။ ကျွန်တော်စိုက်တုန်းက နဂါးမောက်ပင်တွေ ၁၁၅ ပင်ကို စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ အရင်းငါးသိန်းလောက်ကုန်ကျပါတယ်။ ကျွန်တော်စိုက်တာ နှစ်နှစ်ကျော်ပါပြီ။ အခုတော့ အရင်းကျေသွားပြီ။ အမြတ်လည်းထွက်ပါပြီ။ မြေနေရာက ၀ ဒသမ ၂၅ ဧကလောက်ကျယ်ဝန်းတယ်။ တစ်ဖက်စမ်း စိုက်တယ်ခေါ်တာပေါ့။ အသီးတစ်လုံးကို ငွေကျပ် ငါးရာရောင်းရတယ်။ တိုင်ထောင်ပေးရတယ်။ တိုင်ထောင်ရင်လည်း ကျောက်စရစ်တိုင်သုံးတာ ပိုကောင်းတယ်။ ကျောက်တိုင်ထိပ်မှာ ဆိုင်ကယ် တာယာအဟောင်းများ တင်ပေးရတယ် ဒါမှ အပင်ကပိုက်သွားတယ်။ တစ်ခါတလေ အပင်တွေမှာအဝါပြောက်တွေထိုးလာတယ်။ အဲ့ဒါကို ဆေးသုံးပေးရတယ်။ အပေါ်မှာလည်း အရိပ်ရအောင်ဆာလာပိုက်အစိမ်းစတင်ထားပါတယ်။ သူက စိုစွတ်ပြီး အရိပ်ရတာကို ပိုကြိုက်တယ်။ ကျွန်တော့ယာခင်းထဲမှာတော့ သူကောင်းတည် မြစ်ရေတင်က ရေမြောင်းရှိတယ်။ ရေမြောင်းရှိပေမယ့် ရေမလာသေးပါဘူး။ ရေလာမယ်ဆိုရင်တော့ ကျွန်တော်တို့အဆင်ပြေတာပေါ့။ ရေလာရင် တောင်သူတွေစိုက်ချင်ပျိုးချင်နဲ့ သီးနှံမျိုးစုံ စိုက်ပျိုးရတာပေါ့" ဟု နဂါးမောက်ပင်စိုက်တောင်သူ ဦးတင့်ဆွေထံမှ သိရသည်။



**ကျော်ငွေး**

# ဂုဏဝိသိဋ္ဌပူဇာ အခမ်းအနားကျင်းပ

**လေးမျက်နှာ ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အိုင်သပြုမြို့ ကွင်းလယ်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်၌ ဧပြီ ၂၆ ရက်က အစိုးရဓမ္မာစရိယစာမေးပွဲအောင်မြင်တော်မူ၍ " သာသနဓဇ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် "အရှင်နန္ဒဝံသ"အား ဂုဏ်ပြုကျင်းပသော "ဂုဏဝိသိဋ္ဌ" ပူဇော်ခြင်းအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆွေတော်မျိုးတော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဂေါပကအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့များ ၅၀၀ ခန့်တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် " ဂုဏပူဇာတေးထပ်"၊ ဂါထာ၊ ရတုများဖြင့် ရွတ်ဖတ်ပူဇော်၍ အလှူရှင်များက ဆရာတော် သံဃာတော်များကို လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး သရက်တောကျောင်းတိုက်ဆရာတော်"မဟာကမ္မဋ္ဌာနာစရိယသာသနာ့ဓဇ သိရိပဝရဓမ္မာစရိယ ဝိနယပါရဂူ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ" ထံက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။ **သီဟ (လေးမျက်နှာ)**

# မိုးပွင့်စီမံချက်ဖြင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**မြောက်ဦး ဧပြီ ၂၉**

မိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက်က ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ဆင်အိုးချေကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မိုးပွင့်(အထူး) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ခရိုင်ဦးစီးဌာနမှူး ဦးမင်းဇော်၊ မြို့နယ်ဦးစီးဌာနမှူး ဦးရန်နိုင်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသာမြတို့က ပြည်သူများလက်ဝယ်သို့ လာရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ပျဉ်းမနားမြို့ ပန်းခင်း(၃) ရပ်ကွက် ပတ္တပိုက်လမ်း ရေလှောင်ကန်၌ ရေပေးဝေနေမှုကို တွေ့မြင်ရစဉ်။

# ရေလှောင်ကန်ကြောင့် နွေအခါရပ်ကွက်အတွင်း ရေချိုသုံးစွဲမှု အဆင်ပြေ

**နေပြည်တော် ဧပြီ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်အုပ်စု ပန်းခင်း(၃) ရပ်ကွက် ပတ္တပိုက်လမ်း၌ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့သော ဂါလန် ၄၀၀၀ ဆံ့ ရေလှောင်ကန်ကြောင့် ယခုကဲ့သို့ ရေရှားပါးသည့် နွေရာသီကာလတွင် အိမ်ခြေ ၂၅၀ နီးပါးခန့် ရေသုံးစွဲမှု အဆင်ပြေချောမွေ့လျက်ရှိကြောင်း ရေရရှိရေးကော်မတီဝင် ဦးစိုးမြင့်ထံမှ သိရသည်။

အဆိုပါ ပတ္တပိုက်လမ်းရှိ ရေလှောင်ကန်သည် ရေဂါလန် ၄၀၀၀ သိုလှောင်နိုင်ရာ ရေလှောင်ကန်တည်ဆောက်မှုကုန်ကျ ငွေကျပ် ၄၅ သိန်းရှိကြောင်း၊ မတ် ၂၁ ရက်မှ စတင် တည်ဆောက်ခဲ့သော ရေလှောင်ကန်သည် ဧပြီ ၂၈ ရက်၌ ရပ်ကွက်အတွင်း ရေစတင်ဖြန့်ဝေနိုင်ကြောင်း၊ ရေပေးချိန်မှာ နံနက် ၇ နာရီ မှ ၉ နာရီ၊ ညနေ ၄နာရီမှ ၆ နာရီဖြစ်ပြီး ရပ်ကွက်အတွင်း ယခုနှစ်နွေမှစ၍ ရေရှားပါးမှုပပျောက်သွားပြီး ပန်းခင်း (၃) ရပ်ကွက် ပတ္တပိုက်လမ်းအတွင်း ရေချိုပြည့်ဝ လုံလောက်စွာသုံးစွဲနိုင်ခဲ့ခြင်းကြောင့် လမ်းသူလမ်းသားများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။ **ကာရန်ခ**

# ရုံးလုပ်ငန်းသုံးကွန်ပျူတာအခြေခံနှင့် အင်တာနက်အသုံးချနည်းသင်တန်းဖွင့်

**နေပြည်တော် ဧပြီ ၂၉**

ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် ကွန်ပျူတာအခြေခံသင်တန်းနှင့် အင်တာနက်၊ အီးမေးလ် အသုံးချနည်းသင်တန်းဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် သတင်းအချက်အလက်နှင့် နည်းပညာဌာန၌ ကျင်းပသည်။

"ရေဆင်းစိုက်ပျိုးရေးကျောင်းမှာ တက်တဲ့ ကျောင်းသား ကျောင်းသူတွေကိုကျတော့ ကွန်ပျူတာဘာသာရပ်ဆိုပြီး ဘာသာရပ်တစ်ခုသင်ကြားပေးထားတယ်။ အဲဒါကြောင့် ကွန်ပျူတာအားနည်းနေသေးတဲ့ ဆရာ ဆရာမများနဲ့ ဝန်ထမ်းတွေအတွက်လည်း ကွန်ပျူတာအခြေခံတတ်ထားမှ အလုပ်ထဲမှာအဆင်ပြေမှာဖြစ်တဲ့အတွက် အခုလိုသင်တန်းမျိုးတွေကို ဖွင့်လှစ်သင်ကြားပေးရခြင်း ဖြစ်ပါတယ်။ ဒီသင်တန်းက ကျောင်းမှာ ပထမဆုံးလုပ်ဖြစ်တာပါ။ နောက်ကိုလည်းဆက်လက်ပြီး သင်တန်းတွေပေးဖို့ အစီအစဉ်တွေရှိပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

"သင်တန်းကို နည်းပညာဌာနမှ ဆရာ ဆရာမတွေက သင်ပေးမှာဖြစ်ပါတယ်။ ခုကအခြေခံကစတာဆိုတော့ စာစီစာရိုက်နည်း၊ Adobe Pagemaker အသုံးပြုနည်း၊ Excle အသုံးပြုနည်း စတာတွေကို သင်ကြားပေးသွားမှာပါ။ အင်တာနက်၊ အီးမေးလ်အသုံးပြုပုံကိုလည်း အခြေခံကစပြီး ကျွမ်းကျင်စွာအသုံးပြုနိုင်တဲ့အထိ သင်ကြားပေးသွားမှာပါ။ သင်တန်းကို ဆရာ ဆရာမနှစ်ဦးနဲ့ သင်ကြားပေးသွားမှာပါ" ဟု သတင်းအချက်အလက်နှင့် နည်းပညာဌာနမှူး ဦးဝဏ္ဏအောင်က ပြောသည်။

ကွန်ပျူတာသင်တန်း ဖွင့်ပွဲတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ပါမောက္ခချုပ်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၄၆ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကို ဧပြီ ၂၇ ရက်မှ မတ်လ ၁၅ ရက်အထိ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်း-ဇူလိုင်မိုး ဓာတ်ပုံ-ချစ်သမီး**



**နိုင်ငံဘက်စုံ တည်ဆောက်စို့ မှန်မှန်ကန်ကန်အခွန်ပေးစို့**

# မျိုးဆက်သစ် မိခင်ကလေးကျန်းမာရေးမြှင့်တင်သူ ဆရာဖြစ်သင်တန်းဖွင့်

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်အရှေ့ပိုင်း ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး မျိုးဆက်သစ်မိခင်ကလေးကျန်းမာရေးမြှင့်တင်သူ ဆရာဖြစ်ဆင့်ပွားသင်တန်းကို သဃ်န်းကျွန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ ရက်က စတင်ဖွင့်လှစ်သင်ကြားရာ အရှေ့ပိုင်းခရိုင်အတွင်းရှိ ၁၄ မြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင် ၇၀ သင်တန်းတက်ရောက်ခဲ့ကြသည်။



အဆိုပါဖွင့်ပွဲသို့ အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းက မိခင်ကလေးစောင့်ရှောက်ရေးအသင်းသူများ၏ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားအခန်း ကဏ္ဍများကိုရှင်းလင်းကာ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကို သင်တန်းဆရာမငါးဦးက သက်ဆိုင်ရာဘာသာရပ်အလိုက် နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

# လေပြင်းတိုက်ခတ်၍ နေအိမ်များပျက်စီး

**ဝါးခယ်မ ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ဧပြီ ၂၃ ရက် ညနေ ၅ နာရီက လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ကျုံလတာကျေးရွာအုပ်စု ကျုံလတာရွာမနှင့်ဝွေးချောင်းကျေးရွာတို့တွင် နေအိမ် ၂၅လုံးပြိုကျ၍ အိမ် ၂၅ လုံး အမိုးများ လန်ကျပျက်စီးပြီး ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ထန်းလေးပင် ကျေးရွာအုပ်စု ထန်းလေးပင် ကျေးရွာ၊ ဘုရင်ဂျီစုကျေးရွာ၊ သကြားဟင်းအိုးကျေးရွာတို့တွင် ဓနိမိုး ဓနိကာ ပျဉ်ခင်းနေအိမ် ၁၇ လုံး၊ ငှက်ပျောချောင်းကျေးရွာအုပ်စု ရွာမနှင့်ကြာကွင်းကျွန်းကြားကျေးရွာတို့တွင် လေးလုံး ပျက်စီးဆုံးရှုံးခဲ့ကြကြောင်း သိရသည်။

အဆိုပါကျေးရွာများရှိ လေဘေးသင့်ပြည်သူများကို ဧပြီ ၂၆ ရက်က မြို့နယ်ကြက်ခြေနီ တပ်ရင်းမှူးကိုယ်စား ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းမြင့်၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် ဂုဏ်ထူးဆောင် ဒုတိယတပ်ရင်းမှူး (ငြိမ်း) ဦးစိုးတင့်၊ ဒုတိယ တပ်ရင်းမှူး ဦးကျော်မြင့်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များက စုစုပေါင်း အိမ် ၇၁ လုံးအတွက် ဆောက်လုပ်ရေးပစ္စည်းများကို ပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **လွမ်းသီဟ (iprd)**

*သိပ္ပံ၊ နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်၊ နျူကလီးယားစွမ်းအင်၊ မော်တော်ကားနည်းပညာနှင့် ယာဉ်ထိန်းသိမ်းကွပ်ကဲမှုဆိုင်ရာ အင်ဂျင်နီယာပညာစသည်တို့ကို အများပြည်သူ အသိပညာနှင့် ဗဟုသုတတိုးပွားပြီး လွယ်လင့်တကူ နားလည်သဘောပေါက်နိုင်စေရန် ပင်တိုင်ဆောင်းပါးရှင် သိပ္ပံစာရေးဆရာ ကိုကိုအောင်၏ ဆောင်းပါးများကို မြန်မာ့အလင်း သတင်းစာတွင် အပတ်စဉ်ကြာသပတေးနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။*

# နျူကလီးယားစွမ်းအင်နှင့် ရေဒီယိုသတ္တိကြွရောင်ခြည်အန္တရာယ်

**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် ယူကရိန်းနိုင်ငံရှိ ချာနိုဘိုင်းလ်နျူကလီးယား ဓာတ်ပေါင်းဖိုကြီးသည် လုပ်ငန်းခွင်မတော်တဆဖြစ်မှုကြောင့် ၁၉၈၆ ခုနှစ် ဧပြီလ ၂၆ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရေဒီယိုသတ္တိကြွဓာတ်ငွေ့နှင့် ပစ္စည်းတန်ချိန်ပေါင်း ၅၀မှာ လေထုထဲသို့ပျံ့နှံ့ရောက်ရှိခဲ့သည်။ ရေဒီယိုသတ္တိကြွပစ္စည်းများသည် ဘီလာရုစ်၊ ရုရှား၊ စကင်ဒီနေးဗီးယားနှင့် ဥရောပတစ်ဝန်းသို့ ပျံ့နှံ့သွားခဲ့သည်။ မြောက်အမေရိကနှင့် ဂျပန်နိုင်ငံတို့တွင်လည်း ချာနိုဘိုင်းလ်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ရေဒီယိုသတ္တိကြွပစ္စည်းများကို တွေ့ရှိခဲ့ကြရသည်။

**ဓာတ်ပေါင်းဖိုပေါက်ကွဲမှု**

ချာနိုဘိုင်းလ် နျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲမှုဖြစ်ပွားစဉ်က စက်ရုံလုပ်သားများသည် ရဟတ်ယာဉ်များပေါ်မှ သဲများ၊ ခဲသတ္တုများ၊ ဘိုရွန်သတ္တုများကို ဓာတ်ပေါင်းဖိုပေါ်သို့ဖြန့်ကြဲကာ ရေဒီယိုသတ္တိကြွခြင်းကိုကာကွယ်ခဲ့ကြသည်။ ထို့ပြင် ဓာတ်ပေါင်းဖို၏ အောက်ခြေဘက်တွင် အင်္ဂတေအလွှာတစ်ခုကို လျင်မြန်စွာလောင်း၍မြေကြီးထဲသို့ ရေဒီယိုသတ္တိကြွပစ္စည်းများ ယိုဖိတ်ခြင်းကို တားဆီးခဲ့ကြသည်။ ဤသို့မလုပ်ဆောင်ခဲ့လျှင် ရေဒီယိုသတ္တိကြွပစ္စည်းများသည် မြေကြီးထဲမှတစ်ဆင့် မြေအောက်ရေထဲသို့ ရောက်ရှိသွားနိုင်သည့်အတွက်ကြောင့်ဖြစ်သည်။

ချာနိုဘိုင်းလ်နျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲပြီး နောက်တစ်နေ့တွင် ဆွီဒင်နိုင်ငံက ၎င်း၏ပိုင်နက်လေထုထဲတွင် ရေဒီယိုသတ္တိကြွပစ္စည်းများကို တွေ့ရှိရကြောင်းကြေညာခဲ့သည်။ ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ရေဒီယိုသတ္တိကြွပစ္စည်းများသည် လေထုထဲမှတစ်ဆင့် ကီလိုမီတာပေါင်း ထောင်ချီဝေးသော နိုင်ငံများထိတိုင် ပျံ့နှံ့ရောက်ရှိသွားခဲ့သည်။

**အရေးယူဆောင်ရွက်ခြင်း**

ဓာတ်ပေါင်းဖိုပေါက်ကွဲမှုဖြစ်ပွားပြီး နောက်တစ်နေ့တွင် ဓာတ်ပေါင်းဖိုမှ ကီလိုမီတာ ၃၀အတွင်း၌ နေထိုင်ကြသော လူပေါင်းတစ်သိန်းကျော်ကို ရွှေ့ပြောင်းပေးခဲ့ရသည်။ ယင်းပေါက်ကွဲမှုကြီး၏ အကျိုးဆက်ဆိုးကျိုးများကို မခံစားကြရစေရေးအတွက် ဆိုဗီယက်ပြည်ထောင်စုအစိုးရက ဟင်းသီးဟင်းရွက်များ ချက်ပြုတ်ရာ၌ ရေဖြင့်ကောင်းစွာဆေးကြောကြရန်၊ မိမိတို့၏ ဆံပင်များကို နေ့စဉ်လျှော်ပေးကြရန်၊ ကလေးငယ်များ အိမ်အပြင်ဘက်သို့ မထွက်ကြရန်နှင့်အိမ်ပြတင်းပေါက်များကို ပိတ်ထားကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

သို့ရာတွင် များမကြာမီနှစ်များအတွင်း၌ ယူကရိန်းပြည်နယ်နှင့် ဘီလာရုစ်ပြည်နယ်များတွင် ကျန်းမာရေးချို့ယွင်းချက်များ တိုးပွားဖြစ်ပေါ်လာကြောင်း တွေ့ရှိခဲ့ကြသည်။ ချာနိုဘိုင်းလ်ပေါက်ကွဲမှုကြောင့် လူပေါင်းလေးသိန်းမှာ နေရပ်ကိုစွန့်ခွာထွက်ပြေးကြရပြီး လူပေါင်းကိုးသိန်းခန့်မှာ ပေါက်ကွဲမှု၏အကျိုးဆက်ဖြစ်သော ဆိုးကျိုးများကို ခံစားခဲ့ကြရသည်။

**မြေဆီလွှာပျက်သုဉ်းခြင်း**

ချာနိုဘိုင်းလ်ပေါက်ကွဲမှုဖြစ်ပွားရာ နေရာဒေသတစ်ဝိုက်တွင် မြေဆီလွှာများပျက်သုဉ်းပြီး ကောက်ပဲသီးနှံများစိုက်ပျိုး၍မရသည့် အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။ သိပ္ပံပညာရှင်များက ဤကဲ့သို့ နျူကလီးယားမတော်တဆမှုကြောင့်ဖြစ်ပေါ်သော မြေဆီလွှာပျက်သုဉ်းမှုသည် နှစ်ပေါင်းရာနှင့်ချီ၍ ကာလရှည်ကြာနိုင်ကြောင်း ထုတ်ဖော်ကြေညာခဲ့ကြသည်။

ထိုမျှမက နျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲချိန်တွင် ရေဒီယိုသတ္တိကြွပစ္စည်းများ ပျံ့နှံ့သွားခြင်း မရှိစေရန် ကာကွယ်တားဆီးမှုများကို ပြုလုပ်ခဲ့ကြသော်လည်း ရေဒီယိုသတ္တိကြွ အပိုင်းအစငယ်များစွာတို့သည် မြေကြီးထဲမှတစ်ဆင့် မြေအောက်ရေကြောအတွင်းသို့ ဝင်ရောက်ကာ ဒေသခံတို့ အသုံးပြုနေကြသော မြစ်၊ ချောင်းနှင့် ရေကန်များထိတိုင် စိမ့်ဝင်ရောက်ရှိနေခဲ့ပြီဖြစ်ကြောင်း နျူကလီးယားကျွမ်းကျင်သူတို့က သတိပေးခဲ့ကြသည်။

**ပညာရှင်များ၏ သုံးသပ်ချက်**

ချာနိုဘိုင်းလ် နျူကလီးယားဓာတ်ပေါင်းဖိုပေါက်ကွဲမှုနှင့်ပတ်သက်၍ ယေးလ်တက္ကသိုလ်နှင့် ကိုလံဘီယာတက္ကသိုလ်တို့၌ သုံးသပ်ဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။ ယင်းဆွေးနွေးပွဲတွင် ဒေါက်တာဗလာဒီမာဗာတူလန်ကီးက ချာနိုဘိုင်းလ် ဓာတ်ပေါင်းဖိုပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ရေဒီယိုသတ္တိကြွမှုများသည် လူကီးမီးယား(ခေါ်) သွေးကင်ဆာရောဂါများ ပိုမိုဖြစ်ပွားလာနိုင်ကြောင်းနှင့် လက်ရှိအကျိုးဆက်များသာမက နောင်အနာဂတ်ကာလတွင်လည်း ဆိုးကျိုးများ ခံစားကြရလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။

အလားတူပင် ဆွေးနွေးပွဲတက်ရောက်ခဲ့သူ ပညာရှင်တစ်ဦးဖြစ်သော ဒေါက်တာဒင်နီယယ်ဟာရီဟော်ချက်ကလည်း အဆိုပါ ရေဒီယိုသတ္တိကြွမှုများကြောင့် ယူကရိန်းပြည်နယ်နှင့် ဘီလာရုစ်တို့တွင် ၁၉၈၆ ခုနှစ် ဧပြီလမှစ၍ လည်ပင်းသိုင်းရွိုက်ကင်ဆာဖြစ်ပွားမှုနှုန်း ပိုမိုများပြားလာကြောင်း၊ ယခင်ပုံမှန်ဖြစ်ပွားမှုနှုန်းထက် အဆ ၁၀၀ ပိုမိုလာကြောင်း၊ နောင်တွင်လည်း ယခုဖြစ်ပွားနှုန်းထက် ပိုမိုလာဖွယ်ရှိကြောင်း သုံးသပ်ဆွေးနွေးခဲ့သည်။

ယူကရိန်း၏ ဗြိတိန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးလည်းဖြစ်ပြီး ရောဂါဗေဒပညာရှင် တစ်ဦးလည်းဖြစ်သော ပါမောက္ခကိုမီသာရန်ကိုးကလည်း ချာနိုဘိုင်းလ်ပေါက်ကွဲမှုကြောင့် ကင်ဆာရောဂါများ ဖြစ်ပွားလာနိုင်ဖွယ်ရှိကြောင်း၊ ကင်ဆာရောဂါသည် ရောဂါဖြစ်ပွားပြီး ၁၀ နှစ်ခန့်ကြာမှသိနိုင်သော ရောဂါမျိုးဖြစ်သည့်အတွက် ယခုဖြစ်ရပ်၏ အကျိုးဆက်ဖြစ်သော ကင်ဆာရောဂါဖြစ်ပွားမည့် အရေအတွက်ကို ခန့်မှန်းရန်ပင် ခက်ခဲကြောင်း၊ ပစ္စုပ္ပန်ကာလ၏ ဆိုးကျိုးထက် ယင်းပေါက်ကွဲမှု၏ နောက်ဆက်တွဲအကျိုးဆက်ကို အနာဂတ်ကာလတွင် မည်မျှကြာရှည်စွာခါးစည်း၍ ခံကြရဦးမည်ကို လူအများက တွေးတော၍ စိုးရိမ်ထိတ်လန့်နေကြရခြင်းက ပို၍ဆိုးရွားကြောင်း သုံးသပ်ဆွေးနွေးခဲ့သည်။

**အတိတ်က ဖြစ်ရပ်တချို့**

ချာနိုဘိုင်းလ် နျူကလီးယားဓာတ်ပေါင်းဖို မတော်တဆဖြစ်ရပ်မတိုင်မီက အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ရှိ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုသည်လည်း ပေါက်ကွဲမှုဖြစ်ပွားပြီး ရေဒီယိုသတ္တိကြွမှုအနည်းငယ်ဖြစ်ပေါ်ခဲ့ဖူးသည်။ သို့ရာတွင် ထိခိုက် သေကြေပျက်စီးမှုများမရှိခဲ့ပေ။ အလားတူပင် ဂျပန်နိုင်ငံရှိ နျူကလီးယားစွမ်းအင်ထုတ်လုပ်သည့် နေရာအချို့၌လည်း မတော်တဆမှုများ ဖြစ်ပွားခဲ့ဖူးသည်။ သို့ရာတွင် ချာနိုဘိုင်းလ်ပေါက်ကွဲမှုကြီးမှာ ကမ္ဘာ့အကြီးကျယ်ဆုံးသော နျူကလီးယားမတော်တဆဖြစ်ရပ်တစ်ခုအဖြစ် ကမ္ဘာ့ဒေသအနှံ့ အံ့သြတုန်လှုပ်ခဲ့ကြရသည်။

ယူကရိန်းနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ချာနိုဘိုင်းလ်ပေါက်ကွဲမှုကို အကြောင်းပြု၍ အခြားနျူကလီးယားဓာတ်ပေါင်းဖိုနှစ်ခုကိုပါ ပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။ ထိုစဉ်က ယူကရိန်းသမ္မတလီယိုနစ်ကု(ချ)မာက ချာနိုဘိုင်းလ်ဓာတ်ပေါင်းဖိုများကို ၂၀၀၀ ပြည့်နှစ်မကုန်မီ နောက်ဆုံးထား၍ လုံးဝပိတ်ပစ်နိုင်ရန်အစီအမံများ ချမှတ်လုပ်ဆောင်ခဲ့သည်။

**ဓာတ်ရောင်ခြည်သင့်မှု၏ အကျိုးဆက်များ**

ချာနိုဘိုင်းလ် နျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးချိန်မှစ၍ ၂၀၀၅ ခုနှစ်အထိ ကာလအတွင်း ဓာတ်ရောင်ခြည်ပျံ့နှံ့ရာဒေသများတွင် လူပေါင်း ၄၀၀၀ ကျော် သေဆုံးခဲ့ကြရပြီးဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်သို့ ရောက်ရှိလာသည့်အချိန်၌မူ လည်ချောင်းကင်ဆာဝေဒနာကို ခံစားနေရသူပေါင်း ၆၀၀၀ ရှိနေသလို၊ ဆက်စပ်ဖြစ်ပွားသော ကင်ဆာရောဂါများကြောင့် သေလုမြောပါးခံစားကြရသူပေါင်း ၉၃၀၀၀ တို့သည် သေမည့်ရက်ကို စောင့်နေကြရသည်။

**ဂျပန်နိုင်ငံ နျူကလီးယားမတော်တဆဖြစ်မှု**

၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်ရှိ ဆန်ဒိုင်းဒေသတွင် လှုပ်ခတ်ခဲ့သော ၉ ဒသမ ၀ မဂ္ဂနီကျူရှိသည့် အင်အားပြင်းမြေငလျင်ကြီးကြောင့် တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီ (TEPCO) ပိုင် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်ပေါင်းဖိုများ မတော်တဆမှုဖြစ်ပွားခဲ့သည်။

ဓာတ်ပေါင်းဖိုပေါက်ကွဲမည့်အရေးကို ကြိုးစားတားဆီးရင်း စက်ရုံလုပ်သားများသည် ရေဒီယိုသတ္တိကြွရောင်ခြည်သင့်ခဲ့ရပြီး အချို့မှာ သေဆုံးခဲ့ကြရသည်။ ဂျပန်တာဝန်ရှိသူတို့က ဓာတ်ရောင်ခြည်အန္တရာယ် သတိပေးအဆင့် အမြင့်ဆုံးဖြစ်သော အဆင့် ၇အထိ သတ်မှတ်ထုတ်ပြန်ကြေညာခဲ့သည်။ နျူကလီးယားဓာတ်အားပေးစက်ရုံမှ ထွက်ပေါ်လာသော ရေဒီယိုသတ္တိကြွရောင်ခြည်ပမာဏသည် သတ်မှတ်ခွင့်ပြုနိုင်သည့် ပမာဏထက်အဆ ၁၀၀ ပိုမိုနေသောကြောင့် အမြင့်ဆုံးသတိပေးချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ပင်လယ်ရေကိုအသုံးပြု၍ နျူကလီးယားလောင်စာချောင်းများ၏ အပူချိန်ကိုလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ကြိုးပမ်းနေဆဲကာလ၌ပင် အမှတ် (၃) အဏုမြူဓာတ်ပေါင်းဖိုမှ ရေဒီယိုသတ္တိကြွမှု ဖြစ်ပေါ်နေသည့် ရေတန်ချိန်ပေါင်း ၂၅၀ မှာ ပင်လယ်ထဲသို့ စီးဝင်ခဲ့သည်။

နောက်ဆုံးတွင် မြို့နေလူထုအားလုံး မြို့ကိုအပြီးတိုင်စွန့်ခွာကြရန် ဂျပန်အစိုးရက ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ချာနိုဘိုင်းလ်ပေါက်ကွဲမှုမှာကဲ့သို့ ရေဒီယိုသတ္တိကြွဓာတ်ငွေ့နှင့် ပစ္စည်းတန်ချိန်မည်မျှ လွင့်စဉ်ပျံ့နှံ့သွားသည်ကို တိကျစွာမထုတ်ပြန်နိုင်ဘဲ ဓာတ်အားပေးစက်ရုံကို ထိန်းချုပ်နိုင်ရန်ပင် လနှင့်ချီ၍ကြိုးပမ်းနေခဲ့ကြရသည်။

**ဓာတ်ရောင်ခြည်သင့်မှုဆင့်ကဲဖြစ်စဉ်**

ချာနိုဘိုင်းလ်နျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှ ကီလိုမီတာ ၃၀ အတွင်းရှိဧရိယာကို အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ခဲ့ပြီးချိန်မှစ၍ ဒေသခံပြည်သူများစွန့်ခွာခဲ့ကြသည်မှာ ယနေ့ဆိုလျှင် ၂၉ နှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်သည်။

လူသားများက စွန့်ခွာထွက်ပြေးလာခဲ့ကြသော်လည်း အိမ်မွေးတိရစ္ဆာန်အချို့နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များ၊ အင်းဆက်ပိုးမွှားများစွာနှင့် တွားသွားသတ္တဝါများစွာတို့သည် ချာနိုဘိုင်းလ်အန္တရာယ်ဇုန်အတွင်း၌ ကျန်ရှိနေခဲ့သည်။ အင်းဆက်ပိုးမွှားများကို အိမ်မြှောင်က သတ်ဖြတ်စားသောက်သည်။ အိမ်မြှောင်ကို ကြွက်ကစားသည်။ ကြွက်ကိုကြောင်ကစားသည်။ ကြောင်ကို မြေခွေးနှင့်ဝံပုလွေများက သတ်ဖြတ်စားသောက်သည်။ သတ်ဖြတ်စားသောက်ခြင်းခံရသော တိရစ္ဆာန်များသည် ဓာတ်ရောင်ခြည်သင့်နေပြီးဖြစ်သလို၊ စားသောက်ကြသော တိရစ္ဆာန်များသည်လည်း ရေဒီယိုသတ္တိကြွရောင်ခြည်သင့်နေသော သတ္တဝါများဖြစ်ကြသည်။ အန္တရာယ်ဇုန်အတွင်း၌ ကျန်ရှိနေခဲ့ကြသော တိရစ္ဆာန်မျိုးစုံနှင့်ဇုန်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသော သတ္တဝါအားလုံးတို့သည် ဓာတ်ရောင်ခြည်သင့်ဝေဒနာများကို ခံစားရင်း တိုတောင်းစွာ ကျန်ရှိနေသောဘဝ၏ နောက်ဆုံးအချိန်ကို ဖြတ်သန်းခဲ့ကြရသည်။

ဓာတ်ရောင်ခြည်သင့်မှုဆင့်ကဲဖြစ်စဉ်၏ အဆိုးရွားဆုံးဖြစ်ရပ်မှာ နျူကလီးယားဓာတ်ပေါင်းဖိုပေါက်ကွဲမှုဖြစ်ပွားပြီး နှစ်ရက်အကြာတွင် ရေဒီယိုသတ္တိကြွဓာတ်ငွေ့နှင့်သတ္တုမှုန်များပါသော မိုးရွာချခဲ့သည်။ ရွာချသောမိုးကြောင့် သစ်တုံးများနှင့် သစ်သားချောင်းများတွင် မှိုပွင့်များအများအပြား ထွက်ပေါ်လာခဲ့သည်။

မှိုပွင့်ကို အလွန်နှစ်သက်သောတောဝက်များက အုပ်စုလိုက်ဝင်ရောက်လာပြီး ဓာတ်ရောင်ခြည်သင့်မှိုပွင့်များကို အများအပြားစားသုံးကြသည်။ အဆိုပါဒေသတွင်းရှိ တောဝက်များ၏ ဓာတ်ရောင်ခြည်သင့်မှုပမာဏ အလွန်မြင့်မားလာနေချိန်တွင် အန္တရာယ်ဇုန်မှ ပြင်ပသို့ကျွံထွက်လာသော တောဝက်များကို အမဲလိုက်သူတို့က ပစ်ခတ်ဖမ်းဆီးပြီး ချက်ပြုတ်စားသောက်ကြသည်။

အလားတူပင် အန္တရာယ်ဇုန်အတွင်းမှ ဓာတ်ရောင်ခြည်သင့်တိရစ္ဆာန်မျိုးစုံတို့သည် ပြင်ပဧရိယာသို့ ကျွံထွက်လာကြသည့်အခါ တိရစ္ဆာန်အချင်းချင်း သတ်ဖြတ်စားသောက်ခံရခြင်း၊ မျိုးစိတ်တူတိရစ္ဆာန်အချင်းချင်း မိတ်လိုက်ခြင်း၊ တိရစ္ဆာန်ချစ်သူအချို့က မွေးမြူစောင့်ရှောက်ထားခြင်းစသည်တို့ကြောင့် တိရစ္ဆာန်အချင်းချင်းနှင့် တိရစ္ဆာန်မှ လူတို့ထံသို့ ဓာတ်ရောင်ခြည်သင့်မှုဆင့်ကဲဖြစ်စဉ်များကို တိုး၍ဖြစ်ပေါ်စေခဲ့သည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူတို့က ကမ္ဘာတစ်ဝန်းရှိ နျူကလီးယားဓာတ်ပေါင်းဖို ၄၀၀ ကျော်ကို လုံးဝပိတ်ပစ်ရန် လှုံ့ဆော်ခဲ့ကြသည်။ လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားနှင့် ရေအားသုံးလျှပ်စစ်ဓာတ်အားစသည့် အန္တရာယ်ကင်းသော နည်းလမ်းများကိုသာ အသုံးပြုကြရန် ကမ္ဘာအနှံ့တိုက်တွန်းနှိုးဆော်မှုများကို ပြုလုပ်ခဲ့ကြသည်။

သို့ရာတွင် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရာ၌ နျူကလီးယားစွမ်းအင်ကို အသုံးပြုခြင်းသည် ကုန်ကျစရိတ် အသက်သာဆုံးနှင့် လျှပ်စစ်ဓာတ်အားပမာဏကြီးမားစွာ ရရှိနိုင်ခြင်းများကြောင့် လည်းကောင်း၊ နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်လုပ်ငန်းသည် မတော်တဆမှုမဖြစ်သရွေ့ ကာလပတ်လုံး သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုမဖြစ်စေသောကြောင့် လည်းကောင်း၊ တစ်ကမ္ဘာလုံး လျှပ်စစ်ဓာတ်အား လိုအပ်ချက်၏ ၁၆ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများက ထုတ်လုပ်ပေးနေကြသည့်အားလျော်စွာ. . . အကယ်၍ နျူကလီးယားဓာတ်ပေါင်းဖိုအားလုံးကို ပိတ်ပစ်မည်ဆိုလျှင် ကမ္ဘာတစ်ဝန်းရှိ စက်ရုံပေါင်းများစွာတို့၏ ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားမည်ဖြစ်သည့်အတွက်ကြောင့် လည်းကောင်း၊ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ဤကိစ္စကိုအဖြေရှာပြီး အစားထိုးနိုင်မည့်နည်းလမ်းများကို ကြံဆလျက်ရှိနေကြသည်။

နျူကလီးယားစွမ်းအင်ကို ဆက်လက်သုံးစွဲ၍ ရေဒီယိုသတ္တိကြွရောင်ခြည်သင့်မည့် ဘေးအန္တရာယ်ကို ပူပန်တွေးတောနေကြမည်လော. . .၊ နျူကလီးယား ဓာတ်ပေါင်းဖိုများကိုပိတ်ပစ်ပြီး ထုတ်လုပ်မှုလုပ်ငန်းအများစုကို ရပ်ဆိုင်းပစ်လိုက်မည်လော. . . အန္တရာယ်ကင်းပြီး လျှပ်စစ်ဓာတ်အား ပမာဏကြီးမားစွာ ထုတ်လုပ်ရရှိနိုင်မည့်နည်းလမ်းသစ်များကို အမြန်ဆုံး ရှာဖွေဖော်ထုတ်နိုင်ကြမည်လော. . .၊

ဤမေးခွန်းများ၏အဖြေသည် ကမ္ဘာ့လူသားအားလုံး၏ တူညီသောကံကြမ္မာတစ်ရပ်ပင် မဟုတ်ပါလော။ ။










## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ချင်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန
## ဟားခါးမြို့

၁။ ချင်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ မင်းတပ်မြို့၊ ပလက်ဝမြို့၊ ဟားခါးမြို့၊ ဖလမ်းမြို့၊ တီးတိန်မြို့၊ ထန်တလန်မြို့၊ တွန်းဇံမြို့၊ ကန်ပက်လက်မြို့၊ မတူပီမြို့များတွင် အားကစားရုံတည်ဆောက်ခြင်း၊ ဘောလုံးကွင်းများအဆင့်မြှင့်တင်ခြင်း၊ တင်းနစ်ကွင်းအဆင့်မြှင့်တင်ခြင်း၊ ရုံးခန်းများတည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားများလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်စည်းကမ်းချက်များကို ၂၇-၄-၂၀၁၅ ရက်မှစ၍ ချင်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူပြီး ၂၂-၅-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ဤရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါကအောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၇၀-၂၁၀၇၈၊ ၀၉-၂၄၅၁၀၄၈**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**






## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၀/ဘီ၊ မြေကွက်အမှတ် (စ/၁၅၁)၊ ဧရိယာ ၀ ဒသမ ၁၃ ဧက၊ မြေကွက်တည်နေရာအမှတ် (၁၆၃)၊ စိုက်ပျိုးရေးလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ် (ဒေါ်စောသိန်း)အမည်ပေါက် (၁)နှစ်ယာယီလိုင်စင်မြေ (သီရိမင်္ဂလာဂရန်ပေးရေးစီမံချက်) အတွင်းမှမြေကွက်အား အမည်ပေါက် ဒေါ်စောသိန်း ၁၂/အစန(နိုင်)၁၆၂၈၇၇ က အထူးဝန်ဆောင်ခနှုန်းဖြင့် နှစ်(၆၀) မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၂၁၄၊ မြေကွက်တည်နေရာအမှတ် ၂၁၄၊ ယုဇန(၁)လမ်း၊ ဦးသန်းထွန်း အန်/အိုကေအေ-၀၁၅၆၆၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးသန်းထွန်း ကွယ်လွန်သဖြင့် ဒေါ်မြစိန် ၈/ကယက(နိုင်)၀၀၈၇၇၁ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/4958 HONDA FIT 6E6 HATCH BACK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်နိုင်ဦး ၉/မတရ(နိုင်)၀၅၇၄၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## အများသိစေရန်ကြေညာခြင်း

ဦးမင်းလတ်ဟန် ၁၂/ဗတထ(နိုင်)၀၂၆၆၃၃၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းလတ်ဟန်နှင့် ဇနီးဖြစ်သူ ဒေါ်ချောမေအောင် ၁၂/ကတတ(နိုင်)၀၂၆၃၆၆ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်သောကြောင့် ဇနီးအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာဝင်း LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ် (၅၅)၊ အခန်း (၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၁၀၉၃**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၄-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၇ တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)ကြော်ငြာတွင် ကော်လံ၏ အောက်ဆုံးစာကြောင်းဖြစ်သည့် ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနအစား တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီဟု ပြင်ဆင်ဖတ်ရှုပါရန်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ပျောက်ဆုံးကြောင်း

ဦးမျိုးအောင်၏ နိုင်ငံကူးလက်မှတ်အမှတ် MA882141သည် အိန္ဒိယသံရုံးနှင့် ၃၈လမ်းကြားတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် တွေ့ရှိပါက အထူးကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၅၁၉၉၉၀၈**
**၀၉-၅၀၇၉၉၆၇**

**သွေးသည် အသက်**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## လှည်းကူးနယ်မြေ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လှည်းကူးနယ်မြေတွင် သောက်သုံးရေရရှိရေးအတွက် ဖလက်မ အဝီစိတွင်း (၄၀၀ ပေအနက်)တူးဖော်ခြင်းနှင့် ရေဖြန့်ဝေခြင်းအတွက် ဆက်စပ်လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပိတ်မည့်ရက်မှာ ၁၅-၅-၂၀၁၅ရက် (သောကြာနေ့) ၁၆:၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လှည်းကူးနယ်မြေ ကျောင်းအုပ်ကြီးရုံးခန်းတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လှည်းကူးနယ်မြေ ကျောင်းအုပ်ကြီး ဒေါက်တာကြည်တိုး ဖုန်း-၀၉-၂၅၄၀၂၃၃၉၆ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**လှည်းကူးနယ်မြေ**

---

## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

- (က) သန့်ရှင်းရေးသုံးပစ္စည်း (၅၆)မျိုး
- (ခ) ကျောက်စိမ်းအလုပ်ရုံသုံးပစ္စည်း (၄၄)မျိုး
- (ဂ) ကျောက်မျက်အလုပ်ရုံသုံးပစ္စည်း (၃၂)မျိုး
- (ဃ) ဆေးဝါးပစ္စည်း (၈၀)မျိုး

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၄-၅-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၃-၆-၂၀၁၅ ရက် မွန်းတည့် ၁၂:၀၀နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၈၁၈ တွင် လာရောက်စုံစမ်းနိုင်ပါသည်။

---

၅-၄-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၆၊ ကော်လံ ၃ ပါ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသတည်ဆောက်ရေး လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ လျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်အား ၃၀-၄-၂၀၁၅ ရက် အစား ၇-၅-၂၀၁၅ ရက်သို့ ပြင်ဆင်သတ်မှတ်ထား ကြောင်း အသိပေးအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့်**
**စိစစ်ရွေးချယ်ရေးကော်မတီ**

---

## သတ္တုတွင်းဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

- (က) ဘူမိဗေဒကွင်းဆင်းလုပ်ငန်းသုံးစက်ပစ္စည်း ၄ မျိုး
- (ခ) မြေတိုင်းကွင်းဆင်းလုပ်ငန်းသုံးစက်ပစ္စည်း ၁ မျိုး
- (ဂ) ဓာတုဗေဒဓာတ်ခွဲခန်းသုံးစက်ပစ္စည်း ၆ မျိုး
- (ဃ) သေလဗေဒဓာတ်ခွဲခန်းသုံးစက်ပစ္စည်း ၂ မျိုး
- (င) ဓာတုဗေဒဓာတ်ခွဲခန်းနှင့်သေလဗေဒဓာတ်ခွဲခန်းသုံး ဓာတ်ဆေးနှင့်လုပ်ငန်းသုံးပစ္စည်း ၆၆ မျိုး
- (စ) လွန်တူးလုပ်ငန်းသုံးပစ္စည်း ၅၂ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၂၉-၄-၂၀၁၅ရက်မှ ၂၉-၅-၂၀၁၅ရက် ၁၆:၀၀နာရီအတွင်း မည်သူမဆို လွတ်လပ်စွာ တင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၄၀၇၉**

---

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သဘာဝဘေးလျှော့ပါးရေးဆိုင်ရာ သင်တန်းများတွင် ဖြန့်ဝေရန်အတွက် သင်ထောက်ကူပစ္စည်းစုံ တံဆိပ်နှင့်စာသားအပါ အပြာရောင်တီရှပ် (၁၀၀ ရာခိုင်နှုန်း ချည်သား)ဆိုဒ်စုံ၊ အပြာရောင်ဇင်စလွယ်ထိုးဦးထုပ်၊ မိုးကာအင်္ကျီ(အရှည်)၊ ကျောပိုးအိတ်၊ (လျှော်တက်သားအပျော့)၊ ဗလာစာအုပ်(စာမျက်နှာ ၈၀ ပါအချော)၊ ဘောပင်(Linc အမျိုးအစား)၊ ခဲတံ(2B အမျိုးအစား)၊ အဖုံးပါသည့်ပလတ်စတစ်ဖိုင်နှင့် ဓာတ်ခဲဖြင့်အသုံးပြုရသော လက်နှိပ်ဓာတ်မီး (၁၂၉၀)စုံနှင့် Handspeaker+ဓာတ်ခဲ (၄လုံးပါ)(၁၂၉)စုံ၊ Kaide-KK-9 ရေဒီယို+ဓာတ်ခဲ (၁၇၁)စုံတို့အား တင်ဒါတစ်စောင်ဖြင့်လည်းကောင်း၊ ဆိုလာမီးအိမ် (Portable Solar System (10W/20W, 12V (၈၄)လုံးကို တင်ဒါတစ်စောင်ဖြင့်လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်ဈေးနှုန်း** - ၄-၅-၂၀၁၅ရက်မှ ၈-၅-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း တင်ဒါတစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါသွင်းရမည့်ရက်** - ၁၂-၅-၂၀၁၅ ရက် ၁၆:၃၀ နာရီအတွင်း

၄။ **ဆက်သွယ်ရမည့်ဖုန်း** - ၀၆၇-၄၀၄၁၁၄၊ ၀၆၇-၄၀၄၄၂၀၊ ၀၆၇-၄၀၄၃၆၉

**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**

---

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံခြားသုံးငွေ (US$)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | ပုံစံ/စည်းကမ်းချက် ထုတ်ယူရန်ရက် | တင်ဒါပိတ်မည့် ရက်/အချိန် |
|---|---|---|---|
| ၁။ | Marine Engine,Gear Box, Propeller and Shaft Acce: for Pilot Cutter | ၃၀-၄-၂၀၁၅ | ၁၉-၅-၂၀၁၅ ၁၃:၀၀နာရီ |
| ၂။ | Centre Shaft,Shackle & Swivel for First Class Pear Shaped Buoy | ၅-၆-၂၀၁၅ | ၄-၇-၂၀၁၅ ၁၃:၀၀နာရီ |
| ၃။ | Mooring Chain & Accessories | ၅-၆-၂၀၁၅ | ၄-၇-၂၀၁၅ ၁၃:၀၀နာရီ |
| ၄။ | Solar Lantern(LED,5NM & 7 NM) | ၅-၆-၂၀၁၅ | ၄-၇-၂၀၁၅ ၁၃:၀၀နာရီ |
| ၅။ | Machineries & Electrical Spare for Vessel | ၁၂-၆-၂၀၁၅ | ၁၀-၇-၂၀၁၅ ၁၃:၀၀နာရီ |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ (ဗိုလ်တထောင်ဘုရားအနောက်ဘက်/ကွန်ကရစ်လမ်း Toll Gateအနီး) ဆိပ်ကမ်းမြို့နယ်တွင် ဖော်ပြပါရက်အသီးသီးတို့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၃၂၊ ၀၁-၈၆၁၀၂၂၉ တို့သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာမြို့နယ်ရုံးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ ဌာနများတွင် ၃၀-၄-၂၀၁၅ရက်မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၈-၅-၂၀၁၅ ရက်၊ ၁၂:၀၀ နာရီ

**တင်ဒါဖွင့်မည့်ရက်** - ၁၈-၅-၂၀၁၅ ရက်၊ ၁၃:၀၀ နာရီ

**ဝယ်ယူမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျောက်ဆည်မြို့။ ဖုန်း-၀၆၆-၅၀၄၂၃

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## တိုင်းဒေသကြီးအစိုးရအဖွဲ့
## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
# အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းဆင့် ကျောင်းသား/သူ အားလုံးအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လေ့ကျင့်ခန်းစာအုပ်၏ အရည်အသွေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) စာအုပ်အရွယ်အစား - (၆.၂၅×၈.၂၅)လက်မ
- (ခ) လိုင်းအရေအတွက် - ၂၂လိုင်း (အနည်းဆုံး)
- (ဂ) အဖုံးစက္ကူ - ၁၈၀ gsm Duplex Board (colour)
- (ဃ) အတွင်းစက္ကူ - ၆၀ gsm indo 1K woodfree
- (င) စာမျက်နှာ - ၈၀ Pages
- (စ) စာအုပ်ဖုံး - **စာအုပ်အဖုံးအရှေ့နှင့်အနောက်** အတွင်းဘက်များတွင် ထည့်သွင်းပေးရန် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မေတ္တာရပ်ခံသည့် မုန်တိုင်းဘေး၊ ရေဘေး၊ မြေငလျင်ဘေး၊ ဆူနာမီဘေးနှင့် သက်ဆိုင်သည့် သတိပြုဆောင်ရွက်ရမည့် ကြော်ငြာများ ထည့်သွင်းရန်၊ **စာအုပ်အဖုံးအရှေ့အပြင်ဘက်တွင်** စိတ်ဓာတ်၊ စည်းကမ်း၊ ပညာစာသားများပါရှိသည့် ပညာရေး Logo နှင့် **စာအုပ်အဖုံး အနောက်အပြင်ဘက်တွင်** မြန်မာ့ရိုးရာလူမှုရေး ကျင့်ဝတ်များ ထည့်သွင်းရိုက်နှိပ်ရန် (ဆရာကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ သားသမီးကျင့်ဝတ်)

၃။ တင်ဒါများကို အောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၂-၂၁၀၁၃၊ ၂၄၅၇၀၊ ၂၅၃၁၉၊ ၂၃၈၇၀ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

- (က) **ရောင်းချမည့်နေ့ရက်** - ၃၀-၄-၂၀၁၅ ရက် (ကြာသပတေးနေ့)
- (ခ) **တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - ၁၀-၅-၂၀၁၅ ရက် (သောကြာနေ့)၊ ၁၆:၃၀ နာရီ
- (ဂ) **ရောင်းချမည့်နေရာ** - ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုဌာန

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

---

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းအချက်အလက်နှင့် နည်းပညာဌာနအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများအား ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | |
|---|---|---|---|
| ၁။ | Fiber Patch Cord | 100 | Nos |
| ၂။ | Fiber Converter (WDM) | 50 | Sets |
| ၃။ | Optical Power Meter | 5 | Nos |
| ၄။ | Battery for Online UPS(12V) | 120 | Nos |
| ၅။ | ADSL Line Tester | 3 | Nos |
| ၆။ | 48 Port DSLAM | 60 | Nos |
| ၇။ | 48 Port ADSL Line Card | 20 | Nos |
| ၈။ | ADSL System Accessories | 1 | Lot |
| ၉။ | Unmanagement Switch (16 ports) (AC/DC) | 10 | Nos |
| ၁၀။ | Wireless Router | 50 | Nos |
| ၁၁။ | ADSL 2+Modem | 50 | Nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification) များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၃၀-၄-၂၀၁၅ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၉-၅-၂၀၁၅ရက် ၁၆:၀၀ နာရီဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ပြည်ပဆက်သွယ်ရေးအဆောက်အအုံ**
**ကမ္ဘာအေးဘုရားလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၆၅၂၃၇၃၊ ၀၁-၆၆၂၄၀၅၊ ၀၁-၆၆၁၀၁၅**

---

## ပြည်တွင်းအခွန်များဦးစီးဌာန
## အငယ်တန်းစာရေးနှင့် ရုံးအကူ/စာပို့ရာထူးနေရာများအတွက်
# ရေးဖြေအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)ရရှိသော အငယ်တန်းစာရေးရာထူးနှင့် လစာနှုန်း ကျပ် (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀)ရရှိသော ရုံးအကူ/စာပို့ရာထူးနေရာများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲအား ၂၄-၃-၂၀၁၅ ရက်တွင် ပြုလုပ်ခဲ့ပြီး ရေးဖြေအောင်မြင်သူ(၁၅၄)ဦး၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ရုံးအကူ/စာပို့ ပတခ-၁၊ ၃၊ ၄၊ ၅၊ ၂၃၊ ၃၄၊ ၃၆၊ ၃၇၊ ၄၂၊ ၄၄၊ ၄၅၊ ၄၈၊ ၆၄၊ ၆၈၊ ၁၁၆၊ ၁၂၂၊ ၁၂၄၊ ၁၂၇၊ ၁၃၇၊ ၁၆၄၊ ၁၇၅၊ ၁၇၆၊ ၁၉၆၊ ၂၁၂။

(ခ) စစ်ကိုင်းတိုင်းဒေသကြီး၊ အငယ်တန်းစာရေး၊ စက-၁၀၊ ၁၉၊ ၂၈၊ ၄၉၊ ၅၆၊ ၃၆၉၊ ၄၈၀၊ ၄၈၅၊ ၆၀၀၊ ၆၂၃။

(ဂ) ပဲခူးတိုင်းဒေသကြီး၊ အငယ်တန်းစာရေး၊ ပခ-၁၉၊ ၅၀၊ ၅၂၊ ၁၃၆၊ ၁၃၈၊ ၁၄၂၊ ၁၆၄၊ ၁၇၃၊ ၁၉၁၊ ၁၉၃။

(ဃ) မွန်ပြည်နယ်၊ အငယ်တန်းစာရေး၊ မွန်-၄၊ ၂၆၊၂၇၊ ၂၉၊ ၃၇၊ ၄၆၊ ၅၇၊ ၆၃။

(င) ရခိုင်ပြည်နယ်၊ အငယ်တန်းစာရေး၊ ရခ-၁၈၊ ၁၉၊ ၆၀၊ ၇၈၊ ၈၅၊ ၈၆၊ ၉၅၊ ၁၀၂။

(စ) ရန်ကုန်တိုင်းဒေသကြီး၊ အငယ်တန်းစာရေး၊ ရက-၁၊ ၃၈၊ ၄၀၊ ၄၁၊ ၅၃၊ ၆၃၊ ၁၀၀၊ ၁၀၆၊ ၁၃၆၊ ၂၁၃၊ ၂၃၀၊ ၂၃၆၊ ၂၄၆၊ ၂၅၉၊ ၂၈၈၊ ၃၁၂၊ ၃၂၁၊ ၃၅၃၊ ၃၆၀၊ ၃၇၈၊ ၃၉၄၊ ၄၀၂၊ ၄၁၂၊ ၄၄၃၊ ၄၅၇၊ ၄၆၈၊ ၄၈၈၊ ၅၃၂၊ ၅၅၃၊ ၅၈၃၊ ၅၉၁၊ ၆၃၄၊ ၆၇၀၊ ၆၇၆၊ ၇၀၄၊ ၇၅၁၊ ၇၉၆၊ ၇၉၇၊ ၇၉၉၊ ၈၀၆၊ ၈၆၀၊ ၉၅၀၊ ၁၀၃၀၊ ၁၀၃၃၊ ၁၀၅၀၊ ၁၁၀၂၊ ၁၁၇၃၊ ၁၂၂၆။ ရုံးအကူ/စာပို့၊ ရက-၁၁၁၀၊ ၁၂၆၆၊ ၁၂၆၇၊ ၁၂၈၂၊ ၁၂၈၈၊ ၁၃၀၆၊ ၁၃၁၀၊ ၁၃၁၆၊ ၁၃၁၇၊ ၁၃၁၈၊ ၁၃၄၈၊ ၁၃၅၅၊ ၁၃၆၁၊ ၁၃၈၁၊ ၁၄၀၀၊ ၁၄၁၇၊ ၁၄၄၃၊ ၁၄၅၂။

(ဆ) ရှမ်းပြည်နယ်၊ အငယ်တန်းစာရေး၊ ရှမ်း-၈၊ ၁၁၊ ၅၁၊ ၅၂၊ ၅၅၊ ၅၆၊ ၆၄၊ ၇၄၊ ၈၁၊ ၁၁၂၊ ၁၁၈၊ ၁၂၉၊ ၁၄၈၊ ၁၉၃၊ ၁၉၆၊ ၁၉၉၊ ၂၀၅၊ ၂၁၆၊ ၂၄၀၊ ၂၄၁။

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ အငယ်တန်းစာရေး ဧရာ-၇၊၁၀၊ ၃၈၊၅၂၊ ၅၃၊၇၀၊၇၁၊၈၂။

၂။ အရည်အချင်းစစ်ရေးဖြေအောင်မြင်သူများအား ၇-၅-၂၀၁၅ ရက်တွင် လူတွေ့စစ်ဆေး ခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများပြုလုပ်မည်ဖြစ်ရာ မိမိဖြေဆိုခဲ့သည့် သက်ဆိုင်ရာ နေပြည်တော်(ရုံးချုပ်)/ပြည်နယ်/တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးများသို့ အောက်ပါစာရွက် စာတမ်းများနှင့်အတူ ၆-၅-၂၀၁၅ ရက် ရုံးချိန်အတွင်း အချိန်မီသတင်းပေးပို့ရ မည်ဖြစ်ပါသည်-

- (က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ) (၁) စောင်စီ
- (ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့ရလက်မှတ်(မူရင်း/မိတ္တူ) (၁) စောင်စီ
- (ဂ) ဒေသန္တရ ကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ဆေးထောက်ခံချက်(မူရင်း) (၁) စောင်

၃။ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခံရန် လာရောက်သူများသည် အောက်ပါအတိုင်း ဝတ်ဆင်လာရမည်။

(က) အမျိုးသားများ လည်ကတုံးအင်္ကျီ အဖြူနှင့်ပုဆိုး

(ခ) အမျိုးသမီးများ မြန်မာဆန်ဆန် ဝတ်ဆင်လာရမည်။

၄။ ရွေးချယ်ခံရသူများစာရင်းအား နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာ နေပြည်တော် (ရုံးချုပ်)/ပြည်နယ်/တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးများတွင် ကြေညာပေးသွား မည်ဖြစ်သည့်အပြင် ရွေးချယ်ခံရသူများအား လိပ်စာပါအတိုင်း စာဖြင့် ဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# အခြေခံအဆောက်အအုံ ကဏ္ဍမြှင့်တင်မှုက အိမ်ခြံမြေဈေးကွက်ကျယ်ပြန့်လာစေနိုင်



ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ၏ စီးပွားရေးဈေးကွက် စနစ်ပြောင်းလဲလာမှုနှင့်အတူ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တစ်စတစ်စ ဝင်ရောက်လာမှုကြောင့် နိုင်ငံတစ်ဝန်းရှိ စီးပွားရေး အချက်အချာကျသော မြို့များတွင် မြေ၊ အိမ်၊ တိုက်ခန်း စသည့် လိုအပ်ချက်ပိုမိုလာမည် ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့အပြင် အခြားသောဒေသများတွင်ပါ အိမ်ခြံမြေဈေးကွက် ဖွံ့ဖြိုးလာစေရန်အတွက် အခြေခံ အဆောက်အအုံမြှင့်တင်မှုများ ပိုမိုလိုအပ်ကြောင်း ဂျာမနီအခြေစိုက်အိမ်ခြံမြေဝက်ဘ်ဆိုက် House.com.mm ၏ မန်နေဂျင်းဒါရိုက်တာ Jan Sommerfeld က အကြံပြုပြောကြားသည်။

"အခြေခံ အဆောက်အအုံ ကောင်းမွန်မှုဟာ စီးပွားရေးလုပ်ငန်း ပွင့်လင်းလာခြင်း၊ အလုပ်အကိုင်

စာမျက်နှာ ၈ ကော်လံ ၅ ◆

## ယနေ့ မာတိကာ


စွမ်းအင်ပြဿနာကို အလုပ်ချိန်လျှော့ချခြင်းဖြင့် ပင်နီဖြေရှင်းမည် စာ ၄

ဘက်စုံပညာထူးချွန်လူငယ်များ ညောင်ရွှေမြို့တွင်ရှိ အထင်ကရနေရာများ သွားရောက်လေ့လာ စာ ၁၁

အသုဘနေအိမ်၌ ကျွေးမွေးသော ထမင်းဟင်း စားမိ၍ လူ ၁၀၀ ကျော် အစာအဆိပ်ဖြစ်၍ ဖြူးနှင့်ကညွတ်ကွင်းဆေးရုံသို့ ရောက်ရှိ စာ ၁၂


## ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ထားရာ ဗုဒ္ဓဂယာ

စာမျက်နှာ-၆

# ရောဝတီအသင်း AFC Cup ရှုံး/ထွက် အဆင့်သို့ တက်ရောက်

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဧပြီ ၂၉

၂၀၁၅ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ် (H) ပွဲစဉ်ဖြစ်သည့် ရောဝတီအသင်းနှင့် လာအို FC တို့သည် ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရောဝတီအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရသွားသည်။

| | | |
|---|---|---|
| ရောဝတီ | - | လေးဂိုး |
| လာအို FC | - | သုံးဂိုး |

တစ်ယောက်လျော့ကစားခဲ့ရသည့်အပြင် နောက်မှလိုက်ကစားခဲ့ရသည့် ရောဝတီအသင်းမှာ ပွဲပြီးခါနီး ဂိုးဖြင့် ပထမဆုံး အိမ်ကွင်းနိုင်ပွဲရယူနိုင်ခဲ့သည်။ ရောဝတီအသင်းမှာ နိုင်ပွဲရယူနိုင်ခဲ့သလို အုပ်စု (H) ၏ အခြားပွဲစဉ်တွင် နယူးရေးဒီးယန့်အသင်းမှာ အိမ်ကွင်း၌ရှုံးနိမ့်ခဲ့သောကြောင့် ရောဝတီအသင်းမှာ ရှုံး/ထွက်အဆင့်သို့ ပွဲမကုန်ဆုံးမီ တက်ရောက်သွားပြီဖြစ်သည်။

ရောဝတီအသင်းမှာ ပွဲပယ်ခံထားရသည့် ဟိန်းသီဟဇော်ကလွဲ၍ လူစုံပါဝင်ခဲ့ပြီး ပွဲအစ ရှစ်မိနစ်မှာပင် ဖွန်ဆီကာက ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သည်။ ရောဝတီအသင်းမှာ အိမ်ကွင်း၌ကစားရသည့်အပြင် ဦးဆောင်ဂိုးရထားသော်လည်း ပွဲကိုထိန်းကစားနိုင်ခြင်းမရှိခဲ့ပေ။ လာအိုအသင်းမှာ အကောင်းဆုံးပုံစံဖြင့် ရောဝတီဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ၂၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဖက်ထာနာက ချေပဂိုးပြန်သွင်းခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင်လည်း လာအို FC ကသာ ဖိကစားနိုင်ခဲ့ပြီး ၄၂ မိနစ်တွင် ဖရီးကစ်မှတစ်ဆင့် ပိုင်တီးက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ စာမျက်နှာ ၅ ကော်လံ ၁ ❍



ရောဝတီအသင်း တိုက်စစ်ကို လာအို FC ဂိုးသမား ကာကွယ်စဉ်။

ပညာမြင်းမိုရ်၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာတို့ စုံစမ်းပြီးမှ အပ်နှံပါ၊ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ်-တတ၁၃/၀၉/၀၂၉
၅-တန်းမှ ၁၀-တန်းအထိ
ပညာမြင်းမိုရ်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
Computer, Language, Speaking, Music
(၅)တန်းမှ (၁၀)တန်းအထိ
ဖုန်း- 09 31233275, 01-562830, 09 73004720, 09 259258407
အဆောင်မှူး/ Guide (ကျား) အလိုရှိသည်။

mmalin.npt@gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း